မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**တပ်မက်မှုကို စွန့်လွှတ်**

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာ ဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)**

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက် ၂၀၁၈ ခုနှစ်၊ မေ ၁၂ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၇)၊ အမှတ်(၁၉၄)

# တရားခွင်များတွင် တရားသူကြီးများ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျဆောင်ရွက်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ်တရားသူကြီးများအား တွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် တရားလွှတ်တော်ချုပ် တရားသူကြီးများအား တွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် တရားလွှတ်တော်ချုပ် တရားသူကြီးများအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေးအတွက် မည်သို့ကြပ်မတ်သွားမည်ကို စဉ်းစားဆောင်ရွက်သွားစေလိုပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များအထိ အဆင့်ဆင့်တာဝန်ယူမှု တာဝန်ခံမှု စနစ်များဖြင့် ဆင့်ကဲဆင့်ကဲ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာကို ဆုံးရှုံးစေသည့် သက်သေခံ ပစ္စည်းပျက်စီးမှုများကို ပြုပြင်ကြပ်မတ်ပေးရမည်ဖြစ်ပါကြောင်း၊ တရားခွင်များတွင် တရားသူကြီးများအနေဖြင့် ဥပဒေများ၊ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျ မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဆင်ခြင်တုံတရားနှင့်ယှဉ်၍ ဆုံးဖြတ်ကြရမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကင်းရှင်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဖြစ်ကာ တိုင်းပြည်၏ စီးပွားရေးမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

တရားရေးဆိုင်ရာ ဝန်ထမ်းများ၏ ရွှေ့ပြောင်းခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များတွင် အမှန်တကယ်အရည်အချင်းရှိသူများနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**“ပြည်ထောင်စုတရားသူကြီးချုပ်အနေဖြင့် တစ်နိုင်ငံလုံး၏ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်မှ တာဝန်ရှိသူများအား ထပ်မံချပြရှင်းလင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်”**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၊ ကော်မရှင်လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ မျက်နှာကြီးငယ်မလိုက် ပြတ်ပြတ်သားသားဆောင်ရွက်ရန် မှာကြား**

စာ » ၃

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအဖြစ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။



# မြန်မာ့အလင်း

## ငြိမ်းချမ်းရေးစကားဝိုင်း

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့က ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ဒေသခံပြည်သူများနှင့် စကားဝိုင်းဖွဲ့ပြောဆိုခဲ့ပါသည်။ ဤစကားဝိုင်းကို ငြိမ်းချမ်းရေးစကားဝိုင်း (**Peace Talk**) ဟု ခေါင်းစဉ်တပ်ထားသည်မှာ နိုင်ငံတော်၏ အမျိုးသားရေးလိုအပ်ချက်ကို ထင်ဟပ်လိုက်ခြင်း ဖြစ်ပါသည်။

မြောင်းမြမြို့နယ်သည် နိုင်ငံတော်၌ ငြိမ်းချမ်းရေးရပြီး မြို့နယ်တစ်ခု ဖြစ်ပါသည်။ ငြိမ်းချမ်းရေးရပြီးသော မြို့နယ်တစ်ခု၌ ငြိမ်းချမ်းရေး စကားဝိုင်းကျင်းပရခြင်းသည် ငြိမ်းချမ်းရေး၏ တန်ဖိုးကို မေ့မေ့လျော့လျော့ မဖြစ်စေရန် ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်၏တစ်နေရာ၌ ငြိမ်းချမ်းမှုမရှိပါက တစ်တိုင်းပြည်လုံးအတွက် ဆိုးကျိုးသက်ရောက်မှုရှိသည်ကို ထောက်ပြခဲ့ပါသည်။ မြောင်းမြမြို့နယ် အပါအဝင် တစ်နိုင်ငံလုံးရှိ ငြိမ်းချမ်းရေးရပြီး မြို့နယ်များအနေဖြင့် ဤအချက်ကို အလေးအနက်ထား နှလုံးသွင်းရမည်ဖြစ်ပါသည်။ ပို၍ လေးလေးနက်နက်တင်ပြရပါက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ထောက်ပြသကဲ့သို့ တိုင်းပြည်၌ အဘယ်ကြောင့် ငြိမ်းချမ်းရေးမရသေးသည်ကို နိုင်ငံသူ နိုင်ငံသားတိုင်းက အလေးအနက်ဆင်ခြင်သုံးသပ်ကြရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ငြိမ်းချမ်းရေးကိုသာ မဖန်တီးနိုင်ပါက ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို မတည်ဆောက်နိုင်သောကြောင့် ဖြစ်ပါသည်။ ဤသဘောတရားကို ရည်ညွှန်းလျက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ ဒါပေမယ့် ကျွန်မတို့အားလုံး ဝိုင်းစဉ်းစားပြီး စုပေါင်းအင်အားနဲ့လုပ်မှ အောင်မြင်မယ်လို့ ယုံကြည်တယ်၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မငြိမ်းချမ်းလို့ မရဘူး၊ တစ်ခဏတော့ရမယ်၊ ဒါပေမယ့် ဒီနိုင်ငံမှာ ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဆက်လက်ပြီးတော့အောင်မြင်နိုင်မှာ မဟုတ်ဘူး၊ တည်တံ့ခိုင်မြဲနိုင်မှာမဟုတ်ဘူး၊ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲနဲ့လည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားလို့မရဘူး” ဟု မိန့်ကြားခဲ့ပါသည်။

တိုင်းပြည်၏ စီးပွားရေးဆုတ်ယုတ်ကျဆင်း၍ ပြည်သူလူထုဆင်းရဲဒုက္ခရောက်ပါက ငြိမ်းချမ်းရေးပျက်ပြားတတ်သကဲ့သို့ ကိုယ့်မြို့ ကိုယ့်ဒေသ၏ အကျိုးစီးပွားကိုသာကွက်၍ အမြင်ကျဉ်းကျဉ်း ဆောင်ရွက်ပါကလည်း ငြိမ်းချမ်းရေးပျက်ပြားတတ်သည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။ နည်းပညာကြောင့် ကမ္ဘာ့ရွာဟုတင်စားရသည်အထိ ကမ္ဘာ့ပြည်သူများကြား ထိတွေ့ဆက်စပ်မှု မြန်ဆန်လှသော ပစ္စုပ္ပန်ကာလ၌ အမုန်းစကားတို့၏ အန္တရာယ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ခြင်းအပေါ် ပြည်သူတိုင်းက အလေးအနက်ထား ဆင်ခြင်ကြရမည်ဖြစ်ပါသည်။ ပြည်သူတို့သည် အမုန်းစကားတို့၏ အန္တရာယ်ကို သတိပြုရမည်ဖြစ်သော်လည်း ကမ္ဘာနှင့်တစ်ဝန်း စက္ကန့်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်နေသော နည်းပညာတိုးတက်ပြောင်းလဲမှုတို့ အပါအဝင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသော အခြေအနေအရပ်ရပ်ကို သိမြင် သဘောပေါက်စေရန် အမြဲမျက်စိဖွင့်၊ နားစွင့်နေကြရမည်ဖြစ်ပါသည်။ ဤသို့မျက်စိဖွင့်၊ နားစွင့်နိုင်ရန် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ရမည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်အပေါ် လူငယ်မျိုးဆက်သစ်တစ်ရပ်လုံးက နှလုံးသွင်းကြိုးပမ်းကြရမည်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာနှင့် လယ်ယာစိုက်ပျိုးရေးတို့သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၏ အင်္ဂါရပ်များ သဖွယ် ဖြစ်နေသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။ ဤအချက်မှာလည်း လူငယ်မျိုးဆက်သစ်တို့ နှလုံးသွင်းဆင်ခြင်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ထောက်ပြ ပြောဆိုခဲ့သည့် နောက်လိုက်ကောင်းမှ ခေါင်းဆောင်ကောင်းဖြစ်မည် ဟူသော သဘောသည်လည်းကောင်း၊ ပြည်သူတိုင်းက ဆောင်သင့်ဆောင်ထိုက်သော အခွန်တို့ထမ်းဆောင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဟူသော သဘောသည်လည်းကောင်း ပစ္စုပ္ပန်ကာလ၏ အမျိုးသားရေး လိုအပ်ချက်များဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း၌ မိန့်ကြားခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ပြချက်တို့ကို ပြည်သူတို့က နှလုံးသွင်းလိုက်နာခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် တစ်တပ်တစ်အား ပါဝင်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ နှိုးဆော် တင်ပြအပ်ပါသည်။ ။

## မြို့နယ်တရားရုံးများတွင် သင်္ကြန်ကာလအတွင်း အထူးတရားရုံးများ ဖွင့်လှစ်ဆောင်ရွက်မည်

**နေပြည်တော် ဧပြီ ၁၁**

၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ ဖြစ်ပွားသော သင်္ကြန်မှုခင်းများနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံး ၃၄ ရုံးတွင် အထူးတရားရုံးများ ဖွင့်လှစ်၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ပြည်သူအများ စိတ်အေးချမ်းသာစွာ ရိုးရာမပျက် ပါဝင်ဆင်နွှဲနိုင်ရန်အတွက် မူးယစ်သောက်စား ရမ်းကားမှု စသည့်နေ့ချင်းပြီးပြတ်နိုင်သော ရာဇဝတ်မှုခင်းများအား နေ့ချင်းပြီး စစ်ဆေးစီရင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သင်္ကြန်ကာလ ဆေးရုံကြီးများတွင် ထိခိုက်ဒဏ်ရာရလူနာများအား ကုသနိုင်ရေးစည်းဝေး

**နေပြည်တော် ဧပြီ ၁၁**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ ၌ ယနေ့မွန်းလွဲ ၁ နာရီက မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ဆေးရုံကြီးများတွင် ထိခိုက်ဒဏ်ရာရ လူနာများအား ပြုစုကုသနိုင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အစည်းအဝေးကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး၊ ခုတင် ၁၀၀၀ မှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။




အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိ လူနာများအား အရေးပေါ် ပြုစုကုသပေးရေး၊ လိုအပ်သော ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး၊ အရေးပေါ်လူနာများ ပို့ဆောင်ရာတွင် လူနာတင်ယာဉ်များ အသင့်ရှိစေရေးနှင့် တာဝန်ကျဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်များအနေဖြင့် စိတ်ချမ်းမြေ့စွာ တာဝန်ထမ်းဆောင်နိုင်စေရန် လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး ကိစ္စရပ်များအား မှာကြားသည်။ ယင်းနောက် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများက လိုအပ်ချက်များ တင်ပြရာ အမြဲတမ်းအတွင်းဝန်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗန်းမောက်မြို့နယ်မှ သျှမ်းနီတိုင်းရင်းသားရိုးရာအဖွဲ့ကပြဖျော်ဖြေမည်

**အင်းတော် ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် သျှမ်းနီစာပေနှင့် ယဉ်ကျေးမှု ကော်မတီမှ လူငယ် ၂၄ ဦး ပါဝင်သော သျှမ်းနီတိုင်းရင်းသား ရိုးရာအကအဖွဲ့သည် မုံရွာမြို့ ချင်းတွင်းသင်္ကြန်တွင် သျှမ်းနီ တိုင်းရင်းသားရိုးရာအကဖြင့် ကပြဖျော်ဖြေရန် ဗန်းမောက်မြို့မှ ဧပြီ ၈ ရက်တွင် မော်တော်ယာဉ်ဖြင့် မုံရွာမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မုံရွာမြို့ချင်းတွင်းမြစ်ကမ်းစပ်တစ်လျှောက် ဇက်ဆိပ်အနီးရှိ သဲသောင်ပြင်ပေါ်တွင် မုံရွာမြို့ချင်းတွင်း သင်္ကြန်ပွဲတော်ကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ခုနစ်ရက်ကြာမြင့်မည့် အဆိုပါသင်္ကြန်ပွဲတော်တွင် တိုင်းရင်းသားရိုးရာကပြဖျော်ဖြေမှုများ၊ ပြည်တွင်းမှ နာမည်ကျော်တေးသံရှင်များနှင့် သင်္ကြန်ယိမ်းအကများ စသည့်ဖျော်ဖြေတင်ဆက်မှုများကို ဗဟိုမဏ္ဍပ်တွင် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

## မော်လမြိုင်မြို့တွင် သင်္ကြန်ကာလအတွင်း ရထားနှစ်စင်းသာပြေးဆွဲမည်

**မော်လမြိုင် ဧပြီ ၁၁**

မော်လမြိုင်မြို့တွင် ရထားခရီးစဉ်များ နေ့စဉ်ပုံမှန်ပြေးဆွဲခဲ့သော်လည်း သင်္ကြန်ကာလအတွင်း ရထားခရီးစဉ် နှစ်စင်းသာ ပြေးဆွဲမည်ဖြစ်ကြောင်း မော်လမြိုင်မြို့ ဘူတာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သင်္ကြန်ကာလ ဧပြီ ၁၄ ရက်မှ ၁၆ ရက်အတွင်း ပြေးဆွဲမည့် ရထားခရီးစဉ် နှစ်စင်းမှာ ရန်ကုန်မှ မော်လမြိုင်သို့ အမှတ် ၈၉၊ အမှတ် ၉၀ အစုန်၊ အဆန် ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်-မော်လမြိုင်-ထားဝယ် ရထားအမှတ် ၁၇၅၊ အမှတ် ၁၇၆ အစုန်၊ အဆန် ပြေးဆွဲမည်ဟု သိရသည်။ ပဲခူးလော်ကယ်နှင့် မော်လမြိုင်မှ ရေး ရထားများ နေ့စဉ်ပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း မော်လမြိုင်မှ ရန်ကုန် အမှတ် ၃၆ အစုန်နှင့် ရန်ကုန်မှ မော်လမြိုင် အမှတ် ၃၅ အဆန်ရထား တစ်စီးကို သင်္ကြန်ကာလ ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ ရပ်နားမည်ဖြစ်ကြောင်း သိရသည်။ **မုဒုံမောင်မောင်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၁-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၀/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၈ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၁ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၄ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၀ ·၀ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၄ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၃ ·၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ ကော်မရှင်လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မျက်နှာကြီးငယ်မလိုက် ပြတ်ပြတ်သားသားဆောင်ရွက်ရန် မှာကြား

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**မှန်မှန်ကန်ကန်ပိုမိုလုပ်ဆောင်**

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးအဖြစ် တည်ဆောက်ရာတွင် အဂတိတရားကင်းရှင်းမှုသည် မရှိမဖြစ် လိုအပ်ပါကြောင်း၊ အဂတိတရား ကင်းရှင်းမှုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့်လည်း ဆက်စပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် လုပ်ငန်းတာဝန်များကို တိတိကျကျ မှန်မှန်ကန်ကန်ဖြင့် ပိုမိုလုပ်ဆောင်စေလိုပါကြောင်း၊ အဂတိလိုက်စားမှုများ လျော့ပါးသွားပါက ပြည်သူများ၏ အကျိုးစီးပွားကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ သတင်းစဉ်

ကော်မရှင်အနေဖြင့် မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လုပ်ပိုင်ခွင့်နှင့် အာဏာအရှိန်အဝါရှိသူများ၏ ဝင်ရောက်စွက်ဖက်မှုများ၊ စွပ်စွဲခံရသူဘက်မှ အကာအကွယ်ပေးမှုများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြစေလိုပါကြောင်း၊ ကော်မရှင်အား ဖွဲ့စည်းရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကော်မရှင်အဖွဲ့ခွဲများ ထားရှိခြင်း သို့မဟုတ် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဖွဲ့စည်းခြင်း သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ် သတ်မှတ်ထားရှိခြင်း စသည်ဖြင့် ဖြစ်နိုင်ခြေရှိသည့် အနေအထားကို သုံးသပ်၍ တိုးချဲ့ဆောင်ရွက်သွားစေလိုပါကြောင်း။

**ပြတ်ပြတ်သားသားဆောင်ရွက်**

ကော်မရှင်အနေဖြင့် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မျက်နှာကြီးငယ်မလိုက်၊ ဆူကြုံနိမ့်မြင့် မရွေး ပြတ်ပြတ်သားသား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်၏ လက်ရှိ ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အတူ အတွင်းရေးမှူး ဦးစန်းဝင်း၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးစိုးတင့်၊ ဦးအောင်လွင်၊ ဦးဟန်ညွန့်၊ ဦးအောင်သန်းမြင့်၊ ဦးခင်မောင်မြင့်၊ ဦးမျိုးမြင့်၊ ဒေါ်အေးအေးမူ၊ ဦးဇော်ဝင်းနှင့် ဒေါ်လဲ့လဲ့သွင်တို့လည်း တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားလွှတ်တော်ချုပ် တရားသူကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

◆ ရှေ့ဖုံးမှ

တရားရေးမဏ္ဍိုင်ကို မှန်ကန်စွာ အထောက်အပံ့ပြု တည့်မတ်ပေးနိုင်မည့် သူများကိုသာ ဦးစားပေး ခန့်အပ်တာဝန်ပေးကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု တရားသူကြီးချုပ်အနေဖြင့် တစ်နိုင်ငံလုံး၏ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်မှ တာဝန်ရှိသူများအား ထပ်မံချပြရှင်းလင်း ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ၊ တရားဥပဒေစိုးမိုးရေး စင်တာများ၏ ထောက်ပံ့ကူညီမှုများဖြင့် တရားစီရင်ရေးမဏ္ဍိုင် ခိုင်မာအားကောင်းစေရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်သေခံပစ္စည်း စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားရုံးများ ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ ရုံးထိုင်ကြားနာပေးခဲ့သည့် အမှုအမျိုးအစားအလိုက် အရေအတွက်များ၊ ဝန်ထမ်းဖွဲ့စည်းပုံပြင်ဆင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စု တရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသည့် ဦးသာဌေး၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင်နှင့် ဦးခင်မောင်ကြည်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကန်ပက်လက် မေ ၁၁**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ မေ ၈ ရက်က ကန်ပက်လက်မြို့နယ် မဆာတွီကျေးရွာနှင့် ကျင်ဒွေးကျေးရွာတို့၌ ပြုလုပ်သည့် တွေ့ဆုံပွဲများသို့ တက်ရောက် အမှာစကားပြောကြားသည်။

ပထမဦးစွာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မဆာတွီကျေးရွာ လူထုတွေ့ဆုံပွဲ၌ ဒေသခံများ တင်ပြသည့် အထက်တန်းကျောင်း (ခွဲ)မှအထက်တန်းကျောင်းအဆင့် တိုးမြှင့်ရေး၊ ကျောင်းအဆောက်အအုံ ဆောက်လုပ်ရေးနှင့် မဆာတွီအုပ်စုအဖြစ် သတ်မှတ်နိုင်ရေးတို့အပေါ် လိုအပ်သလို မှာကြားဖြည့်ဆည်းပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျင်ဒွေးကျေးရွာ လူထုတွေ့ဆုံပွဲ၌ တင်ပြသည့် မြို့ရုံးအဖြစ် တိုးချဲ့ ဖွဲ့စည်းရေး၊ ကျင်ဒွေးရွာမှ မတူပီ၊ ပလက်ဝနှင့် စေတုတ္တရာမြို့နယ်များသို့ လမ်းဖောက်လုပ်ရေး၊ ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ရေးတို့အပေါ် အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

**ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

**ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့၊ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။**

**ဆားဘီးယားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဆားဘီးယားသမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ အလက်ဇန္ဒြားဗူစစ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

သဝဏ်လွှာတွင် အဆွေတော်အနေဖြင့် တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အောင်မြင်မှုအပေါင်း သရဖူဆောင်းနိုင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ဆတက်ထမ်းပိုး တိုးတက်ပါစေကြောင်း ဆန္ဒမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

တစ်ဖက်သတ်ကြေညာခဲ့သည့် ကိုဆိုဗိုလွတ်လပ်ရေးကြေညာချက်အား အသိအမှတ်မပြုသည့် ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ အရေးပါသည့် အခန်းကဏ္ဍအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆားဘီးယားနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် ကြိုးစားဆောင်ရွက်မှုတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ နှစ်နိုင်ငံဘိုးဘေးများ ပါဝင်ဖွဲ့စည်းထားသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ကူညီမည်ဟု ယုံကြည်ပါကြောင်း ဆက်လက်ဖော်ပြထားသည်။

**ဟန်ဂေရီသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဟန်ဂေရီ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ယာနော့စ်အာဒါက မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

သဝဏ်လွှာတွင် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် သတ်မှတ်ကဏ္ဍများတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အထောက်အပံ့ဖြစ်စေပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် ဟန်ဂေရီနှစ်နိုင်ငံနှင့် လူမျိုးများကြား တိုးတက်မှုများဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြပါရှိသည်။

**အမေရိကန်ပြည်ထောင်စု**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဒေါ်နယ်ထရမ့်ကလည်း အမေရိကန်ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ပါကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် အမေရိကန်နှင့် မြန်မာနိုင်ငံတို့သည် မိတ်ဖက်နိုင်ငံများဖြစ်သည်နှင့်အညီ အမေရိကန်ပြည်ထောင်စုအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးအပေါ် အလေးထားပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပါအဝင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသောနိုင်ငံတစ်နိုင်ငံ တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ လူ့အခွင့်အရေးအပေါ် အလေးထားမှုများ၊ အမျိုးသားရင်ကြားစေ့ရေးနှင့် မြန်မာပြည်သူများတိုးတက်မှုများအတွက် ဆက်လက်ကူညီမှုများ ပြုလုပ်ပေးရန် အဆင်သင့်ရှိပါကြောင်း၊ အမေရိကန်ပြည်သူများနှင့်အတူ မိမိအနေဖြင့် အဆွေတော်တာဝန်ထမ်းဆောင်မှုနှင့်အတူ မြန်မာပြည်သူများပျော်ရွှင် အေးချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

**ဆွစ်ဇာလန်နိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား မကြာသေးမီက ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဆွစ်ဇာလန်နိုင်ငံ သမ္မတ မစ္စတာ အလိန်းဘဲဆက်ကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

သဝဏ်လွှာတွင် အဆွေတော်၏ လုပ်ငန်းတာဝန်များတွင် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ကြောင်း ဖော်ပြပါရှိသည်။

မကြာသေးမီက နှစ်နိုင်ငံကြား နှစ်ပေါင်း ၆၀ ကြာ သံတမန်ဆက်ဆံရေး နှစ်ပတ်လည်နေ့ ပြည့်မြောက်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုအပေါ် တန်ဖိုးထားပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဆွစ်ဇာလန်နှစ်နိုင်ငံကြား ဒေသတွင်းနှင့် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ၊ အထူးသဖြင့် ဆွစ်ဇာလန်-အာဆီယံဆွေးနွေးညှိနှိုင်းမှုအပါအဝင် ကဏ္ဍစုံ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြီး အဓွန့်ရှည်တိုးတက်အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကောင်အထည်ဖော်ဆောင်မှုများ၊ အေးချမ်းတည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့တွင် ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ဆက်လက်ပြီး ကူညီမှုများ လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မြန်မာပြည်သူများ တိုးတက်ပါစေကြောင်း ဆန္ဒမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

**ဥဇဘတ်ကစ္စတန်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဥဇဘတ်ကစ္စတန် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှဖ်ကတ်မီတဲလ်ရက်ဖ်ကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် နိုင်ငံတော်၏အမြင့်ဆုံးတာဝန်ကို ထမ်းဆောင်နေသည့် အဆွေတော်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးတက်ဖြစ်ထွန်းပါစေကြောင်း ဖော်ပြပါရှိပါသည်။ ထို့အတူ အပြုသဘောဆောင်နိုင်ငံရေးဆွေးနွေးမှုများ၊ ကာလရှည်ကြာ ကုန်သွယ်မှုများနှင့် စီးပွားရေးဆိုင်ရာဆက်ဆံမှုများ၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဖလှယ်မှုများမှတစ်ဆင့် နှစ်နိုင်ငံကြား ပြည်သူများအကျိုး ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်အနေဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး အောင်မြင်မှုအပေါင်းသရဖူဆောင်းနိုင်ပါစေကြောင်းနှင့် မြန်မာပြည်သူများကို တိုးတက်မှုနှင့် ပြည့်စုံကြွယ်ဝမှုတွေ ဆောင်ကြဉ်းပေးလာနိုင်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၁၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Vikram Misri အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ- အိန္ဒိယနှစ်နိုင်ငံ သမိုင်းအစဉ်အဆက်အရ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အတွေ့အကြုံဖလှယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု စုပေါင်းရဟန်းခံ ရှင်ပြုအလှူတော် အောင်ပွဲမင်္ဂလာကျင်းပ

**နေပြည်တော် ဧပြီ ၁၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ဆဋ္ဌမအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော် အောင်ပွဲမင်္ဂလာကုသိုလ်တော် အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသော ဧည့်ပရိသတ်များသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမရှေ့ဥပစာ၌ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိဇိတာရုံဆရာတော်ကြီး အမှူးပြုသော ဆရာတော် သံဃာတော် ၁၈ ပါးနှင့် ဒုလ္လဘရဟန်း ၂၅၆ ပါးတို့အား သိမ်ဆင်းအလှူတော်အဖြစ် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ရှင်သာမဏေ ၅၂ ပါးတို့ကိုလည်း လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ယင်းနောက်ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်)၊ ရေဆင်းကန်ဦးကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံမှ မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ မဟာဝိဇိတာရုံကျောင်းတိုက်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်တို့က ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ မဟာဝိဇိတာရုံကျောင်းတိုက်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။** သတင်းစဉ်

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ၂၀၁၈ ခုနှစ် ချင်းပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၁**

၂၀၁၈ ခုနှစ် ချင်းပြည်နယ် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၈ နာရီက ဖလမ်းမြို့ အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်း ရှုလွယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်တရားသူကြီးချုပ်၊ ချင်းပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ စေတနာဖြင့် လုပ်အားပေး ဆောင်ရွက်ကြမည့် တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပညာရေးမိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖလမ်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူလေးများက "လူတိုင်းအတွက် ပညာရေး"သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်းကာ ကျောင်းမနေခဲ့ဖူးသူများနှင့် ကျောင်းနေအရွယ်လွန် သက်လတ်ပိုင်း၊ သက်ကြီးပိုင်း အရွယ်များအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ကယားပြည်နယ်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် အခြေခံစာတတ်မြောက် ရေးလုပ်ငန်း၊ ၂၀၁၇ ခုနှစ် ဇွန်လတွင် ရခိုင်ပြည်နယ် မြောက်ဦး၊ ကျောက်ဖြူနှင့် သံတွဲခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်နှင့် မိုင်းဖြတ်ခရိုင်တို့တွင် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆောင်ရွက်ပြီးခဲ့သည့် ကရင်ပြည်နယ်ရှိ သံတောင်မြို့နယ်နှင့် ရှမ်းအရှေ့ရှိ ကျိုင်းတုံမြို့နယ်များတွင် လူငယ်စာသင်သား၊ သက်ကြီးစာသင်သားများသာမက ကိုယ်လက်အင်္ဂါမသန်စွမ်းသူ စာသင်သားများပါ တက်ရောက်သင်ယူလာကြသည်ကို တွေ့မြင်ရပါကြောင်း။



ယခုနှစ် ဧပြီလတွင် စာတတ်မြောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းအနေဖြင့် ကချင်ပြည်နယ်တွင် မြစ်ကြီးနားမြို့နယ်၊ ချင်းပြည်နယ်တွင် ဖလမ်းမြို့နယ်နှင့် မင်းတပ်မြို့နယ်၊ မွန်ပြည်နယ်တွင် ပေါင်မြို့နယ်နှင့် သထုံမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပုလဲမြို့နယ်နှင့် မုံရွာမြို့နယ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်များတွင် ဧပြီ ၉ ရက်ကစတင်ပြီး မေ ၁၈ ရက်အထိ ရက်ပေါင်း ၄၀ ကြာ သင်ကြားသင်ယူ ဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း။

စာတတ်မြောက်မှုနှုန်း မြင့်မားရေးအတွက် ဆောင်ရွက်သော အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း သက်ဆိုင်ရာလုပ်ငန်း ကြီးကြပ်မှုကော်မတီများအလိုက် ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးကြရန်နှင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ပညာဒါနပြုကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့လုပ်အားပေးသည့် ရက်ပေါင်း ၄၀ အတွင်း စာသင်သားများအား အခြေခံ အရေး၊ အဖတ်၊ အတွက် ကျွမ်းကျင်အောင် စေတနာထား သင်ကြားပေးကြရန် စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကား ပြောကြားသည်။

ထို့နောက် ဖလမ်းမြို့နယ် အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လိုင်ရမ်းဆဲနိုး" တေးသရုပ်ဖော်အကဖြင့် ဂုဏ်ပြုကပြဖျော်ဖြေကြသည်။

ယင်းနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အခြေခံစာတတ်မြောက်ရေးအထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဧပြီ ၉ ရက်ကလည်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဖလမ်းမြို့နယ် စီဇာမွာလ်စာသင်ဝိုင်း၊ တလန်လိုရပ်ကွက်ရှိ အထက(ခွဲ) ဖလမ်းစာသင်ဝိုင်းနှင့် ဖလမ်းမြို့နယ် အမှတ် ၄ အခြေခံပညာမူလတန်းကျောင်းရှိ စာသင်ဝိုင်းများသို့ သွားရောက်၍ အခြေခံစာတတ်မြောက်ရေးသင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် UNOPS အဖွဲ့၊ Save the Children အဖွဲ့တို့ Global Fund ရန်ပုံငွေအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ

**နေပြည်တော် ဧပြီ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် GFATM ၏ Principal Recipients များဖြစ်သော UNOPS နှင့် Save the Children အဖွဲ့တို့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲနှင့် (၁၂)ကြိမ်မြောက် Myanmar Health Sector Coordinating Committee (M-HSCC) အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် Horizon Lake View Hotel နေပြည်တော်၌ ကျင်းပခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် Global Fund ၏ Principal Recipient အဖြစ် ဆောင်ရွက်ကြမည့် Save the Children/USA အဖွဲ့၊ UNOPS အဖွဲ့တို့နှင့် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ Memorandum of Understanding (MoU)ကို လက်မှတ်ရေးထိုးရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကိုယ်စား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ Save the Children အဖွဲ့ကိုယ်စား Country Director, Mr. Michael Mc Grath၊ UNOPS အဖွဲ့ကိုယ်စား Regional Director, Mr. Sanjay Mathur တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ UNOPS Asia Region, Regional Director, Mr. Sanjay Mathur နှင့် Save the Children Country Director, Mr. Michael Mc Grath တို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။

Global Fund မှ မြန်မာနိုင်ငံတွင် AIDS၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် (၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ )အတွက် UNOPS မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၄၇ ဒသမ ၈၉ သန်းနှင့် Save the Children အဖွဲ့မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၈၅သန်း ထောက်ပံ့သွားမည်ဖြစ်သည်၊

ဒုတိယပိုင်းအစီအစဉ်အဖြစ် (၁၂)ကြိမ်မြောက် Myanmar Health Sector Coordinating Committee M-HSCC အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဦးစားပေးအစီအစဉ်များ၊ မဟာဗျူဟာနှင့် ကျွမ်းကျင်မှုပိုင်း ပညာရပ်ဆိုင်ရာကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် Global Fund Office of Inspector General (OIG) ၏ တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များ၊ HIV-TB အထောက်အပံ့နှင့် ဒေသဆိုင်ရာ ငှက်ဖျားတိုက်ဖျက်ရေး အထောက်အပံ့အစီအစဉ် (၂၀၁၈) ခုနှစ် ဆောင်ရွက်နေမှုကို UNOPS မှ တာဝန်ရှိသူများက လည်းကောင်း၊ မဟာမဲခေါင်ဒေသမြစ်ဝှမ်းဒေသရှိ ရွှေ့ပြောင်းနေထိုင် လုပ်ကိုင်သူများအကြား တီဘီရောဂါတိုက်ဖျက်ရေး အဆိုပြုလွှာနှင့်ပတ်သက်၍ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာစည်သူအောင်က လည်းကောင်း၊ M-HSCC ဗဟိုလုပ်ငန်းအဖွဲ့နှင့် TSG အဖွဲ့တို့ ဆောင်ရွက်မှုအခြေအနေကို ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာ သန္တာလွင်က လည်းကောင်း၊ 3MDG အဖွဲ့မှ Mr.Orenn Ginzbur က 3MDG အဖွဲ့မှ ဆက်လက်ထောက်ပံ့မည့် ရန်ပုံငွေအစီအစဉ်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သင်္ကြားမင်းကြီး စုံရိမ်နေသည်



အန်ကယ်ပညာ

ဩော်....လူ့ပြည်မှာ သင်္ကြန်ကျပြန်တော့မှာပါပကော။ တစ်နှစ်ကုန်လို့ တစ်နှစ်ကိုကူးပြန်တော့မယ်။ တစ်နှစ်ဆိုတဲ့ ကာလကလည်း မနေ့တစ်နေ့ကလိုပါပဲလား။ နတ်ပြည်တစ်ရက် လူ့ရက်တစ်ရာဆိုတာနဲ့နှိုင်းကြည့်ပြန်တော့လည်း ဒီလိုထင်တာ မမှားပြန်ဘူးပေါ့။ တစ်ရက်ခြား လူ့ပြည်ဆင်းနေရတဲ့ သဘောပါပဲလေ။

အင်း...တစ်ရက်ခြား လူ့ပြည်ရောက်ဖြစ်တယ်ဆိုပေမယ့် မြင်ရတွေ့ရတာတွေက အပြောင်းအလဲတော့ အများသား။ ဒါကလည်း ခေတ်ရေစီးကြောင်းမို့ မပြောသာလှပေမယ့် ရိုးရာအစဉ်အလာမပျက်လက်ဆင့်ကမ်းနိုင်ကြတာကိုပဲ ကျေးဇူးကြီးလှပါပေတယ်။ သင်္ကြန်...သင်္ကြန်နဲ့ ကလေးကစ လူကြီးတွေ အဆုံးပြောဆိုနေကြပေမယ့် သင်္ကြန်ဆိုတာဘာတုံးလို့ မေးကြည့်လိုက်ရင် အမေးခံရတဲ့သူရဲ့မျက်နှာမှာ အိုးတိုးအမ်းတမ်းပုံ ပေါက်သွားဦးမှာ။

**ရေပက်ဖျန်းသည့်နှစ်သစ်ကူးပွဲတော်**

သင်္ကြန်ဆိုတာကို လူတိုင်းနားလည်အောင်ပြောရမယ်ဆိုရင် "နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့်ကာလ၊ ရေပက်ဖျန်းသည့်နှစ်သစ်ကူးပွဲတော်"လို့ ပြောရမှာပဲ။ အဲဒီကာလ အဲဒီပွဲတော်မှာ ဘာတွေလုပ်ကြတာလဲဆိုတာကတော့ အရွယ်ရောက်ပြီးသူတိုင်း ပြောနိုင်ကြမယ်ထင်ပါတယ်။ ရေလောင်းကြတယ် ရေပက်ကြတယ်ပေါ့။

ရေလောင်းကြ ရေပက်ကြတာနဲ့တွဲပြီး အဆို၊ အက၊ အရေး၊ အတီးတွေ ပါလာကြပြန်ရော။ ဆိုကြ ကကြရာမှာလည်း အလှအပအတွက် ခြယ်သတာတွေ၊ ဝတ်စားတာတွေက ပါလာကြရပြန်တယ်။ အဲဒီလောင်းကြပက်ကြ ဆိုကြကကြတာတွေမှာ စေတနာကောင်းတွေ ဦးဆောင်နေတာကို တွေ့မိပါရဲ့။ နှစ်ဟောင်းကအညစ်အကြေးတွေ ဆေးကြောကြတယ်ပဲပြောပြော နှစ်သစ်ကို သန့်ရှင်းစင်ကြယ်စွာ ကူးပြောင်းစေချင်လို့ပဲဆိုဆို ရေလောင်း ရေပက်ခိုက်မှာတော့ တစ်ဖက်သားကို အေးမြပါစေ ပျော်ပါစေဆိုတဲ့ စေတနာက ကြီးစိုးနေမှာပါ။ ရေပေါရင်ပေါသလောက် လောင်းကြ ပက်ကြတာပါပဲ။ လောင်းခံပက်ခံကြတဲ့သူတွေကလည်း များများလောင်းလေ ကြိုက်လေ ပျော်ကြ အော်ကြလေပါပဲ။ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နဲ့ ပတ်သက်ပြီး မြန်မာတွေမှာ ယုံကြည်မှုတွေရှိကြတယ်ဆိုပေမယ့် သင်္ကြန်ရေကိုတော့ လူမျိုးဘာသာမရွေး အစိုခံချင်ကြတာ တွေ့ရပါတယ်။ ဂုဏ်ယူစရာ မြန်မာ့နှစ်ကူးပွဲတော်ပါ။

လှဖို့ပဖို့ ခြယ်သကြရာမှာ ပထမဦးဆုံး ကိုယ့်အလှကိုယ် ဝံ့ကြွားအောင် လုပ်ကြမယ်။ အဲဒီအလှအပကိုပဲ မြင်သူတွေ ခံစားနိုင်အောင် မျှဝေပေးချင်တဲ့ စိတ်ကောင်းကလေးတွေ ဦးဆောင်နေပါတယ်။ သင်္ကြန်အချိန်အခါမှာတော့ အဲဒီအလှအပတွေကို အတာသင်္ကြန်ပွဲကိုဆင်နွှဲဖို့ ရောက်လာကြတဲ့ သူသူငါငါ ခံစားကြပေမပေါ့။ အဲဒီလို ရှုစားခံစားကြရင်းနဲ့ လူငယ်တို့သဘာဝ သင်္ကြန်ဇာတ်လမ်းလေးတွေလည်း ရှိကြပေမပေါ့။ လူလတ်လူကြီးတွေကတော့ ဒါတွေဟာ သင်္ကြန်ရဲ့ ပုံရိပ်တွေမို့ သင်္ကြန်နဲ့အတူ ကွယ်ပျောက်သွားကြမဲ့ဆိုတဲ့ ရင့်ကျက်တဲ့အတွေးအခေါ်တွေနဲ့ ခွင့်လွှတ်ပေးနိုင်ကြပြန်ပါတယ်။

အတာသင်္ကြန်ပွဲအတွက် ရေးခဲ့ စပ်ခဲ့ကြတဲ့ တေးသီချင်းတွေကလည်း မနည်းလှပါဘူး။ တည်တည်ခံ့ခံ့ ရေးစပ်တာလည်း ရှိတယ်။ လွမ်းလွမ်းဆွေးဆွေး ရေးထားတဲ့သီချင်းလည်း ပါတယ်။ မြူးမြူးကြွကြွ ကခုန်နိုင်တာလည်းရှိတယ်။ ဘယ်လိုပဲ ရေးရေး အတီးအဖွဲ့ရဲ့ တူးပို့တူးပို့ တီးလုံးသံစဉ်တွေနဲ့အတူ ယိမ်းအဖွဲ့ရဲ့ ညီညာတဲ့ ခေါင်းခါးခြေလက် ကကွက်တွေကတော့ မြိုင်နေကြတာချည်းပါပဲ။ အဲဒီ တူးပို့သံမြိုင်တဲ့ သင်္ကြန်သီချင်းတွေနဲ့ ကကြခုန်ကြတဲ့ ယိမ်းအဖွဲ့တွေရဲ့ဝတ်ပုံစားပုံကလည်း မြန်မာဆန်စွာ တွေ့မြင်နေရဆဲဖြစ်ပါတယ်။

**သင်္ကြန်မှာ သင်္ကြန်ရေနဲ့ ဆေးရမယ်**

မြန်မာ့ရိုးရာအတာရေသဘင်ပွဲမှာ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ သာကူကျိုတို့လို ရေပေါ်မုန့်တွေကို အလှူပေးတာတွေလည်း ရှိပါသေးတယ်။ သင်္ကြန်မှာ သင်္ကြန်ရေနဲ့ ဆေးရမယ်၊ ရေမှာပေါ်တဲ့ သင်္ကြန်မုန့်ကိုစားရမယ်။ ဒါမှ နှစ်ဟောင်းက အညစ်အကြေးတွေ ကင်းစင်ပြီး နှစ်သစ်မှာအန္တရာယ်ကင်းတယ်လို့အယူရှိကြတယ်လေ။ ဒါကြောင့် ကိုယ်လည်းလှူ၊ သူများလှူတာလည်း စားကြနဲ့ ကောင်းမြတ်တဲ့ဒါနမှုလေးတွေနဲ့လည်း မကင်းကြပြန်ပါဘူး။

**○ သင်္ကြန်ရဲ့ အနှစ်သာရတွေအတိုင်း နှစ်ဟောင်းက အညစ်အကြေးတွေကို ဆေးကြောတဲ့အနေနဲ့ နှစ်ဟောင်းရဲ့ နောက်ဆုံးရက်တွေမှာ သင်္ကြန်ရေအေးနဲ့ လောင်းကြပက်ကြပါတယ်။ နှစ်သစ်ကို ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ကောင်းမှု ကုသိုလ်တွေနဲ့ ကူးပြောင်းကြဖို့ အားထုတ်ကြပါတယ်။ နှစ်သစ်ကူးနေ့မှာလည်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နှစ်တစ်နှစ်ကို ပိုင်ဆိုင်နိုင်ဖို့ မင်္ဂလာရှိတဲ့ အလုပ်တွေနဲ့ အစပြု . . .**

သင်္ကြန်ကာလဟာ မြန်မာတို့ရဲ့ ကာလရှည် အခါကြီး ရက်ကြီး ဖြစ်ပါတယ်။ အဲဒီကာလမှာ တရားစခန်းဝင်ကြသူတွေ၊ ရဟန်းခံရှင်ပြုကြသူတွေလို ဘုရားရိပ် တရားရိပ်မှာ ခိုလှုံကြတာတွေလည်း ရှိပါတယ်။ မွန်မြတ်တဲ့ အလုပ်တွေပါပဲ။ ပျော်ရွှင်ခြင်းထက် ငြိမ်းအေးမှုကို မြတ်နိုးကြသူတွေဖြစ်မှာပါ။ ဒါဟာလည်း သင်္ကြန်ရဲ့ပုံရိပ်တွေထဲမှာ ထူးခြားတဲ့ အသွင်တစ်မျိုးဖြစ်ပါတယ်။

**မင်္ဂလာအပေါင်း ခညောင်းစေဖို့**

သင်္ကြန်ဆိုတာ နှစ်သစ်ကူးပွဲတော်ဖြစ်လို့ နှစ်သစ်ရဲ့အဦးအဖျားဖြစ်တဲ့ နှစ်ဆန်းတစ်ရက်နေ့ကိုလည်း မြန်မာတို့ရဲ့ စိတ်မှာ အမွန်အမြတ်နေ့လို့ သတ်မှတ်ထားကြပါတယ်။ အဲဒီနေ့မှာ ဥပုသ်သီလ ဆောက်တည်ကြပါတယ်။ တစ်နှစ်ပတ်လုံး အန္တရာယ်ကင်းပြီး မင်္ဂလာအပေါင်း ခညောင်းစေဖို့ လူနေမှုအစုအဖွဲ့အလိုက် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲတွေ လုပ်ကြပါတယ်။ လူနေအဆောက်အအုံတွေ၊ ဝန်းခြံတွေကို တရော်ကင်ပွန်းနဲ့ ဆေးတာတွေလည်း လုပ်ကြပါတယ်။ သက်ကြီးရွယ်အိုတွေကို ခေါင်းဆေး၊ ခြေသည်း၊ လက်သည်းတွေ ညှပ်ပေးပြီး သန့်ရှင်းရေးနဲ့ ကုသိုလ်ယူကြတာတွေလည်း ရှိပါတယ်။ တိရစ္ဆာန်တွေကို အသက်လွှတ်ပေးတာတွေ၊ ဘေးမဲ့ပေးတာတွေလည်း ပြုလုပ်ကြပါတယ်။

သင်္ကြန်ဆိုတဲ့ကာလတစ်ခုကို ပုံဖော်ကြည့်ရင် စေတနာကောင်းတွေ ဦးဆောင်တဲ့ ပျော်ရွှင်ဖွယ် ချမ်းမြေ့ဖွယ်၊ ကြည်နူးဖွယ် ငြိမ်းအေးဖွယ်လုပ်ရပ်တွေက ဖုံးလွှမ်းနေတာကို မြင်တွေ့ခံစားကြရမှာပါ။ အဲဒီအထဲမှာတော့ ရုပ်ဆိုးအကျည်းတန်စေတဲ့မြင်ကွင်းနဲ့ အပျော်ကနေ ရင်နာစရာဖြစ်သွားစေတဲ့ လုပ်ရပ်အချို့ကလည်း နှစ်စဉ်လိုလို ရှိနေမြဲဖြစ်ပါတယ်။

ဒီနေရာမှာတော့ သင်္ကြန်နဲ့ နာမ်တူဖြစ်တဲ့ သိကြားဆိုတာကို သတိထားမိကြမယ်ထင်ပါတယ်။ သင်္ကြန်အကျ၊ အကြတ်၊ အတက်နေ့တွေမှာ စတုမဟာရာဇ် တာဝတိံသာ နတ်ဘုံကို အစိုးရတဲ့ သိကြားမင်းဟာ လူ့ပြည်မှာနေပြီး လူတွေရဲ့အကောင်းအဆိုးကို ခွဲခြားမှတ်တမ်းတင်တယ်လို့ ယုံကြည်ကြပါတယ်။ အချို့လူတွေကိုတော့ သိကြားမင်းကြီးတောင် မှတ်တမ်းမယူလိုက်နိုင်ဘဲ ယမမင်းက စာရင်းဦးသွားတာမျိုးတွေ ရှိကြပါတယ်။ အဲဒါရဲ့အရင်းအမြစ်ကတော့ သင်္ကြန်တွင်း သေရည်သေရက် ယဉ်ကျေးမှုကြောင့် အများဆုံးဖြစ်ပါလိမ့်မယ်။

သိကြားမင်းရဲ့ဆိုးပေတေမိုက် မှတ်တမ်းမှာ ပါသွားသူကတစ်ယောက် လူ့ပြည်မှာ ထိခိုက်သေကျေဒဏ်ရာရတာတွေ အပြင် ပိုကြွေးပူဆွေးကျန်ခဲ့သူတွေက တခြားလည်း ရှိတတ်ပါတယ်။ သေရည်သေရက်ကြောင့် ဖြစ်နိုင်သလို၊ ဆင်ခြင်တုံတရားကင်းမဲ့တာတွေ၊ အပျော်ကျူးတာတွေ၊ မြန်မာ့ယဉ်ကျေးမှုနဲ့ ဗီလာဆန့်ကျင်တဲ့ လူမှုဆက်ဆံရေးတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဒီလိုဖြစ်ကြတာက ကိုယ့်ကြောင့်ဖြစ်နိုင်သလို သူများကြောင့်လည်း ဖြစ်တတ်ပါတယ်။ ဒါကတော့ အပျော်ကနေ ရင်နာစရာ ဖြစ်သွားလေ့ရှိတဲ့ သဘောသဘာဝတွေပါ။

**မြန်မာ့ယဉ်ကျေးမှုပုံရိပ်**

သင်္ကြန်ကို အရုပ်ဆိုးအကျည်းတန်စေတဲ့မြင်ကွင်းတွေကတော့ ဝတ်စားဆင်ယင်မှုနဲ့ အပြုအမူတွေပါ။ ဒါကို အချို့ကတော့ စေတနာရေစီးကမ်းပြိုလိုက်တယ်လို့ ထေ့ပြီးပြောကြပါတယ်။ သူများထက် ထူးခြားပေါ်လွင်စေလိုတာလည်း ပါပါလိမ့်မယ်။ အဖျော်ယမကာလေးကလည်းဝင်ထားပြီ၊ ခေတ်ပေါ်တီးလုံးသံတွေကလည်း နှိုးဆွပေးနေပြီ၊ ဝတ်စားဆင်ယင်မှုကလည်း သဘောကောင်းလွန်းနေပြီဆိုရင်တော့ အမြင်မတော်တဲ့ လှုပ်ရှားမှုနဲ့ အပြုအမူတွေ ဖြစ်ပေါ်လာမှာ သေချာပါတယ်။ ဒါမျိုးကလည်း နှစ်စဉ်လိုလို တွေ့မြင်နေရတဲ့ သင်္ကြန်ရဲ့ ပုံရိပ်ကို ညှိုးနွမ်းစေတဲ့ မြင်ကွင်းတွေဖြစ်ပါတယ်။ သင်္ကြန်ရဲ့ ပုံရိပ်တွေဟာ မြန်မာ့ယဉ်ကျေးမှုပုံရိပ်တွေ ဖြစ်တယ်ဆိုတဲ့ အသိနဲ့ ဆင်ခြင်ကြဖို့ လိုပါတယ်။

သင်္ကြန်ရဲ့ အနှစ်သာရတွေအတိုင်း နှစ်ဟောင်းက အညစ်အကြေးတွေကို ဆေးကြောတဲ့အနေနဲ့ နှစ်ဟောင်းရဲ့ နောက်ဆုံးရက်တွေမှာ သင်္ကြန်ရေအေးနဲ့ လောင်းကြပက်ကြပါတယ်။ နှစ်သစ်ကို ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ကောင်းမှု ကုသိုလ်တွေနဲ့ ကူးပြောင်းကြဖို့ အားထုတ်ကြပါတယ်။ နှစ်သစ်ကူးနေ့မှာလည်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နှစ်တစ်နှစ်ကို ပိုင်ဆိုင်နိုင်ဖို့ မင်္ဂလာရှိတဲ့ အလုပ်တွေနဲ့ အစပြုကြပါတယ်။

ဒါကြောင့် နှစ်ဟောင်းကနေ နှစ်သစ်ကိုအေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ ကူးပြောင်းလေ့ရှိတဲ့ မြန်မာ့ရိုးရာ သင်္ကြန်ကာလမှာ မင်္ဂလာရှိသမျှကိစ္စတွေကို သယ်ဆောင်ရင်း အစပြုနိုင်ကြစေဖို့ ဆန္ဒပြုလိုက်ပါတယ်။ သိကြားမင်းကလည်း အကောင်းအဆိုး ခွဲခြားမှတ်တမ်းတင်သွားတဲ့အလုပ်ကို နှစ်စဉ်ပြုနေကျအတိုင်းပဲ မှားယွင်းစာရင်းမသွင်းမိအောင် လုပ်ဆောင်သွားမှာပါ။ သိကြားမင်းအနေနဲ့ ကိုယ်တိုင်မှတ်တမ်းမတင်လိုက်ရဘဲ ယမမင်းရဲ့မှတ်တမ်းမှာ အရင်ပါသွားမှာကိုတော့ စိုးရိမ်လျက်ရှိနေပါကြောင်း။ ။

## မြန်မာ့ယဉ်ကျေးမှု သင်္ကြန်

❖ ဆောင်းကုန်နွေဦး ကြည်နူးဖွယ်ရာ
ရွှက်ဟောင်းကြွေလုစ် ရွှက်သစ်တို့ဝေဝေဖြာ
မြန်မာ့ရိုးရာ အတာနှစ်ကူး
တူးပို့တေးသံ ဝဲလွင့်ပျံ
သင်္ကြန်ပွဲမို့ မြူးသည်တည့်လေး။

❖ နှစ်သစ်ကူးပြောင်း နှစ်ဟောင်းဖယ်ခွာ
လုံးစုံခပင်း ကောင်းခြင်းမင်္ဂလာ
မောင်ရင်းနှမပမာ စာနာစိတ်ကဲ
သပြေတစ်ခက် ရေတစ်ခွက်
လောင်းပက်စိုစို ရွှသည်မို့လေး။

❖ ပိတောက်နှင့်တွဲ ပွင့်မြဲပွင့်ပြန်
"ငုဝါ" အလှ မြူးကြွသူ့ဟန်ပန်
ယှဉ်တွဲခြံရံ ဒီသင်္ကြန်ပွဲ
ပိတောက်ပန်ဆင် ငုယဉ်ယဉ်
ချစ်ခင်တူပျော် နွှဲသည်တည့်လေး။

❖ ဒါနမစဲ လှူပွဲဖုံဖုံ
စတုဒိသာမဏ္ဍပ် စပ်လိုက်သည့်ငရုတ်မိုးမျှော်ငုံ
ပျိုလေးတစ်မြုံ ကျီစယ်ပုံလေး
မုန့်လုံးရေပေါ် ပျော့ပျော်ပျော်
ခေါင်းမဖော်အောင် လွေးသည်မို့လေး။

❖ ဘေးမဲ့ဇီဝိ ပီတိလွှမ်းဖြာ
ငါးလွှတ်သည့်ပွဲ ရင်ထဲကြည်နူးစွာ
လုံးစုံသတ္တာ ချမ်းသာရကျိုး
မင်္ဂဖိုလ်နိဗ္ဗာန် ရည်စိတ်သန်
ဝိဇ္ဇာဉာဏ်စဉ် တိုးသည်တည့်လေး။
အလှတစ်မျိုးသာ ဘယာအမုန်ပဲကင်းရှေ့မည်၊
မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲကျင်းတော့သည်။ ။

အောင်မြင့်စိုး(ရေစကြို)

## ထားဝယ်သင်္ကြန် သုံးရက်စော၍ ရေကစားနေပြီ

**ထားဝယ် ဧပြီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့် ပတ်သက်၍ တစ်မူထူးခြားနေသည်ကို တွေ့ရှိရသည်။

သာမန်အားဖြင့် နှစ်သစ်ကူး ရေကစားမှုကို တစ်နိုင်ငံလုံးအနေဖြင့် နှစ်စဉ်သင်္ကြန်အကြိုနေ့(ဧပြီ ၁၃ ရက်)မှ စတင်၍ ရေပက်ခြင်း၊ ရေပက်ခံထွက်ခြင်းများ ရှိကြသော်လည်း ထူးခြားမှုမှာ ထားဝယ်မြို့၌ ကလေးသင်္ကြန် ဟူ၍ ဧပြီ ၁၁ ရက် နံနက်ပိုင်းမှစတင်၍ ရေကစားကြပြီး ကလေးများက အိမ်ရှေ့များတွင် အုန်းလက်များဖြင့် မဏ္ဍပ်သဖွယ် ဆောက်လုပ်ကာ ပျော်ရွှင်စွာ ရေကစားကြသည်။

ကလေးများ၊ လူငယ်လူရွယ်များ ပျော်ရွှင်စွာဖြင့် ရေပက်ကစားခြင်းကို ထားဝယ်ရိုးရာ ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် သုံးရက်စော၍ ပျော်ရွှင်အေးချမ်းစွာ ရေကစားလာကြသည်မှာ ထားဝယ်မြို့၏ အစဉ်အလာဖြစ်ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# မဟာဝိဇယစေတီတော်ကြီး၌ ဘာနုရာဇာနေမင်းကြီးက မြတ်စွာဘုရားအား ဦးခိုက်ပူဇော်မည်

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပ္ပရာဇိတ ပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် နာဂစီဝရာပန္ဓုပဋိမာမြတ်စွာဘုရားဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာနုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက် ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက် ဧပြီ ၁၇ ရက်(အင်္ဂါနေ့) နံနက် ၈နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ပူဇော်မည်ဖြစ်ပါသည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားအားပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြပါက အဓိဋ္ဌာန်အောင်မြင်ပြီး၊ ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသော အချိန်အခါတွင် မဖူးလိုက်ရ၊ မရှိရလေအောင် သွားရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

❑ *ကျောဖုံးမှ*

ဧရိယာတွင် ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ Play Zone, Wet Zone, Dry Zone, Beach Zone ဟူ၍ ဇုန်လေးဇုန်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ချင်းတွင်းမဟာသင်္ကြန်ပွဲတော်အတွင်း သင်္ကြန်ယိမ်းအကများ၊ သင်္ကြန်အလှပြယာဉ်ပြိုင်ပွဲများ၊ သံချပ်များ၊ နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများစသည့်ဖျော်ဖြေရေး အစီအစဉ်ကောင်းများစွာဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



ချင်းတွင်းမဟာသင်္ကြန်ပွဲတော်ကာလ၌ ပြည်ပပညာရှင် အကူအညီဖြင့် ပြုလုပ်ပြသထားသည့် သဲပန်းပုရုပ်တုကို ဧပြီ ၁၁ ရက်က တွေ့ရစဉ်။
ဓာတ်ပုံ-ငြိမ်းကျော် (မုံရွာကိုယ်ပွား)

# မန္တလေးတောသင်္ကြန် ညပိုင်းဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၈၀ ဖွင့်လှစ်မည်

**မန္တလေး ဧပြီ ၁၁**

မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်တွင် မဏ္ဍပ်ပေါင်း ၅၀ကျော်ပါဝင်၍ တောသင်္ကြန်ညပိုင်းဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၈၀ ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဖျော်ဖြေရေးနှင့်ရေကစားမဏ္ဍပ်ပေါင်း ၅၀ကျော်ပါဝင်ဆင်နွှဲကြမည်ဖြစ်ကာ တောသင်္ကြန်ညပိုင်းဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၈၀ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျုံးတောင်ဘက် ၂၆ လမ်းတွင် ကျင်းပမည်ဖြစ်ပြီး ၆၉ လမ်း မှ ၇၈ လမ်းတစ်လျှောက်တွင် ပေ၃၀၊ ပေ၂၀ နှင့် ၁၀ ပေအသီးသီးရှိ မဏ္ဍပ်များဆောက်လုပ်ထားပြီး တောသင်္ကြန်ညပိုင်းဈေးရောင်းပွဲတော်အတွက် ရိုးရာအစားစာများနှင့် အမှတ်တရပစ္စည်းများ ရောင်းချနိုင်ရန် ၁၀ပေပတ်လည်ရှိသော ဆိုင်ခန်းပေါင်း ၁၈၀ ကို နေရာချထားပေးပြီး ညပိုင်း ၆နာရီ မှ ၁၁ နာရီအထိ ရောင်းချခွင့်ပေးထားသည်။ ထို့အပြင် သင်္ကြန်ကာလအတွင်း ကျုံးပတ်လည်တွင် လာရောက်လည်ပတ်ကြသည့် သင်္ကြန်ချစ်သူများ ဝယ်ယူနိုင်ရန် နေ့ရောညပါရောင်းချသည့် ဆိုင်ခန်း ၄၁ခန်းကိုလည်း ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းတွင် ၂၄ လမ်းမှ ၂၅ လမ်းအတွင်း တစ်ခန်းလျှင် ၅ သိန်းနှုန်းဖြင့် နေရာချထားပေးကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



# နေပြည်တော် မဟာသင်္ကြန် မြို့တော်ဝန်မဏ္ဍပ်တွင် ယိမ်းလှပျိုဖြူအဖွဲ့ ၁၇ ဖွဲ့ဖြင့် ဖျော်ဖြေမည်

နေပြည်တော် ဧပြီ ၁၁

**၂၀၁၈ ခုနှစ် နေပြည်တော် မဟာသင်္ကြန်အား နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်တွင် အကြိုနေ့ ဖွင့်ပွဲမှ အတက်နေ့ပိတ်ပွဲအထိ ရက်အလိုက် နေ့စဉ်ယိမ်းအဖွဲ့ ၁၇ ဖွဲ့ဖြင့် လှပျိုဖြူများမှ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ သိရသည်။**

ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ ညနေ၅ နာရီတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ဖွင့်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပြီး အဆိုပါဖွင့်ပွဲတွင် နေပြည်တော်ရှစ်မြို့နယ်မှ မြို့နယ်အလိုက် ကိုယ်စားပြုယိမ်းအဖွဲ့ လှပျိုဖြူများနှင့် နေပြည်တော်စည်ပင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီ၊ ရခိုင်တိုင်းရင်းသား၊ နေပြည်တော်ရဲတပ်ဖွဲ့ မီးသတ်ဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ အ.လ.က(၃) အစရှိသည့် ယိမ်းလှပျိုဖြူအဖွဲ့ ၁၇ ဖွဲ့မှ ကပြဖျော်ဖြေတင်ဆက်၍ အကြိုနေ့တွင် ဖွင့်ပွဲအား ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ယိမ်းလှပျိုဖြူအဖွဲ့များတွင် အဝါရောင် (ဖက်ဖူးရောင်)၊ အပြာရောင်၊ ပိတောက်ခြောက်ရောင်၊ အဖြူပေါ်အဝါချိတ်၊ အနီပေါ်အဝါချိတ်၊ ပန်းရောင်၊ ချိတ်ခရမ်းရောင်၊ လိမ္မော်ရောင်ဖျော့၊ ခရမ်းရောင်၊ ပန်းဆီရောင် စသဖြင့် အရောင်ကာလာစုံ ယိမ်းအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်သွားမည့်အပြင် သတ်မှတ်ထားသော ယိမ်းအဖွဲ့ ၁၇ ဖွဲ့အပြင် သင်္ကြန်ကာလတွင် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်တွင် တခြားယိမ်းအဖွဲ့များကိုလည်း ထည့်သွင်း၍ ကပြဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်းနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတနှင့်အတူ ငြိမ်းချမ်းရေးဂီတပွဲတော် ဆုရတေးသံရှင်များက ဖျော်ဖြေခြင်း၊ Sky Net မှ စီစဉ်သည့် ခေတ်ပေါ်တေးသံရှင်များက ဖျော်ဖြေခြင်းတို့ကိုပါ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ထုတ်လုပ်မှုဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးကျော်ဆွေက မြန်မာ့အလင်းသို့ ပြောကြားသည်။



**နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ဖျော်ဖြေမည့် ယိမ်းအဖွဲ့တစ်ဖွဲ့**
**ဓာတ်ပုံ - ကျော်လှိုင်သင်း(နေပြည်တော်)**

၂၀၁၈ ခုနှစ် နေပြည်တော်မဟာသင်္ကြန်တွင် နေပြည်တော်၌ နေပြည်တော်-ပျဉ်းမနား-တောင်ညိုလမ်းမကြီး မြို့တော်ခန်းမကြီးရှေ့တွင် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၊ ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီး၏ ကျောက်စိမ်းခန်းမအနီးတွင် ရခိုင်တိုင်းရင်းသားရိုးရာမဏ္ဍပ်၊ နေပြည်တော်ဟိုတယ်ဇုန် ရာဇသင်္ဂဟလမ်းမကြီး ရွှေညှော့သည် ဟိုတယ်ရှေ့တွင် ရွှေသံလွင်မိသားစု၏ Sky Net ရေကစားမဏ္ဍပ်စသည့် အဓိကမဏ္ဍပ်ကြီး သုံးခုတည်ဆောက်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး နေပြည်တော် ရှစ်မြို့နယ်တွင် မြို့နယ်အလိုက် ရေကစားမဏ္ဍပ်များ တည်ဆောက်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



ဓာတ်ပုံ-ရဲရဲ(ပျဉ်းမနား)

**နေပြည်တော် ဟိုတယ်ဇုန် ရာဇသင်္ဂဟလမ်းမ၌ တည်ဆောက်လျက်ရှိသည့် ရွှေသံလွင်မိသားစု၏ Sky Net ရေကစားမဏ္ဍပ်**

# ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန် အကြိုဖွင့်ပွဲ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် ရခိုင်ရိုးရာ ယဉ်ကျေးမှုသင်္ကြန်အကြိုဖွင့်ပွဲကို ဧပြီ ၁၁ ရက်က ပုသိမ်မြို့အမှတ် ၃ နယ်မြေ ကန်သာယာဘောလုံးကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့်တာဝန်ရှိသူများ စုံညီစွာတက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ ဝန်ကြီးချုပ် ဦးလှမိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စောကဖွင့်ပွဲကို ရခိုင်ပြည်နယ်မှ တက်ရောက်လာကြသော ရခိုင်တိုင်းရင်းသားများ၏ ရခိုင်ရိုးရာကျင်ပွဲဖြင့် ဖွင့်လှစ်ပေးပြီး ကျောက်ဖြူ ရမ်းဗြဲမြို့နယ်များမှ ရောက်ရှိလာကြသော ရခိုင်အမျိုးသား၊ အမျိုးသမီး များနှင့်ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုယ်စားပြုအမှတ် ၁၊ အမှတ် ၃၊ အမှတ် ၄၊ အမှတ် ၇၊ အမှတ် ၈၊ အမှတ် ၉၊ အမှတ် ၁၀၊ အမှတ် ၁၃၊ အမှတ် ၁၄ နယ်မြေ အသင်းများနှင့်ချစ်ကြည်ရေးရထားဆွဲပွဲကို တပျော်တပါး ယှဉ်ပြိုင်ကစားကြရာ ရခိုင်မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်စေသော မြန်မာ့ရိုးရာမဟာသင်္ကြန် အကြိုအောင်ပွဲမင်္ဂလာဖြစ်စေခဲ့သည်။

**ပုသိမ်-လှကြည်**

# ဖျော်ဖြေရေးများပါဝင်မည့် စမ်းချောင်းသင်္ကြန်မဏ္ဍပ်

**ရန်ကုန် ဧပြီ ၁၁**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စမ်းချောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မဟာသင်္ကြန်ဖြစ်မြောက်ရေးကော်မတီတို့၏ စုစည်းဆောင်ရွက်မှုဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ သင်္ကြန်ဖျော်ဖြေရေးနှင့်ရေကစားမဏ္ဍပ်ကို ဗားကရာလမ်းမပေါ် မြေနီကုန်းတံတားအနီး ပဒုမ္မာအားကစားကွင်းအနီးတွင် တည်ဆောက်လျက်ရှိသည်။

ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) နံနက် ၈နာရီခွဲတွင် ပြုလုပ်သွားမည်ဖြစ်သည်။

သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ နေ့စဉ်နံနက် ၈နာရီခွဲမှ ညနေ ၆နာရီအထိ ပျော်ရွှင်စွာရေပက်ကစားကြမည်ဖြစ်ပြီး ညှော့ခံဖျော်ဖြေမှုကို နံနက် ၈နာရီခွဲမှ ည ၁၀ နာရီအထိ နာမည်ကြီးအဆိုတော်များ၊ ယိမ်းအဖွဲ့ လှပျိုဖြူများက ဖျော်ဖြေညှော့ခံသွားမည်ဟု သိရသည်။



**သူတို့ပါဝင်**

The Tederal ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် အတူ အဆိုတော်များဖြစ်ကြ သည့် ဘိုဘိုဟန်၊ အက်(စ်) ကဲနက်၊ ကောင်းပြည့်၊ လိမ္မော်သီး၊ ဗန်သော့ဒ်ကျင်း၊ Joe Fraze၊ ဆာယာ၊ စတယ်လာမြင့်၊ ခိုင်ပွင့်၊ Treasure Aung ၊ ရွှေရည်နှင့် ACID အဖွဲ့မှ ရန်ရန်ချမ်း၊ အနဂ္ဂ၊ ဗေယျာသော် စသည့်အဆိုတော်များပါဝင်ဆင်နွှဲကြမည်ဟု သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မြန်မာ-ထိုင်း ဆက်သွယ်ရေးဖိုက်ဘာဆက်ကြောင်းများ တရားမဝင်သွယ်တန်းမှုမရှိရေး တာချီလိတ်၌ ဆွေးနွေး

**တာချီလိတ် မေ ၁၁**
ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေး တံတားအနီးရှိ ရွှေနန်းတော်ကုန်တိုက် အစည်းအဝေးခန်းမ၌ တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့အကြား ဆက်သွယ်ရေး ဖိုက်ဘာဆက်ကြောင်းများ တရားမဝင် နိုင်ငံဖြတ်ကျော်သွယ်တန်းထားမှုများ မရှိစေရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ညှိနှိုင်းဆွေးနွေးပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ဒုတိယမြို့အုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နှစ်နိုင်ငံ တာဝန်ရှိသူများက တာချီလိတ်မြို့တွင်း တရားမဝင် လင့်ချိတ်ဆက်ထားရှိမှုများကို နှစ်နိုင်ငံတာဝန်ရှိသူများ တားဆီးဖော်ထုတ်ရန်၊ ထိုင်းနိုင်ငံဘက်မှ ဆက်သွယ်ရေးဖိုက်ဘာ ဆက်ကြောင်းများ တရားမဝင် သွယ်တန်းထားမှုများ မရှိစေရန်၊ ခွင့်ပြုချက်မရသေးသည့် ဖိုက်ဘာဆက်ကြောင်းများ ပြန်လည်ဖြုတ်သိမ်းရန် စသည့်အချက်များအား ညှိနှိုင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြို့နယ်တာဝန်ခံ



အင်ဂျင်နီယာ ဒေါ်သန်းသန်းဌေး၊ မြန်မာ-ထိုင်း နှစ်နိုင်ငံမှ ဆက်သွယ်ရေးကုမ္ပဏီ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# မိုးမိတ်ဓာတ်အားခွဲရုံနှင့် မိုးမိတ်မြို့နယ် ၂၄ နာရီ မီးလင်းရေးဖွင့်ပွဲကျင်းပ

**လားရှိုး မေ ၁၁**
ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်မြို့ ၆၆/၁၁ကေဗွီ(၅)အမ်ဗွီအေ မိုးမိတ်ဓာတ်အားခွဲရုံနှင့် မိုးမိတ်မြို့နယ် ၂၄ နာရီ မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မိုးမိတ်မြို့နယ်အတွင်း အိမ်ထောင်စု ၆၀၈ စုခန့်သာ လျှပ်စစ်ဓာတ်အားရရှိခဲ့ရာမှ မကြာမီအချိန်တွင် အိမ်ထောင်စု ၄၈၀၁ စုခန့်အား လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ယခုအချိန်တွင် မိုးကုတ်-မိုးမိတ် ၆၆/၁၁ ကေဗွီအေ ဓာတ်အားလိုင်းကို ၂၀၁၄-၂၀၁၅ ခုနှစ် ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် ဓာတ်အားလိုင်း ၂၄ ဒသမ ၆၅ မိုင်အား လည်းကောင်း ဓာတ်အားခွဲရုံကို နိုင်ငံတော်အစိုးရရန်ပုံငွေမှ ကျပ်သန်းပေါင်း ၂၀၂၄ ဒသမ ၃၆၀ သန်း အကုန်အကျခံ တည်ဆောက်ထားကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

**နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်**

**နေပြည်တော် မေ ၁၁** နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# E-Band လှိုင်းနှုန်းများ လျှောက်ထားရယူနိုင်ကြောင်း အသိပေး

**နေပြည်တော် မေ ၁၁**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနသည် E-Band (Uplink 71.125 GHz~75.875 GHz, Downlink 81.125 GHz ~ 85.875 GHz) အတွင်းရှိ လှိုင်းနှုန်းများအား ITU Recommendation နှင့် အညီ 250 MHz Bandwidth ရှိ Channel များအား ငါးနှစ်သက်တမ်းရှိသော လှိုင်းနှုန်းစဉ်အသုံးပြုခွင့်အဖြစ် သတ်မှတ်ချထားပေးသွားမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Webpage ဖြစ်သည့် www.motc.gov.mm/my/news တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**


# သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း CNG ရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချရန် စီစဉ်ထားရှိ


သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလ မေ ၁၃ ရက်မှ ၁၆ ရက်အတွင်း အများပြည်သူများ ခရီးသွားလာရေးအဆင်ပြေချောမွေ့စေရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် CNG များ ရန်ကုန်တိုင်းဒေသကြီးတွင် (၄၁)ဆိုင်ရှိသည့်အနက် (၃၄)ဆိုင်အားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ဆိုင်ရှိသည့်အနက် ပလိပ်မြို့ရှိ တစ်ဆိုင်အားလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် နှစ်ဆိုင်ရှိသည့်အနက် တစ်ဆိုင်နှင့် ချောက်မြို့တွင် တစ်ဆိုင် စုစုပေါင်းနှစ်ဆိုင်အားလည်းကောင်း ပိတ်ရက်မရှိ နေ့စဉ်ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင် (CNG) များ သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလများအတွင်းဖွင့်လှစ်ရောင်းချမည့်နေ့ရက်များ**

| စဉ် | CNG အရောင်းဆိုင် | ဖွင့်လှစ်ရောင်းချမည့် ရက် | ဖွင့်လှစ်ရောင်းချမည့် အချိန် | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | လှိုင်သာယာ(၁)(၀၀၉)၊ မြောက်ဥက္ကလာ(၁)(၀၁၁)၊ ဒညင်းကုန်း(၁)(၀၁၂)၊ရွှေပြည်သာ(၁)(၀၁၄)၊ စော်ဘွားကြီးကုန်း(၀၁၉)၊ ဒဂုံအရှေ့(၂)(၀၂၃)၊ ပါရမီ(၀၂၄)၊လှော်ကား(၀၂၅)၊ ရွှေပြည်သာ(၂)(၀၂၇)၊ သုဝဏ္ဏ(၀၂၈)၊ အလုံ(၃)(၀၂၉)၊ ရွှေညောင်ပင်(၀၃၀)၊ သန်လျင်(၂)(၀၃၁)၊ မောင်းမကန်(၀၃၈)၊ ရေနံချောင်း(၁)၊ချောက် | မေ ၁၃၊ ၁၄ ၁၅ နှင့် ၁၆ ရက် | ၀၆း၀၀ | ၂၂း၀၀ |
| ၂ | သမိုင်း(၁)(၀၀၁)၊ အင်းစိန်(၀၀၂)၊ အလုံ(၁)(၀၀၃)၊ ကျိုက္ကလို့(၀၀၄)၊ သာကေတ(၁)(၀၀၅)၊ ဒဂုံမြို့သစ်(၀၀၆)၊ ဘုရင့်နောင်(၀၀၇)၊ ပုလဲ(၀၀၈)၊ အလုံ(၂)(၀၁၃)၊ ဒဂုံအရှေ့(၁)(၀၁၅)၊ ကြည့်မြင်တိုင်(၀၁၆)၊ တောင်ဥက္ကလာ(၁)(၀၁၇)၊ သန်လျင်(၁)(၀၁၈)၊ မင်္ဂလာတောင်ညွန့်(၀၂၀)၊ ဒဂုံဆိပ်ကမ်း(၀၂၁)၊ သာကေတ(၂) (၀၂၂)၊ လှိုင်သာယာ(၂)(၀၂၆)၊ တောင်ဥက္ကလာပ(၂)(၀၃၇)၊ လှိုင်သာယာ(၃)(၀၃၉)၊ ထောက်ကြန့်(၀၄၂)၊ ပလိပ် | မေ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက် | ၀၀း၀၀ | ၂၄း၀၀ |

**သတင်းစဉ်**




# စည်းကမ်းမဲ့ အသံချဲ့စက်ကြောင့် အများပြည်သူ စိတ်ဆင်းရဲကြရ

**တောင်ငူ မေ ၁၁**
တောင်ငူမြို့ပေါ်နှင့် ရပ်ကွက်အသီးသီးတို့တွင် အချို့သော အလှူပွဲများ၌ လေးဘက်ကြား အသံချဲ့စက် (SOUND BOX)ကြီးများကို ကားများဖြင့် တင်ဆောင်လှည့်လည်လျက်ရှိရာ အသံများကျယ်လောင်ပြီး တုန်ခါမှုများကြောင့် သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများနှင့် ကလေးသူငယ်များသည် ကြောက်လန့်ခြင်း၊ ရင်တုန်ခြင်းများ ခံစားကြရကြောင်း သိရသည်။

ယခုကဲ့သို့ စည်းကမ်းမဲ့ အသံချဲ့စက်များ အသုံးပြုခြင်းကို သက်ဆိုင်ရာ ရပ်ကျေး၊ မြို့နယ်၊ ခရိုင် အုပ်ချုပ်ရေးဌာနများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် ပြည်သူများက လိုလားနေကြောင်း သိရသည်။ **ဝ၄၈**



မြန်မာ ယူ-၂၁ အသင်းနှင့် MNL All Star အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# မြန်မာ ယူ-၂၁ အသင်း ခြေစမ်းပွဲယှဉ်ပြိုင်ကစား

**ရန်ကုန် မေ ၁၁**
ဘရူနိုင်းဘုရင့်ဖလား ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၂၁ အသင်းသည် တတိယ မြောက် ခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက MNL All Star အသင်းနှင့် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် မြန်မာ နေရှင်နယ်လိဂ်ကလပ်အသင်းများနှင့် ခြေစမ်းရာတွင် နှစ်ပွဲဆက် အနိုင်ရထားသော်လည်း MNL All Star အသင်းနှင့် ခြေစမ်းရာတွင်မူ ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့သည်။ နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်း ကိုင်တွယ်ပြီး ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် MNL All Star အသင်းသည် ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

MNL All Star အသင်းသည် ပွဲကို ထိန်းကစားသွားပြီး မြန်မာ ယူ-၂၁ အသင်းတိုက်စစ်မှာလည်း ယခင်ပွဲများလောက် အတွဲမမိသောကြောင့် လွယ်လွယ်ကူကူ ထိန်းချုပ်နိုင်ခဲ့သည်။ ၂၂ မိနစ်တွင် MNL All Star အသင်း အဖွင့်ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ဇော်မင်းထွန်းက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲ ပြုလုပ်ခဲ့ပြီး MNL All Star အသင်းက အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၇၆ မိနစ်တွင် တည်ငြိမ်မင်းက သွင်းယူခဲ့သည်။

**ရဲရင့်ရှိုင်း**



ကြည့်မြင်တိုင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်အောင်နှင့်အဖွဲ့ သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားရေးအတွက် ပညာပေးဟောပြောခြင်းနှင့်အတူ သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဆွေးနွေးခြင်းကို မေ ၁၀ ရက်က မကျည်းတန်းမြောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပစဉ်။

ကိုကြီးတင်

# မဟာသင်္ကြန်ကာလအတွင်း လုံခြုံရေးကို ယခင်နှစ်များထက် တိုးမြှင့်၍ စနစ်တကျ ဆောင်ရွက်သွားမည်

မကြာမီကျင်းပတော့မည့် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်မည့် အစီအမံများနှင့် ပြည်သူများ လိုက်နာဆောင်ရွက်သင့်သည်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ညွှန်ကြားရေးမှူး (စီမံ) ရဲမှူးကြီး သက်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။



ရဲမှူးကြီး သက်နိုင်

**မေး။ မဟာသင်္ကြန်ပွဲတော် ကျင်းပစဉ်ကာလ ပြည်သူတွေ အေးချမ်းပျော်ရွှင်စွာရေကစားနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဘာတွေ ဆောင်ရွက်ထားသလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မြန်မာသက္ကရာဇ် ၁၃၇၉-၈၀ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြိုကာလ လုံခြုံရေးကို ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့ကနေ ၁၂ ရက်နေ့အထိ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပစဉ် လုံခြုံရေးကို ဧပြီလ ၁၃ ရက်နေ့ကနေ ၁၇ ရက်နေ့အထိနဲ့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပပြီး ကာလ လုံခြုံရေးကို ဧပြီလ ၁၈ ရက်နေ့ကနေ ၃၀ ရက်နေ့အထိဆိုပြီး အပိုင်း သုံးပိုင်းခွဲကာ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

သင်္ကြန်ရေကစားမဏ္ဍပ်တွေရဲ့ လုံခြုံရေးအပြင် တန်ခိုးကြီးဘုရား၊ စေတီ၊ သာသနိကအဆောက်အဦ၊ အများပြည်သူအပန်းဖြေနိုင်တဲ့ ပန်းခြံနဲ့ ကစားကွင်းတွေ၊ လူစည်ကားရာနေရာတွေဖြစ်တဲ့ ဈေး၊ ကုန်တိုက်၊ Shopping Center တွေ၊ ရေဆိပ်၊ လေဆိပ်၊ ကားဂိတ်နဲ့ ဘူတာရုံတွေရဲ့ လုံခြုံရေး၊ မော်တော်ယာဉ်တွေသွားလာမယ့် လမ်းကြောင်းလုံခြုံရေး၊ လုံခြုံရေးအရန်အသင့် စုဖွဲ့မှုတွေ ဆောင်ရွက်ထားရှိပါတယ်။ ဒါ့အပြင် ရေကစားမဏ္ဍပ်တွေနဲ့ အရေးကြီးနေရာတွေမှာ CCTV ကင်မရာတွေ တပ်ဆင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်၊ ဝင်၊ ထွက် ပေါက်တွေ၊ နယ်စပ်ဝင်၊ ထွက်ပေါက်တွေမှာ လုံခြုံရေး တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းပြီး နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးတွေကနေတစ်ဆင့် စောင့်ကြည့်စစ်ဆေးသတင်းဖလှယ်မှုတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အရင်နှစ်က နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မဟာသင်္ကြန်လုံခြုံရေးကို လုံလောက်တဲ့ ရဲတပ်ဖွဲ့အင်အားနဲ့ လုံခြုံရေး ဆောင်ရွက်ခဲ့ပြီး အခုနှစ်မှာလည်း အရင်နှစ်ကထက် လုံခြုံရေး တပ်ဖွဲ့ဝင်အင်အားတိုးမြှင့်ပြီး လုံခြုံရေးစီမံချက် စနစ်တကျ ရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ သင်္ကြန်ကာလမှာ ဘယ်လိုမှုခင်းမျိုးတွေ ဖြစ်ပွားတတ်ပါသလဲ။**

ဖြေ။ သင်္ကြန်ကာလအတွင်း ဖြစ်ပွားတဲ့ မှုခင်းတွေမှာ ပုံမှန်ဖြစ်လေ့ဖြစ်ထရှိတဲ့ မှုခင်းတွေနဲ့ သင်္ကြန်ကာလတစ်ခုလုံးမှာ ပိုမိုဖြစ်ပွားလေ့ရှိတဲ့ မှုခင်းဆိုပြီး နှစ်မျိုးရှိပါတယ်။

သင်္ကြန်ကာလတစ်ခုလုံးမှာ ပိုမိုဖြစ်ပွားလေ့ရှိတဲ့ မှုခင်းဆိုတာကတော့ သင်္ကြန်ကာလအတွင်း ရေပက်ကစားရာက ဖြစ်ပွားတဲ့ မှုခင်းတွေ၊ နောက်ပြောင်ကျီစယ်ရာက ခိုက်ရန်ဖြစ်ပွားတဲ့ မှုခင်းတွေ၊ အရက်သေစာသောက်စားမူးယစ်ရာက ခိုက်ရန်ဖြစ်ပွားတဲ့ မှုခင်းတွေ၊ ရေပက်ကစားပျော်ပါးမှုအတွက် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ကာမနိုးကြွစေတဲ့ ဆေးဝါးများ သောက်သုံးခြင်းနဲ့ တိုက်ကျွေးခံရခြင်းတွေကြောင့် ဖြစ်ပေါ်တဲ့ မှုခင်းတွေနဲ့ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုနဲ့ ယာဉ်မတော်တဆမှုဖြစ်ပွားတဲ့ မှုခင်းတွေဖြစ်ပြီး မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်တွေမှာ ရေကစားရာကနေ ရေနစ်သေဆုံးတဲ့ သေမှုသေခင်းတွေလည်း ပိုမိုဖြစ်ပွားလေ့ရှိပါတယ်။

**မေး။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့တဲ့ မှုခင်းအခြေအနေတွေကို သိလိုပါတယ်။**

ဖြေ။ ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်းမှာ လူသတ်မှု၊ လုယက်မှု၊ မုဒိမ်းမှု၊ တိရစ္ဆာန်ခိုးမှု စတဲ့အမှုကြီးတွေ အပါအဝင် အမှုပေါင်း ၉၈၁ မှု ရှိခဲ့ပြီး သေဆုံးသူ ၂၈၅ ဦး၊ ဒဏ်ရာရသူ ၁၀၇၃ ဦးရှိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် သင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့တဲ့ မှုခင်းတွေအနေနဲ့ ယာဉ်တိုက်မှု ၃၅၇ မှု ဖြစ်ပွားခဲ့ပြီး နာကျင်မှု (ခိုက်ရန်ဖြစ်ပွားမှု) ၁၂၆ မှု ဖြစ်ပွားခဲ့ပါတယ်။ မှုခင်းတွေဖြစ်ပွားရတဲ့ အကြောင်းအရင်းတွေကို သုံးသပ်ရမယ်ဆိုရင် အရက်သေစာသောက်စားမူးယစ်ပြီး အပျော်လွန်ခြင်းကြောင့် အဓိကဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်။

**မေး။ ၂၀၁၈ ခုနှစ် သင်္ကြန်အကြိုကာလအတွက် မူးယစ်ဆေးဝါးတွေ မပျံ့နှံ့စေဖို့ ဘယ်လို တားဆီးကာကွယ်သွားမလဲဆိုတာလည်း ပြောပြပေးပါ။**

ဖြေ။ မူးယစ်တပ်ဖွဲ့စု (၅၀) ကို နယ်မြေခံရဲတပ်ဖွဲ့၊ NGO အဖွဲ့အစည်းတွေ၊ နယ်မြေခံပြည်သူတွေနဲ့ ပူးပေါင်းပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်၊ အဓိကအားဖြင့် NGO အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပြည်သူလူထုကို မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောမှုဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူတွေကို သတင်းရယူ စုံစမ်းဖော်ထုတ်ခြင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုတွေ မရှိစေရေးအတွက် ရှောင်တခင် လမ်းကြောင်းပိတ်ဆို့ရှာဖွေခြင်းတွေ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မေး။ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုတွေကို သိလိုပါတယ်။**

ဖြေ။ ၂၀၁၆ ခုနှစ် သင်္ကြန်ကာလအတွင်းမှာ မူးယစ်ဆေးဝါး အမှုပေါင်း ၅၄ မှု၊ အမျိုးသားတရားခံ ၇၃ ဦး၊ အမျိုးသမီးတရားခံ ငါးဦး စုစုပေါင်း ၇၈ ဦးနဲ့ ဘိန်း တစ်မှု ၀ ဒသမ ၂၂၆ ကီလို၊ ဘိန်းဖြူ ၁၃ မှု ၀ ဒသမ ၀၈၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅ မှု ဆေးပြား ၂၀၉၃၉ ပြား၊ ဆေးခြောက် ၀ ဒသမ ၀၃၂၄ ကီလို၊ အဆင့်နိမ့်ဘိန်း ၀ ဒသမ ၀၁၀၂ ကီလို၊ အိုက်စ် တစ်မှု ၀ ဒသမ ၀၃၃၂ ကီလို၊ အက်စီတုန်း ၁၇ ဒသမ ၅ ကီလိုနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အသုံးပြုသော ဆက်စပ်ပစ္စည်းတွေဖြစ်တဲ့ အရိုး မီးသွေး ၅၀ ကီလို၊ အက်စီတုန်း ၁၇ ဒသမ ၅ လီတာ၊ ကော့စတစ် ၄၀ ကီလို၊ အက်စစ် တစ်အင်ဟိုက်ဒရိတ် တစ်မှု ၁၆ ပုလင်းနဲ့ အရက်ပြန် ၃၀ လီတာ တို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်းမှာ မူးယစ်ဆေးဝါး အမှုပေါင်း ၇၀ ၊ အမျိုးသားတရားခံ ၉၄ ဦး၊ အမျိုးသမီးတရားခံ ရှစ်ဦး စုစုပေါင်း ၁၀၂ ဦးတို့ကို ဘိန်း နှစ်မှု ၆ ဒသမ ၆၀၃ ကီလို၊ ဘိန်းဖြူ ၁၆ မှု ၀ ဒသမ ၀၄၄၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၁ မှု ဆေးပြား ၄၀၄၀၇ ပြား၊ ဆေးခြောက် ငါးမှု ၀ ဒသမ ၂၄၂၄၆ ကီလို၊ ဘိန်းစာမှုနဲ့ တစ်မှု ၇ ဒသမ ၃၇ ကီလို၊ အိုက်စ် သုံးမှု ၉ ဒသမ ၀၀၃၅ ကီလိုနဲ့ အက်တက်စီဆေးပြား တစ်မှု ၂၁ ပြားကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

**မေး။ သင်္ကြန်ပွဲတော်ကာလမှာ ယာဉ်မောင်းသူတွေ လိုက်နာရမယ့် စည်းကမ်းတွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ယာဉ်မောင်းသူတွေ အဓိကလိုက်နာရမယ့် အချက်တွေကတော့ အရှိန်ပြင်း မမောင်းပါနဲ့၊ အရက်သေစာ သောက်စားပြီး မမောင်းပါနဲ့၊ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း မလုပ်ပါနဲ့၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း မပြုပါနဲ့၊ မီးပွိုင့်အချက်ပြမှုကို လိုက်နာပြီး မီးနီကို ဖြတ်မမောင်းပါနဲ့၊ ယာဉ်ကြံ့ခိုင်မှုမရှိတဲ့ ယာဉ်တွေကို မမောင်းပါနဲ့၊ အပျော်လွန်ကျူးငေးမောပြီး မမောင်းပါနဲ့၊ ဖုန်းပြောပြီး မမောင်းပါနဲ့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တိတိကျကျလိုက်နာပြီး မောင်းနှင်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မေး။ သင်္ကြန်ကာလမှာ မော်တော်ဆိုင်ကယ်မောင်းနှင်သူတွေ သတိပြုလိုက်နာရမယ့် အချက်တွေကိုလည်း သိလိုပါတယ်။**

ဖြေ။ မော်တော်ဆိုင်ကယ်ဟာ နှစ်ဘီးတပ်ယာဉ်၊ အကာအကွယ်မဲ့ယာဉ် ဖြစ်ပါတယ်။ သင်္ကြန်ကာလ လမ်းပေါ်မှာ ဖိတ်စဉ်ကျနေနိုင်တဲ့ စက်ဆီနဲ့ ရေတွေလည်း ရှိနေမှာဖြစ်လို့ အလွယ်တကူ တိမ်းမှောက်နိုင်တဲ့အတွက် အထူးသတိပြုမောင်းနှင်ရမှာဖြစ်ပါတယ်။ အဓိကသတိပြုရမယ့် အချက်တွေကတော့ အရှိန်ပြင်းမောင်းနှင်ခြင်း၊ အရက်သောက်စားမောင်းနှင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်ခြင်း၊ အရက်သောက်စား မောင်းနှင်ခြင်းနဲ့ ပတ်ဝန်းကျင်ဆူညံအနှောင့်အယှက်ဖြစ်အောင် အသံထိန်းအိတ်ဇောဖြုတ်မောင်းနှင်ခြင်းတွေကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ ဆိုင်ကယ်နဲ့ ရေပက်ခံထွက်တာ အလွန်အန္တရာယ်များတဲ့အတွက် ဆိုင်ကယ်စီးဦးထုပ်ဆောင်းပါ၊ မေးသိုင်းကြိုးတပ်ပါ၊ နှစ်ဦးထက်ပိုမစီးပါနဲ့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တိတိကျကျလိုက်နာပါ ကျင့်သုံးပါလို့ တိုက်တွန်းလိုပါတယ်။

**မေး။ သင်္ကြန်ကာလမှာ လမ်းလျှောက်ပြီး ရေပက်ခံထွက်သူတွေ လိုက်နာရမယ့်အချက်တွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ လမ်းလျှောက်ပြီး ရေပက်ခံထွက်သူတွေ၊ သင်္ကြန်မဏ္ဍပ်လိုက်ကြည့်သူတွေအနေနဲ့ မမျှော်လင့်ဘဲ ဖြစ်လာနိုင်တဲ့ ယာဉ်အန္တရာယ်ကို သတိပြုကြရမှာဖြစ်ပါတယ်။ စည်းကမ်းမဲ့ မောင်းနှင်တဲ့ကား၊ ဆိုင်ကယ်တွေရှိတဲ့အတွက် လမ်းဘေးပလက်ဖောင်းပေါ်ကနေ သွားလာဖို့ သတိပေးလိုပါတယ်။ ပလက်ဖောင်းမရှိရင် လမ်းဘေးက လျှောက်ပါ။ ငေးမောကြည့်ရှုပြီး ဘေးပတ်ဝန်းကျင်ကို သတိမပြုကြရင်တော့ အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ လမ်းဖြတ်ကူးရာမှာလည်း မိမိကိုယ်တိုင်က ယာဉ်အန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့အသိနဲ့ သတိပြုသွားလာကြဖို့ အသိပေးပြောကြားလိုပါတယ်။ လမ်းဘေးက လမ်းလျှောက်သွားရင် သွားလာနေတဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေရဲ့ လားရာနဲ့ မျက်နှာချင်းဆိုင် အနေအထား သွားလာကြဖို့လည်း တိုက်တွန်းလိုပါတယ်။ ဒါမှလည်း မိမိအန္တရာယ်ကို ကြိုတင်မြင်တွေ့ပြီး ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

**မေး။ အခုလာမယ့် သင်္ကြန်ကာလမှာ ယာဉ်မတော်တဆမှုတွေ မဖြစ်အောင် ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ဘယ်လို ဆောင်ရွက်ပေးသွားမလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ အခုလာမယ့် သင်္ကြန်ကာလမှာ ယာဉ်မတော်တဆမှုတွေ မဖြစ်စေဖို့၊ ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ရှိကြတဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်တဲ့ လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်၊ အဝိုင်းပတ်နေရာတွေမှာ တာဝန်ချထားပြီး ယာဉ်လမ်းရှင်းလင်းရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်သလို လူစည်ကားတဲ့ နေရာတွေဖြစ်တဲ့ ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်တွေမှာလည်း တာဝန်ချထားပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်လမ်းရှင်းလင်းရေးနဲ့ လမ်းပိတ်လမ်းလွှဲခြင်းတွေကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်တွေ၊ NGO အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုတွေ မဖြစ်အောင် ကြိုတင်ကာကွယ်မှုတွေရှိရင်လည်း သိလိုပါတယ်။**

ဖြေ။ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ပြည်သူတွေအတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး အသိပညာပေးတာတွေကို နေ့စဉ်ဆောင်ရွက် နေသလို သင်္ကြန်ကာလမတိုင်ခင် လေးပတ်ခန့်အလိုကစပြီး စည်းကမ်းဖောက်ဖျက်တဲ့ ယာဉ်တွေကို စစ်ဆေးအရေးယူသွားမှာ ဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ အသိပညာပေးမှုတွေကို ကြိုတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ယာဉ်စည်းကမ်းဖောက်ဖျက်ပြီး အိတ်ဇောဖွင့်မောင်းနှင်ခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးထက်ပိုစီးခြင်း၊ မီးနီဖြတ်မောင်းခြင်း စတဲ့ယာဉ်တွေကို အရှိန်အဟုန်မြှင့်စစ်ဆေး အရေးယူသွားမှာ ဖြစ်ပါတယ်။ သတိပေး နှိုးဆော်တဲ့စာတွေကိုလည်း ပြည်သူတွေသိရှိစေဖို့ နိုင်ငံပိုင် သတင်းစာတွေမှာ ထည့်သွင်းအသိပေး ကြေညာသွားမှာ ဖြစ်ပါတယ်။

**မေး။ သင်္ကြန်ကာလအတွင်းမှာ ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားစေဖို့အတွက် အသိပညာပေးဆောင်ရွက်မှုတွေကို ပြောပြပေးပါ။**

ဖြေ။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားစေဖို့အတွက် နေ့စဉ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောမှုတွေ ပြုလုပ်နေသလို သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားစေဖို့အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ သက်ဆိုင်ရာယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲတွေအလိုက် သင်္ကြန်မတိုင်မီ တစ်လခန့်အလိုကစပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးမှု၊ ဟောပြောမှုတွေကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ခြင်းနဲ့ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေ ပူးပေါင်းပြီး ညအချိန် Mobile စနစ်နဲ့ အသံချဲ့စက်အသုံးပြုပြီးတော့လည်း ပြည်သူတွေကို အသိပညာပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**သတင်းအဖွဲ့**

## ရမည်းသင်းမြို့နယ်အတွင်း အလှူမင်္ဂလာပွဲများ၌ မင်္ဂလာဆင်တော်ငှားရမ်းမှု များလာ



**ရမည်းသင်း ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းတွင် ယခုလရာသီ၌ ရှင်ပြုအလှူမင်္ဂလာပွဲများ ပြုလုပ်ကြရာ မောင်ရှင်လောင်းနှင့် နားသတင်ရန်အတွက် မင်္ဂလာဆင်တော်များ ယခင်နှစ်ကထက် ငှားရမ်းကြကြောင်း သိရသည်။

ထိုသို့ ရှင်ပြုအလှူမင်္ဂလာပွဲများအတွက် မင်္ဂလာဆင်တော်များ ငှားရမ်းရာ၌ ဆင်တစ်ကောင်လျှင် ငွေကျပ်ခြောက်သိန်းဝန်းကျင် ပေးရကြောင်း၊ ဆင်စာငှက်ပျောတုံး၊ စပါးတို့လည်း ပံ့ပိုးပေးရကြောင်း၊ ခရီးစဉ်အကွာအဝေး အပေါ်မူတည်၍ မင်္ဂလာဆင်ငှားရမ်းခ ပေးရကြောင်း သိရသည်။ မင်္ဂလာဆင်တော်များမှာ အလှူအဝင်နေ့တွင် ရောက်ရှိကာ အလှူဝတ်လုံ့မောင်ရှင်လောင်း၊ နားသတင်ရန်အတွက်သာ ဖြစ်သည်။

အဆိုပါ မင်္ဂလာဆင်တော်များမှာ သာစည်မြို့နယ်အတွင်းမှ ဖြစ်သည်။ ထိုသို့ မင်္ဂလာဆင်တော်များဖြင့် အလှူဝတ်ဆံလုံ့အပြီး အလှူမင်္ဂလာမဏ္ဍပ်ရှေ့၌ အဆိုပါဆင်ဖြင့် ကပြဖျော်ဖြေ၍ အများစိတ်ဝင်စားကြကြောင်း၊ မောင်ရှင်လောင်း၊ နားသတင်ရန်အတွက် မင်္ဂလာဆင်များကို အလှအပတန်ဆာဆင်ခြင်း၊ ကျောပေါ်၌ ပလင်များ တင်ဆောင် အလှဆင်ထား၍ ငှားရမ်းသူများ နှစ်သက်ကြကြောင်း သိရသည်။

"ဒီနှစ်အလှူတွေလည်း ပေါတယ်၊ အလှူတိုင်းတော့ မင်္ဂလာဆင်တော်ငှားကြတယ်၊ ရှင်ပြုမင်္ဂလာအလှူပွဲမှာ မင်္ဂလာဆင်တော်နဲ့ မင်္ဂလာယူကြတာ ပေါ့ဗျာ"ဟု ရွာထန်းတိုက်နယ် ဥသျှစ်ပင်ကျေးရွာနေ အလှူရှင်တစ်ဦးက ပြောသည်။ **လှိုင်သန်းတင့် (ရမည်းသင်း)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့အား Ukhia စခန်း ရှင်းလင်းဆောင်ရွက်၌ တာဝန်ရှိသူများက စခန်းတွင်း ဆောင်ရွက်မှု အခြေအနေများ ရှင်းလင်း တင်ပြစဉ်။

❍ ကျောဖုံးမှ

ထောက်ပံ့ပေးနေမှုနှင့် ကျန်းမာရေး စောင့်ရှောက်နေမှုများကို ရှင်းလင်း ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်တို့က ခရီးစဉ် လာရောက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ ပြန်လည်လက်ခံရန် ဆောင်ရွက်ထားရှိမှု၊ အသင့်ဖြစ်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် စခန်းအတွင်းရှိ စုဝေးခန်းမ၌ နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အခြေခံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံဘက်မှ ပြန်လည်လက်ခံရေးအတွက် အသင့်ပြင်ဆင်ပြီးစီးမှု၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD အစီအစဉ်ဖြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးနေမှုနှင့် NVC ကတ်၏ အကျိုးရလဒ်များ၊ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်မှု အခြေအနေ၊ အိမ်ရာများ တည်ဆောက်ပေးနေမှု၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်း တည်ထောင်ပေးနေမှု၊ ပညာရေးနှင့် ကျန်းမာရေးတို့အား လွယ်လင့်တကူ ရရှိအောင် စီစဉ်ထားမှု၊ ၂၀၁၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ဒုက္ခသည်စခန်းများအား ပိတ်သိမ်းဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့အဖွဲ့ လာရောက်ခြင်းသည် စခန်းအတွင်း ရောက်ရှိနေကြသူများ အနေဖြင့် မိုးမကျမီ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရန် လိုအပ်သည့် ကူညီမှုများကို ဆောင်ရွက်ပေးရန်နှင့် အခက်အခဲများရှိပါကလည်း သက်ဆိုင်ရာနိုင်ငံ၏ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း ဖြေရှင်းပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက ကြိုဆိုလက်ခံစိစစ်ရေးနှင့် နေရာချထားရေးတို့အတွက် လိုအပ်သည်များကို ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်းနှင့် လက်ခံရန်အသင့် ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် တာဝန်ရှိသူများက စခန်းအတွင်း နေထိုင်ကြသူများအား တွေ့ဆုံကာ ၎င်းတို့ သိရှိလိုသည်များကို ရှင်းလင်းပြောကြား၍ လိုလားချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စခန်းအတွင်းရှိ နေရပ်စွန့်ခွာသူများအား နေရာချထားပေးမှုနှင့် စခန်း၏ အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။ **သူရဇော်**



ကော့ဇ်ဘဇားရှိ Ukhia စခန်းကို တွေ့ရစဉ်။

# မြို့တိုင်းရင်းသားအိမ်ထောင်စုများအား နေအိမ်သစ်နှင့် အသုံးအဆောင်ပစ္စည်းများ လွှဲပြောင်းပေးအပ်

**မောင်တော ဧပြီ ၁၁**

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများ စုပေါင်းလှူဒါန်းသော မြို တိုင်းရင်းသားအိမ်ရာသစ်နှင့် အိမ်ထောင်သုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့နံနက် ၁၁ နာရီက ယင်းအိမ်ရာတည်ရှိရာ မောင်တောမြို့ သစ်တုံးနားခွဆုံကျေးရွာအုပ်စု၌ ကျင်းပသည်။

အိမ်ရာသစ်နှင့် အိမ်ထောင်သုံးပစ္စည်းများအပ်နှံပွဲတွင် မောင်တောခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်တို့က အိမ်ရာရေရှည်တည်တံ့ခိုင်မြဲရေး၊ ထိန်းသိမ်းရေးနှင့် နေပျော်စေရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူးတို့က အိမ်ရာသစ်နှင့် အိမ်ထောင်သုံးပစ္စည်းများကို အိမ်ထောင်စုတစ်စုချင်းအလိုက် ပေးအပ်သည်။

"ခုလိုအိမ်သစ်လေးရတာ ကျေးဇူးတင်ပါတယ်၊ ဝမ်းလည်းသာပါတယ်၊ သမီး အသက် ၂၅ နှစ်ရှိပါပြီ၊ ဘဝမှာ ခုလို မကြုံဖူး၊ မတွေ့ဖူး မနေနိုင်ခဲ့ဖူးပါဘူး၊ ခုလို အိမ်သစ်လေးနဲ့ နေရလိမ့်မယ်လို့ မထင်ထားဘူးလေ၊ ဒီလိုမျိုး စီစဉ်ပေးတာ ကျေးဇူးတင်ပါတယ်"ဟု နေအိမ်သစ်ရရှိသူ မြို့တိုင်းရင်းသူ မနန့်ရွှေက ပြောသည်။

အိမ်ရာသစ်နှင့် အိမ်ထောင်သုံးပစ္စည်းများပေးအပ်ပွဲတွင် စက်မှုဝန်ကြီးဌာနမှ လှူဒါန်းသော ဆိုလာမီးအပါအဝင် တစ်အိမ်ထောင်လျှင် Family Kit တစ်စုံစီနှင့် ပန်းကန်ခွက်ယောက်များအား ပေးအပ်ခဲ့သည်။

"အရင်ကလို တောင်ပေါ်မှာ နေရတာ မကြိုက်တော့ဘူး၊ ငြီးငွေ့လာပြီ၊ ခုလို မြေပြန့်မှာအိမ်လေးနဲ့နေရတာ ကောင်းပါတယ်၊ သဘောလည်းကျတယ်၊ အရင်လို တောင်ယာမလုပ်တော့ဘူး၊ လောလောဆယ်တော့ နေစရာရလို့ ဝမ်းသာပါတယ်၊ ခုလို အိမ်သစ်လေးတွေ ဆောက်ပေးတဲ့ နိုင်ငံတော်နဲ့ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်" ဟု မိသားစုဝင်များနှင့်အတူ အိမ်ရာသစ် တက်ခွင့်ရသည့် မြို့တိုင်းရင်းသား ဦးအောင်ဖော်က ပြောသည်။



မောင်တောခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်တို့က ခုံတိုင်ကျေးရွာရှိ တိုင်းရင်းသားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။



ဦးအောင်ဖော်(မြို့ တိုင်းရင်းသား)



မနန့်ရွှေ (မြို့ တိုင်းရင်းသူ)

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများက လှူဒါန်းသော နေအိမ် ၈၆ လုံးကို သစ်တုံးနားခွဆုံကျေးရွာအုပ်စုအတွင်းရှိ ခရုချောင်းကျေးရွာ၊ မျက်ခေါင်းတောင်ကျေးရွာ၊ ပန်းချောင်းကျေးရွာနှင့် အင်းချောင်းအောက်ကျေးရွာတို့မှ မြို့တိုင်းရင်းသား အိမ်ထောင်စုဝင်များအား ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ အကြမ်းဖက်မှုကြောင့် ပျက်စီးရှုံးဆုံးခဲ့သော မောင်တောမြို့ ခုံတိုင်ကျေးရွာရှိ မြို့တိုင်းရင်းသားများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသော နေအိမ် ၃၀ နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လှူဒါန်းသော နေအိမ် ၁၈ လုံး၊ စက်မှုဝန်ကြီးဌာနမှ လှူဒါန်းသော ဆိုလာမီး အပါအဝင် Family Kit တစ်စုံစီနှင့် ဆန်အိတ်၊ အိမ်ထောင်သုံးပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် အိမ်ရာသစ်ရရှိသူ မြို့တိုင်းရင်းသား မိသားစုဝင်များအား အိမ်တိုင်ရာရောက် နေရာချထားပေးခဲ့သည်။

အဆိုပါကျေးရွာများတွင် ကျေးရွာတစ်ရွာ၏ အင်္ဂါရပ်နှင့်အညီလိုအပ်သော ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျေးလက်ဆေးပေးခန်းနှင့် စာသင်ကျောင်းတို့ကို ဖြည့်ဆည်းပေးလျက်ရှိ ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ - တင်စိုး**



သစ်တုံးနားခွဆုံကျေးရွာအုပ်စုအတွင်းရှိ တိုင်းရင်းသားများအတွက် ရောဝတီနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြည်သူများ လှူဒါန်းထားသော အိမ်ရာအဆောက်အအုံသစ်များကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်တွင် ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အား မဏ္ဍပ်ကြီး နှစ်ခု၊ မဏ္ဍပ်လတ် ၁၅ ခု၊ မဏ္ဍပ်သေး ၂၄ ခုတို့ဖြင့် စည်ကားစွာ ကျင်းပသွားမည်

**စစ်တွေ မေ ၁၁**

မြန်မာသက္ကရာဇ် ၁၃၇၉ ခု မဟာသင်္ကြန်ပွဲတော်ကို ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရိုးရာအစဉ်အလာမပျက် စည်စည်ကားကား ကျင်းပရန်အတွက် ကော်မတီအလိုက် အစည်းအဝေးများ ပြုလုပ်ပြီး အစီအစဉ် ငါးခုနှင့် ကျင်းပသွားရန် ဆောင်ရွက်ထားကြောင်း ရခိုင်ပြည်နယ် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောကြားသည်။



ဒေါက်တာချမ်းသာ
ပြည်နယ် လူမှုရေးဝန်ကြီး

"မဟာသင်္ကြန် ဗဟိုမဏ္ဍပ် ဖွင့်ပွဲပိတ်ပွဲ၊ နံ့သာသွေးပြိုင်ပွဲ၊ နံ့သာရည်နဲ့ ဘုရားရေသပ္ပာယ်ပွဲ၊ နှစ်ဆန်းတစ်ရက်နေ့မှာ သက်ကြီးဘိုးဘွား ပူဇော်ပွဲနဲ့ အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်ပွဲတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် ရခိုင်ပြည်နယ်အနေဖြင့် ခရိုင်၊ မြို့နယ်အသီးသီးတို့တွင် မဏ္ဍပ်ကြီးနှစ်ခု၊ မဏ္ဍပ်လတ် ၁၅ ခု၊ မဏ္ဍပ်သေး ၂၄ ခု စုစုပေါင်း မဏ္ဍပ် ၄၁ ခုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်း ဗဟိုမဏ္ဍပ်ကို စစ်တွေမှာပဲ လုပ်ပါတယ်၊ ဒီမဏ္ဍပ်က အစိုးရအဖွဲ့က ကြီးမှူးပြီး လုပ်တာ၊ နောက်တစ်ခုက ရခိုင်ရိုးရာ မဏ္ဍပ်ဆိုပြီး မိဇ္ဈရပ်ကွက်မှာ ဒေသခံပြည်သူတွေက လုပ်ပါတယ်၊ အဲဒါကိုလည်း ကျွန်တော်တို့ ရခိုင်ပြည်နယ် အစိုးရကပဲ ပံ့ပိုးကူညီပေးပါတယ်၊ စစ်တွေမှာတော့ မဏ္ဍပ်ကြီး နှစ်ခုရှိပါမယ်၊ ကျန်တာကတော့ ဌာနဆိုင်ရာတွေက မဏ္ဍပ်ပေါင်း ၁၅ ခုလောက် ဆောင်ရွက်ထားတာရှိပါတယ်၊ ရခိုင်မှာ အရင်နှစ်တွေထက်စာရင် ဒီနှစ်က ဌာနဆိုင်ရာ မဏ္ဍပ်တွေပါ ပါဝင်လာလို့ ပိုစည်ကားမယ်လို့ထင်ပါတယ်၊ ဌာနဆိုင်ရာတွေကို မဏ္ဍပ်တွေလုပ်တဲ့နေရာမှာ မလုပ်မနေရမဟုတ်ဘူး၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေလည်း သင်္ကြန်တွင်း ပျော်ရွှင်မှုရအောင်ပါ၊ လုပ်တဲ့နေရာမှာ ငွေကြေးအများအပြား ကုန်ကျတာမျိုးမဟုတ်ဘဲ တစ်နိုင်တစ်ပိုင် လုပ်ကြပါဆိုပြီး စည်စည်ကားကား ဖြစ်အောင် လုပ်ကြတာ ဖြစ်ပါတယ်"ဟု ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ဆက်လက်ပြောကြားသည်။

"သက်ဆိုင်ရာ မဏ္ဍပ်တွေမှာတော့ အကအဖွဲ့တွေ၊ ယိမ်းအဖွဲ့တွေရှိမယ်၊ ရခိုင့်ရိုးရာလောင်းလှေတွေနဲ့ ရေလောင်းတာတွေရှိမယ်၊ စတုဒိသာ အကျွေးအမွေးတွေလည်း ရှိမှာဖြစ်ပါတယ်၊ လုံခြုံရေးအနေနဲ့ကလည်း ရဲတပ်ဖွဲ့က တာဝန်ယူထားတဲ့အတွက်ကြောင့် စစ်တွေသင်္ကြန်ဟာ စည်စည်ကားကားနဲ့ သိုက်သိုက်မြိုက်မြိုက် ဖြစ်သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"နောက်တစ်ခုက ငပလီကို လူတွေပိုပြီးတော့ စိတ်ဝင်စားလာအောင်၊ ပြည်ပကလာတဲ့ နိုင်ငံခြားသားတွေနဲ့ ပြည်မကလာတဲ့သူတွေ ရခိုင့်ယဉ်ကျေးမှုကို သိရှိထိတွေ့နိုင်အောင်ဆိုပြီးတော့ ငပလီမှာ ရခိုင့်ရိုးရာ ရခိုင်မဏ္ဍပ်ကို ဒီနှစ်စတင်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်၊ စစ်တွေမြို့ဟာ ရခိုင်ပြည်နယ်ရဲ့မြို့တော်ဖြစ်တဲ့အတွက်ကြောင့် ပြည်နယ်မှာကတော့ ပြည်နယ်အဆင့်နဲ့ လျော်ညီစွာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်၊ ငပလီမှာ လုပ်တဲ့အတွက်ကြောင့် နိုင်ငံခြားသားတွေအနေနဲ့လည်း ရခိုင့်ရိုးရာ ယဉ်ကျေးမှုကိုသိသွားနိုင်မယ်၊ နောက်တစ်ချက်က ရခိုင့်ယဉ်ကျေးမှုဟာ သံတွဲ၊ တောင်ကုတ်တို့လို ရခိုင်တောင်ပိုင်းမြို့တွေထိကို ပျံ့နှံ့တယ်ဆိုတာလည်း ကျွန်တော်တို့ ပြချင်တာလည်း ပါပါတယ်"ဟု ပြည်နယ် လူမှုရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့ ငယ်ငယ်တုန်းကဆို လောင်းလှေတွေနဲ့ ရေလောင်းခဲ့ကြတယ်၊ နှစ်ကာလတွေ ကြာသွားတော့ တိမ်မြုပ်သွားတာလေးတွေ ရှိပါတယ်၊ ဒါလေးတွေကို ပြန်လည်ဖော်ထုတ်ဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာလည်း ပါပါတယ်၊ ငပလီကို တသီးတသန့် သွားလုပ်တာ မဟုတ်ပါဘူး၊ ရခိုင်တစ်ပြည်လုံးမှာရှိတဲ့ မြို့တွေအားလုံးမှာ လုပ်မှာဖြစ်ပါတယ်၊ ရခိုင်ပြည်နယ် အစိုးရကလည်း မြို့နယ်တိုင်းမှာရှိတဲ့ သင်္ကြန်တွေကို စည်ကားဖို့အတွက် တစ်မြို့နယ်ကို ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးထားပါတယ်၊ မြို့နယ်အားလုံးမှာ စည်စည်ကားကားလုပ်မှာဖြစ်ပါတယ်၊ မောင်တောဆိုရင်လည်း သူ့ရိုးရာအစဉ်အလာအတိုင်း မောင်တောသင်္ကြန်က နှစ်ဆန်းတစ်ရက်နေ့မှာ စတာဆိုတော့ မောင်တောမှာလည်း စည်စည်ကားကား ကျင်းပပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်၊ ပြည်နယ်အစိုးရအနေနဲ့လည်း တတ်နိုင်သလောက် ပံ့ပိုးကူညီပေးထားပါတယ် " ဟု ၎င်းက ပြောကြားသည်။



စစ်တွေမြို့ပေါ်ရှိ သင်္ကြန်ရေကစားမဏ္ဍပ်တစ်ခုကို တွေ့ရစဉ်။

ရခိုင်ရိုးရာသင်္ကြန်သည် ရိုးရာအစဉ်အလာမပျက် ဆောင်ရွက်သည့် သင်္ကြန်ဖြစ်သည့်အတွက် ရိုးရာတိမ်ကောခြင်းမရှိအောင် ဘုရားကိုရေသပ္ပာယ်ပြီးမှသာ လူပုဂ္ဂိုလ်များက ရေပက်ကစားသည့် အစဉ်အလာရှိကြောင်း၊ ယင်းကို ရခိုင်ဘုရင်များ လက်ထက်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဘုရားကို ရေသပ္ပာယ်မယ်ဆိုရင်လည်း ရိုးရိုးရေနဲ့မဟုတ်ဘဲ နံ့သာရည်နဲ့ပဲ ဘုရားကို ပူဇော်ပါတယ်၊ အကြိုနေ့မှာ နံ့သာသွေးပြိုင်ပွဲကို လုပ်ပါမယ်၊ နံ့သာသွေးပြိုင်ပွဲမှာ ကျွန်တော်တို့ ဆုတွေလည်းပေးမှာ ဖြစ်ပါတယ်၊ နံ့သာသွေးပြိုင်ပွဲကရတဲ့ နံ့သာရည်နဲ့ပဲ အတုလမာရဇိန်ဘုရားကြီးကို ရေသပ္ပာယ်မှာဖြစ်ပါတယ်၊ မဏ္ဍပ်တွေမှာတော့ အဆိုအကတွေပါဖို့ရှိပါတယ်၊ ကျွန်တော်တို့ ဖျော်ဖြေရေးတွေလုပ်ပါမယ်၊ နောက်ပြီး ရခိုင်အဆိုတော်တွေကိုလည်း ဖိတ်ခေါ်ထားပါတယ်၊ အဆိုတော်တွေနဲ့ မဏ္ဍပ်တွေမှာ အားဖြည့်ပြီး ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်၊ နောက်ပြီး ရေကိုလည်း အင်နဲ့အားနဲ့ လောင်းနိုင်အောင် ရေရရှိရေးကိုလည်း စီစဉ်ထားပါတယ်" ဟု ၎င်းက ပြောကြားသည်။

"ကျွန်တော်တို့ သင်္ကြန်ဆိုတာ ရိုးရာအစဉ်အလာမပျက် ဆောင်ရွက်တာဖြစ်ပါတယ်၊ အင်မတန်မှ ယဉ်ကျေးသိမ်မွေ့တဲ့ ပွဲတော်တစ်ခုလည်းဖြစ်ပါတယ်၊ ကျွန်တော့်အနေနဲ့ ပြောချင်တာက အင်မတန် ပျော်ရွှင်စရာ၊ ချစ်စရာကောင်းတဲ့ ခုလိုသင်္ကြန်မှာ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် ရှေးရိုးရာမပျက် ရေလောင်းရင်းနဲ့ ပျော်ပျော်ပါးပါး နှစ်ဟောင်းက အညစ်အကြေးတွေ ဆေးကြောပြီး နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ ဆောင်ရွက်နိုင်ဖို့ လိုပါတယ်၊ သင်္ကြန်ပွဲတော်ကို ရခိုင်ပြည်နယ်မှာရှိတဲ့ ပြည်သူပြည်သားအားလုံး အစိုးရအဖွဲ့နဲ့အတူ ပူပေါင်းပါဝင်ပြီး ပျော်ပျော်ပါးပါးဆင်နွှဲကြဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ၊ ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ် ဆောက်လုပ်ရေးနှင့် အခမ်းအနားပြင်ဆင်ရေးလုပ်ငန်း ကော်မတီ၊ နံ့သာသွေးပြိုင်ပွဲနှင့် ဘုရားနံ့သာရေသပ္ပာယ်ရေး လုပ်ငန်းဆပ်ကော်မတီ၊ ဖိတ်ကြားရေးလုပ်ငန်းဆပ်ကော်မတီ၊ ဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားနှင့် ဖျော်ဖြေရေးလုပ်ငန်း ဆပ်ကော်မတီ၊ ဗဟိုရေကစားမဏ္ဍပ်၊ ရေကစားလုပ်ငန်းဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်း ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ပရိတ်ရွတ်ပွဲလုပ်ငန်းဆပ်ကော်မတီ၊ သက်ကြီးပူဇော်ပွဲကျင်းပရေး လုပ်ငန်းဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ- နိုင်လင်း**

# ရခိုင်ပြည်နယ် နယ်စပ်လုံခြုံရေး ခြံစည်းရိုးကာရန်အတွက် အလှူငွေပေးအပ်



**ရန်ကုန် မေ ၁၁**

ရခိုင်ပြည်နယ် နယ်စပ်လုံခြုံရေး ခြံစည်းရိုးကာရန်အတွက် အသုံးပြုရန် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် STAND OUR LAND GROUP မှ လှူဒါန်းသောအလှူငွေကျပ် သိန်း ၃၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်က လက်ခံရယူခဲ့သည်။ **(အပေါ်ပုံ)**

"ခြံစည်းရိုးအတွက်က ကျွန်တော်တို့ထက်ပိုပြီး လှူဒါန်းနိုင်တဲ့ သူဌေးကြီးတွေလည်း လှူဒါန်းပြီးပါပြီ၊ ကျွန်တော်တို့က တစ်နိုင်တစ်ပိုင်နဲ့ ကူညီဆောင်ရွက်ပေးတဲ့ ပရဟိတလုပ်တဲ့ လုပ်ငန်းလေး တစ်ခုအနေနဲ့ပဲ လုပ်ဖြစ်တာပါ၊ ကိုယ့်ခြံကိုယ့်ဝင်းထဲတောင် ခြံတံခါးမလုံလို့ရှိရင် သူခိုးတွေ၊ ဓားပြတွေ ဝင်နိုင်သလို၊ ခွေးတွေ၊ ကြွက်တွေ၊ ကြောင်တွေလည်း ဝင်လာနိုင်တယ်ပေါ့နော်၊ အဲလိုမျိုးလေးတွေမဖြစ်အောင်အတွက် ကျွန်တော်တို့က ကိုယ့်အိမ်မှာ ခြံစည်းရိုးခတ်ရသလို ကျွန်တော်တို့တိုင်းပြည် ကျွန်တော်တို့အဝန်းအဝိုင်း ပိုင်နက်ကို လုံခြုံအောင် လုပ်တဲ့အခါမှာ ကျွန်တော်တို့က တစ်တပ်တစ်အားနဲ့ ပါဝင်တဲ့သဘောပါပဲ"ဟု STAND OUR LAND GROUP မှ ကိုမျိုးသော်က ပြောကြားသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလမှ စတင်၍ လူမှုကွန်ရက်စာမျက်နှာဖြစ်သော Facebook တွင် စာများရေးသားကာ လူတစ်ယောက်လျှင် တစ်ထောင်ကျပ်ဖြင့် အလှူငွေကောက်ခံခြင်းမှ အစပြုခဲ့ပြီး ကောက်ခံရရှိငွေများကို ဘဏ်တွင် ငွေစာရင်း ဖွင့်လှစ်ထားခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်ကဲ့သို့သော နယ်ဝေးမှ အလှူငွေများကိုပါ ဘဏ်စာရင်းတွင် လက်ခံရရှိခဲ့ပြီး ယခုကဲ့သို့ လှူဒါန်းနိုင်ခဲ့ခြင်းဖြစ်သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊**
**ဓာတ်ပုံ - ထိန်လင်း**



**ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ပေါ်၌ သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရေးအတွက် မေ ၁၁ ရက်က တပ်ကြပ်ကြီး သန်းရွှေ ဦးဆောင်၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မောင်းနှင်လာသူများအား ယာဉ်စည်းကမ်းနှင့်ပတ်သက်၍ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေးဆွေးနွေးခဲ့ကြစဉ်။**

ကျော်လှ မြို့နယ် (ပြန်/ဆက်)

## မြန်မာ့ရုပ်မြင်သံကြား

**၁၂-၄-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၁၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန)
၁၀:၃၀ - အလုပ်သမားရေးရာ အစီအစဉ်
၁၁:၁၀ - **ရိုးရာမပျက် ယဉ်ကျေးစွာဆင်နွှဲ မြန်မာတို့ရဲ့ မဟာသင်္ကြန်ပွဲ**
၁၁:၂၀ - ဘဝထဲက ဝတ္ထု၊ ဝတ္ထုထဲက ဘဝ **ကံကြမ္မာရဲ့အရသာ**
၁၁:၄၅ - **အေးချမ်းပျော်ရွှင် မဟာသင်္ကြန်တွင်** (အပိုင်း-၅)
၁၂:၃၀ - **အလှထူးတဲ့ လတန်ခူး** (အေးသူဇာမြင့်၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ မျိုးဝင်းအောင်၊ ဖြူခင်ချို ၊ မို့မို့မြင့်အောင် ၊ ပပခင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများ)
၁၂:၅၀ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-1) (စစ်တွေမြို့) (ဒုတိယပိုင်း)

**ညပိုင်း**

၁၆:၁၅ - **ရှမ်းပြည်နယ်တောင်ပိုင်းခရီးသွားမြှင့်တင်ရေး** (အပိုင်း-၇)
၁၇:၃၀ - လူမှုစီးပွားမြင်ကွင်းများ
၁၈:၁၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၉:၁၅ - **ချစ်စရာ့ တာသင်္ကြန်**
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (နေပြည်တော်ကောင်စီ)
- America's Got Talent
- နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်** (အပိုင်း-၂၄)
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ အကယ်ဒမီ-ခင်သီတာထွန်း)

# ဒုံးကျည်သုံးလုံးနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၁**

တပ်မတော်သားများသည် ကော့ကရိတ်မြို့နယ် ကောင်းမှုကျေးရွာ၌ မေ ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက မသင်္ကာဖွယ်ရာ မိုးကာစဟောင်းအချို့ကို တွေ့ရှိရသဖြင့် ယင်းပတ်ဝန်းကျင်အား မိုင်းရှာစက်၊ မိုင်းရှာခွေးတို့ကို အသုံးပြု၍ အသေးစိတ် ရှင်းလင်းရှာဖွေခဲ့ရာ မိုးကာစဟောင်းနှင့် ဖယောင်းပုဆိုးဖြင့် ထုပ်ထားသော အရှည် ၅ ပေ၊ အချင်း ၃ ဒသမ ၅ လက်မခန့်ရှိ GM-302 Rocket ဒုံးပစ်လောင်ချာ အမျိုးအစား ဒုံးကျည်သုံးလုံးနှင့် ဒုံးပစ်ရာတွင် အသုံးပြုသည်ဟု ယူဆရသော သတ္တုအိမ်အတွင်း အချက်ပြမီးလုံးလေးလုံးကို ဝိုင်ယာကြိုး ပေ ၂၀ ခန့် တွဲလျက် တွေ့ရှိသိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။



**ဖမ်းဆီးရမိ**

အလားတူ မေ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက လောင်းလုံး မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ်-၃၃ မူးယစ်ဆေးဝါးတား ဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လောင်းလုံးမြို့နယ် ဂေါ့အင်းကျေးရွာနေ စည်သူစိုးသန့် (ခ)ဇင်ကို (၂၁ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ခန်း ခုတင်ခြေရင်းမှ အရှည်လေးလက်မရှိ ပြောင်းချော ပစ္စတိုသေနတ်တစ်လက်၊ NRC 38 Special စာတန်းပါ ကျည်ခွံတစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် လောင်းလုံး မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဖမ်းဆီးခံထားရသော ရိုက်တာသတင်းထောက်နှစ်ဦးဘက်မှ စွဲချက်မတင်မီလွှတ်ပေးရန်လျှောက်လဲချက်ကို တရားရုံးကပယ်ချ

**ရန်ကုန် မေ ၁၁**

၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)ဖြင့် တရားစွဲခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှသတင်းထောက် သက်ဦးမောင်(ခ)ဝလုံးနှင့် ကျော်စိုးဦး(ခ)မိုးအောင်တို့နှစ်ဦးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ ရုံးထုတ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ ဒုတိယခရိုင် တရားသူကြီး ဦးရဲလွင်ထံ စွဲချက်မတင်မီလွှတ်ပေးရန် လျှောက်လဲချက်အပေါ် ပယ်ချကြောင်း အမိန့်ချမှတ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယနေ့ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး-၂ ဦးအုန်းခိုင် က "ဒီကနေ့ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ်-၄ တရားလို ဒုတိယ ရဲမှူးကြီး ယုနိုင်၊ တရားခံ သက်ဦးမောင်(ခ) ဝလုံး ပါ-၂ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)အရ အမှုမှ တရားခံများဘက်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၂)အရ စွဲချက်မတင်မီလွှတ်ပေးဖို့ ယခင်အပတ်ရုံးချိန်းမှာ လျှောက်ထားတာရယ်၊ ဒီနေ့ရုံးချိန်းမှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂(၂)အရ လိုပြသက်သေ သုံးဦးအတွက် ရဲထွက်ချက်မိတ္တူပေးဖို့ လျှောက်ထားတာရယ်နဲ့ ပတ်သက်ပြီး ပယ်ကြောင်းအမိန့်ချမှတ်ခဲ့တာပါ။ ပုဒ်မ ၁၆၂(၂)အရ ကြိုတင်လျှောက်ထားခြင်း မရှိတဲ့အတွက် သက်သေခံအက်ဥပဒေပုဒ်မ ၁၄၅-၁၅၅ ပြဋ္ဌာန်းချက်များအရ တရားလိုပြသက်သေများ ရုံးရှေ့ခေါ်ယူစစ်ဆေးမှု မပြုလုပ်ရသေးတဲ့အတွက် ခုနေအဆင့်မှာ လျှောက်ထားခွင့်ပြုရန်မသင့်သေးတဲ့အတွက် ပယ်ကြောင်း အမိန့်ချမှတ်ခဲ့တာပါ။ လိုပြသက်သေ ဆက်လက်စစ်ဆေးဖို့ မေ ၂၀ ရက် (သောကြာနေ့)ကို ချိန်းဆိုထားပါတယ်" ဟုပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကျောင်းသား ကျောင်းသူများ၏ ဖုန်းနှင့် ငွေများ ခိုးယူခံရ

**ပခုက္ကူ မေ ၁၁**

၂၀၁၈ ခုနှစ် အခြေခံစာတတ်မြောက်ရေး လုပ်ငန်း ကူညီသင်ကြားပေးနေသည့် ကျောင်းသား ကျောင်းသူများထံမှ လက်ကိုင်ဖုန်းကိုးလုံးနှင့် ငွေကျပ် ရှစ်သောင်းအခိုးခံရမှု မေ ၁၁ ရက် နံနက် ၁ နာရီကျော်က ပခုက္ကူမြို့ အမှတ် ၅ ရပ်ကွက် အမှတ် ၁၄၅ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဖြစ်ပွားခဲ့သည်။

ပခုက္ကူတက္ကသိုလ်မှ ကျောင်းသား ကျောင်းသား ကျောင်းသူများ နှစ်ဦး၊ ကျောင်းသူ ၁၂ ဦးသည် အမှတ် ၅ ရပ်ကွက်အတွင်း စာသင်ဝိုင်းငါးဝိုင်းတွင် အခြေခံစာတတ်မြောက်ရေး သင်ကြားပေးလျက်ရှိပြီး အမှတ်၁၄၅ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ညအိပ်တည်းခိုနေစဉ် မေ ၁၁ ရက် နံနက် အစောပိုင်းက လက်ကိုင်ဖုန်းကိုးလုံးနှင့် ငွေကျပ်ရှစ်သောင်းခိုးယူခံရမှု ဖြစ်ပွားခြင်းဖြစ်သည်။ ညအိပ်ပျော်နေစဉ်အခန်းကို မွှေနှောက်ယူဆောင်သွားခြင်းဖြစ်ပြီး အခြေခံစာတတ်မြောက်ရေးသင်ကြားပေးသည့် စာသင်ခန်းအတွင်းရှိ ဝိုက်ဘုတ်ပေါ်တွင် "သတိထားကြပါ" စာတန်းကိုပါ မာကာပင်နှင့် ရေးသားသွားကြောင်း စစ်ဆေးတွေ့ရှိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့် ဆောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေးနှင့် ဌာနဆိုင်ရာများ သွားရောက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေးကိစ္စများ အဆင်ပြေစေရန် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို မေ ၇ ရက်မှစ၍ စတင်အကောင်အထည်ဖော်ခဲ့ပြီး မြို့နယ်အတွင်း စာသင်ဝိုင်း ၁၂၉ ဝိုင်းရှိကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

# ဖားကန့်၌ မိုင်းပေါက်ကွဲမှုကြောင့် တစ်ဦးဒဏ်ရာရ

**နေပြည်တော် မေ ၁၁**

ဖားကန့်မြို့နယ် ကာမိုင်းမြို့စံပြကျေးရွာနေ အားဖူဆဲ(၃၆ နှစ်)သည် တစ်ရွာတည်းနေ အားဆီဝူး(၁၃ နှစ်)နှင့်အတူ စံပြကျေးရွာ၏ အနောက်ဘက် သုံးမိုင်ခန့်အကွာ နမ့်ဆိုင်ချောင်းဘေးသို့ တောလည်ကိုင်းထောင်သွားခဲ့ရာ မေ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက ကေအိုင်အေအဖွဲ့များ ထောင်ထားသည့် မိုင်းကို နင်းမိပေါက်ကွဲခဲ့သဖြင့် အားဖူဆဲတွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ဗန်ကောက်တိုက်နယ်ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ကန့်ဘလူမြို့နယ်တွင် ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည်နှစ်ဦး ဒဏ်ရာရရှိ

**ကန့်ဘလူ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးကုန်းရဲစခန်းအပိုင် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး ပေကြီးကျေးရွာ အနီးတွင် မေ ၁၁ ရက် နံနက်၇ နာရီ မိနစ် ၂၀ က မော်တော်ယာဉ်တစ်စီးတိမ်းမှောက်မှုကြောင့် ခရီးသည်အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု လမ်းမကြီး မိုင်တိုင်အမှတ် ၃၀/၃ နှင့် ၃၀/၄ အကြား ပေကြီးကျေးရွာနှင့် ယမနေကျေးရွာအကြားတွင် ဖားကန့်မြို့မှ ပုလဲမြို့သို့ ယာဉ်မောင်း ကိုသန့်ဇင် တစ်စိတ်ကျေးရွာ တန့်ဆည်မြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် MDY 6M/------ ဟိုက်အေ့စ်ယာဉ်သည် ပေကြီးကျေးရွာအထွက် ပေကြီးတံတား အနီးတွင် ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်း၏ ညာဘက်သို့ ထိုးကျခဲ့ရာ ယာဉ်ပေါ်ပါခရီးသည် ၁၄ ဦးအနက် မခင်ဆွေအေး(၃၂ နှစ်)၊ မမိမိမော်(၃၀ နှစ်) ဝေခါရပ်ကွက် ဖားကန့်မြို့နေသူတို့တွင် ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)များ ရရှိခဲ့သည်။

**အရေးယူဆောင်ရွက်**

ယင်းဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူနှစ်ဦးအား ဇီးကုန်းမြို့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူလျက်ရှိပြီး ယာဉ်မောင်း ကိုသန့်ဇင်အား ဇီးကုန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မဘိမ်းမြို့နယ်အတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မဘိမ်း မေ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ် ကွန်းတောကျေးရွာအပိုင် ဒေသအခေါ် ကျွန်းကုန်း၌ ဦးသိန်းကျော် ဈေးဆိုင်တဲအနီးတွင် မေ ၁၁ ရက် နံနက် ၄ နာရီက နယ်မြေခံ တပ်မတော်သားများသည် ဘိန်းဖြူ ၁၀၃၇ ဒသမ ၀၂ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၂၆၀၀ နှင့် ဘိန်းမဲ ၇၀၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သိန်းကျော် ဝေခူးကျေးရွာ ရွှေကူမြို့နယ်နေသူအား မဘိမ်း မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းယူနိုက်တက်အသင်း
# AFC Cup ပြိုင်ပွဲမှ ထွက်ခဲ့ရ

**စင်ကာပူ မေ ၁၁**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (F) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ စင်ကာပူကလပ် ဟုမ်းယူနိုက်တက်အသင်းကို ၎င်းတို့၏အိမ်ကွင်းဖြစ်သည့် စင်ကာပူနိုင်ငံရှိ ဂျလန်ဘီဆာကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရမှ နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သောကြောင့် ကြိုးစားခဲ့သော်လည်း ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရပြီဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားလေးဦးအပါအဝင် လူစုံပါဝင်ခဲ့ပြီး ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့သော်လည်း အပြန်အလှန်သွင်းဂိုးများဖြင့် အရေးနိမ့်ခဲ့ရသည်။ ပွဲအစ ကိုးမိနစ်တွင် ဇင်မင်းထွန်းက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ခဲ့ဘဲ ဂိုးများ ဆက်တိုက်ပေးခဲ့ရသည်။ ၁၉ မိနစ်တွင် ရိုစလန်က ဟုမ်းယူနိုက်တက်အတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး ၂၅ မိနစ်တွင် ဆောင်အူယောင်က ဦးဆောင်ဂိုးထပ်သွင်းခဲ့သည်။ သုံးမိနစ်အကြာတွင် ခရစ္စတိုဖာက ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း ၃၉ မိနစ်တွင် အစ္စဟတ်က ဟုမ်းယူနိုက်တက်အသင်းအတွက် တတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ဟုမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းကစားခဲ့ပြီး ပွဲပြီးခါနီးတွင် ရှမ်းယူနိုက်တက်ကွင်းလယ်လူ လီဟန်ကွတ် အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။

ယခုပွဲအပြီးတွင် အုပ်စု (F) ၌ ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းက ၁၃ မှတ်၊ စင်ကာပူကလပ် ဟုမ်းယူနိုက်တက်က ၁၀ မှတ်ဖြင့် နောက်တစ်ဆင့်တက်ရန် အခွင့်အရေးရှိနေပြီး သုံးမှတ်စီသာရသေးသည့် ရှမ်းယူနိုက်တက်နှင့် အန်ကော (ကမ္ဘောဒီးယား)အသင်းတို့မှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။

**ရဲရင့်ရှိုင်း**

❖ *ကျောဖုံးမှ*

ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့ပြီး လူငယ်ကစားသမားအများစုနှင့် နိုင်ငံခြားသားကစားသမားများကို တွဲဖက်အသုံးပြုခဲ့သည်။ နောက်တစ်ဆင့်တက်ရေး မဖြစ်မနေနိုင်ပွဲရရန် လိုအပ်နေသည့် ဘာလီအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၀ မိနစ်တွင် ဆူပါဆိုက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် ချေပဂိုးရရန်ကြိုးပမ်းလာသော်လည်း ၃၆ မိနစ်တွင် ဂိုးထပ်ပေးခဲ့ရသည်။ ဘာလီယူနိုက်တက်အတွက် ဒုတိယဂိုးကို ဆူကာရာဂျာက သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရန်ကုန်အသင်း ချေပဂိုးပြန်ရခဲ့ပြီး မောင်မောင်လွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဘာလီယူနိုက်တက် နောက်တန်း ပြိုဆင်းလာပြီး ၅၈ မိနစ်တွင် ရန်ကုန်အသင်း ဒုတိယချေပဂိုးရခဲ့ကာ အီမန်နူရယ်က တစ်ကိုယ်တော်အစွမ်းဖြင့် ကျော်ဖြတ် သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေကျပြီး နောက်ပိုင်းတွင် ရန်ကုန်အသင်းက ကစားအားရော စိတ်ဓာတ်ပါ အသာရသွားပြီး အနိုင်ဂိုးရရန် ကြိုးစားလာသည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးကို ၇၃ မိနစ်တွင် မောင်မောင်လွင် ဖန်တီးပေးသောဘောလုံးကို ဆယ်လာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးအတွင် အုပ်စု G ၌ ရန်ကုန်အသင်းက ငါးပွဲကစား ၁၂ မှတ်ဖြင့် အုပ်စုပထမ ရကာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး ဘာလီယူနိုက်တက်အသင်းမှာမူ ငါးမှတ်ဖြင့် အခွင့်အရေးနည်းသွားပြီဖြစ်သည်။

**ညီမြတ်သော်တာ**

# ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်မှ ဘာစီလိုနာနှင့် မန်စီးတီး နှုတ်ဆက်ထွက်ခွာ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များအဖြစ် မေ ၁၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ နာမည်ကြီး ဘာစီလိုနာနှင့် မန်စီးတီးတို့ ပြိုင်ဘက်များကို ရှုံးနိမ့်၍ နှုတ်ဆက်ထွက်ခွာရပြီဖြစ်သည်။ ရိုးမားက သုံးဂိုး-ဂိုးမရှိဖြင့် ဘာစီလိုနာကို အနိုင်ရရှိခဲ့ပြီး လီဗာပူးက မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲ သို့ တက်ရောက်ခဲ့သည်။

ရောမမြေတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အီတလီကလပ် ရိုးမားနှင့် စပိန် ကလပ် ဘာစီလိုနာတို့သည် ပထမအကျော့ စပိန်မြေတွင် ယှဉ်ပြိုင်ခဲ့စဉ်က အိမ်ရှင် ဘာစီလိုနာအသင်း လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ပွဲစပြီး ခြောက်မိနစ်တွင် ဒီဇီကိုက ရိုးမားအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်း ၅၈ မိနစ်တွင် ရိုးမားအသင်း ပယ်နယ်တီကန်ခွင့်ရကာ ကွင်းလယ်ကစားသမား ဒီရော့ဆီက ကန်သွင်းခဲ့သည်။ ပွဲချိန် ၈၂ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် နောက်တန်းကစားသမား မာနိုလက်စ်က ခေါင်းတိုက်သွင်းယူကာ ရိုးမားတို့ တတိယဂိုးရရှိခဲ့သည်။ ယင်းပွဲတွင် ဘာစီလိုနာ၏ တစ်ကိုယ်တော် စွမ်းရည်များကို ရိုးမားကစားသမားများ ကြမ်းကြမ်းတမ်းတမ်းဟန့်တားနိုင်ခဲ့၍ ဘာစီလိုနာ တိုက်စစ်မထိရောက်ခဲ့ပေ။ ယင်းနှစ်သင်းသည် နှစ်ကျော့ပေါင်း တစ်ဖက်လေးဂိုးစီရရှိသော်လည်း ရိုးမားသည် အဝေးကွင်းဂိုးရလဒ်ကြောင့် နောက်တစ်ဆင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

အင်္ဂလန်နှစ်သင်း တွေ့ဆုံခဲ့သည့် မန်စီးတီးနှင့် လီဗာပူးပွဲတွင် ပထမအကျော့ လီဗာပူးအိမ်ကွင်းတွင် အိမ်ရှင်က သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရထားသည်။ ယနေ့ပွဲတွင် အိမ်ရှင်မန်စီးတီးအသင်းပွဲစပြီး နှစ်မိနစ်တွင် စတာလင်း ဖန်တီးမှုမှတစ်ဆင့် ဂျီးဆပ်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းတွင် မန်စီးတီးအသင်း၏ ကစားကွက်ကို မထိန်းချုပ်နိုင်ဘဲ လီဗာပူးအသင်း ဖိအားပေးခံခဲ့ရသည်။ ဒုတိယပိုင်းတွင် လီဗာပူးအသင်း ကစားကွက်ပုံဖော်နိုင်ခဲ့ပြီး ပွဲချိန် ၅၆ မိနစ်တွင် ဆာလက်က လီဗာပူးအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၇၇ မိနစ်တွင် မန်စီးတီး နောက်တန်းအားနည်းမှုကြောင့် တိုက်စစ်မှူး ဖာမီနိုက လီဗာပူးအတွက် ဒုတိယမြောက် အနိုင်ဂိုးသွင်းယူခဲ့သည်။ လီဗာပူးအသင်းသည် ယခုနှစ်ရာသီ ပြည်တွင်း ပရီမီယာလိဂ် ချန်ပီယံလမ်းကြောင်းပေါ်တွင် ရပ်တည်နေသည့် မန်စီးတီးကို နှစ်ကျော့စလုံး အနိုင်ယူကာ နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲစဉ်ကို မေ ၁၃ ရက်တွင် မဲနှိုက်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

**သီဟ**

## မြန်ကြားရေးဝန်ကြီးဌာန
## မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်ကြားရေးဝန်ကြီးဌာန၊ မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး၊ ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Online UPS, Power Tree 6KVA | 1 No |
| ၂။ | Dell Poweredge R740<br>- Dell Server R740<br>- Edge Firewall FG-100E-BDL<br>- Access Switch/Layer 2 Switch Ws-C2960X-24PS-L<br>- Virtualization License for 1 Server<br>(Storage 48 TB, Ram 128G)<br>Requirements<br>Network Installation<br>Server Installation<br>Firewall Installation | 1 No |
| ၃။ | Personal Computer (Desktop)<br>Intel Core i5-6400 2.7 GHZ<br>Asus H 110 Board, 4GB DDR4 Memory,<br>1 TB HDD, Asus GT 710 2GB Graphic<br>CD/DVD R/W, Monitor Acer 22"<br>A4 Tech Keyboard, A4 Tech Mouse,<br>A4 Tech Speaker, UPS Green Power 650VA | 20 Sets |
| ၄။ | Laser Printer (A4)<br>Canon LBP-2900 B, 600x600 dpi, 12ppm | 20 Nos |
| ၅။ | HP Laser Jet Printer Pro<br>M 130 nw 1200 x 1200 DPI Resolution<br>A4/Legal 22 ppm | 2 Nos |
| ၆။ | Dot Matrix Printer, Epson LQ 310 | 2 Nos |
| ၇။ | Multifunction Copier<br>Konica Minolta Bizhub 206<br>(A3 Size) B/W Copier & Printer<br>A3 Color Scanner, 600 x 600 dpi<br>20 PPM, 250 Sheets Paper Tray | 8 Nos |
| ၈။ | Projector Vivitek<br>Lumens 3500, Resolution (1280x800)<br>TS 8484 Tripod Screen(W 84"xH84") | 20 Sets |
| ၉။ | Generator 200 KVA, Caterpillar(or) Powermax<br>Sound Proof<br>380V-415V/220V-240V<br>AC Three Phase 50Hz<br>Manual 3 Pole MCCB<br>With Installation | 1No |
| ၁၀ | Power Transformer 100KVA<br>11/0.4KV တပ်ဆင်ခြင်းနှင့်<br>11KV ဓာတ်အားလိုင်း ၅၅၀ပေ သွယ်တန်းခြင်းလုပ်ငန်း | 1Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၄-၂၀၁၈ရက်မှ ၁၀-၅-၂၀၁၈ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ် (၁၀၀၀၀/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၅-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**မြန်ကြားရေးနှင့်**
**ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**မြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ**
**ဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**မြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

## အများပြည်သူသဘောထားတောင်းခံခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကွန်ရက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (သာမန်) ရရှိထားသော Pan Asia Majestic Eagle Limited ၏ မူလအစုရှယ်ယာရှင်ဖြစ်သော Blue Farm Investments Limited ၏ အစုရှယ်ယာ (၁၀၀%)အား Apollo Towers Myanmar Limited ၏ မူလအစုရှယ်ယာရှင်ဖြစ်သော TPG Group managed/controlled funds သို့ လွှဲပြောင်းရောင်းချခြင်းအတွက် ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာနည်းဥပဒေအပိုဒ် ၃၀(ဃ)နှင့်အညီ အများပြည်သူသဘောထား တောင်းခံအပ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၂၇-၄-၂၀၁၈) ရက် ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်ပေးပို့၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

၁။ ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၃၄၀၇၆၀၉၊ dg.ptd@mptmail. net. mm

၂။ ညွှန်ကြားရေးမှူး၊ လိုင်စင်နှင့်စစ်ဆေးရေးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် (၂)၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၃၄၀၇၂၁၇၊ ptdregulator@gmail com; cc:soenine 69@gmail. com

## အထူးကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်တွင်း/ပြည်ပသာသနာပြု အကြားအမြင်ပါရမီရှင်
မယ်တော်ကြီး ဒေါ်နန္ဒမာလာမှ ၂၆.၃.၂၀၁၈ ရက်မှ ၉.၄.၂၀၁၈ ရက်နေ့အထိ
(၁၄) ညအိပ် (၁၅) ရက်ခရီးအဖြစ် ဓမ္မာစရိယအောင်မြင်ပြီး သာသနာပြုနေသော
ရဟန်း (၁၆) ပါး၊ သီလရှင် (၂၀) ပါး၊ လူပုဂ္ဂိုလ် (၇) ဦးတို့အား ဗုဒ္ဓဂယာမြေမြတ်
မဟာရှိ သံဝေဇနီယလေးဌာနတို့အား အခမဲ့ကုသိုလ်ယူပို့ဆောင်ပေးခဲ့ရာတွင်
ကျွန်တော်များ ရွှေရောင်ချမ်းမြေ့ကုမ္ပဏီနှင့် ပို့ဆောင်ပေးခဲ့သည့် မယ်တော်ကြီးအား
အထူးဝမ်းမြောက်ဂုဏ်ယူ ကျေးဇူးတင်ပါကြောင်း။

**ရွှေရောင်ချမ်းမြေ့ကုမ္ပဏီလီမိတက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော် ပညာရေးကောလိပ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (Mini Budget) ကယားပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူ အပ်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်** - (၇-၄-၂၀၁၈) ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၆-၅-၂၀၁၈) ရက် ညနေ (၃း၀၀)နာရီ

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၀၂၁၄၅၁ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လွိုင်ကော်ပညာရေးကောလိပ်**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ပိန္နဲကုန်း၊ မြေကွက်အမှတ် ၅/ဏ-၆ ဧရိယာ ၀ဒသမ၀၅၈ဧက မြေကွက်တည် နေရာ အမှတ် - ၃၃၊ ကြေးတိုင်စု(၁)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် (ဒေါ်ထွားမေ) ၁၂/အစန(နိုင်)၀၇၈၉၀၅ အမည်ပေါက်၊ B မြေပိုင်မြေ လ/န ၃(ခ)ရပြီး မြေအား အမည်ပေါက် ဒေါ်ထားမေနှင့် ၄င်း၏ ခင်ပွန်းဖြစ်သူ ဦးထွန်းကြည်တို့ ကွယ်လွန်သဖြင့် သား သမီးများဖြစ်ကြသော ဒေါ်မေနွယ်ဦး ၁၂/အစန(နိုင်)၀၇၈၈၁၈၊ ဒေါ်ဝါဝါထွန်း ၁၂/အစန(နိုင်)၀၇၇၈၈၇၊ ဦးသန်းဇော်ထွန်း ၁၂/အစန(နိုင်)၀၇၆၃၀၁နှင့် ဦးအောင်ဇော်ထွန်း ၁၂/အစန(နိုင်)၀၇၉၁၄၆ တို့မှ သား သမီးများ တော်စပ်ကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း အမည်ပေါက်စာချုပ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/8183၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

စက်မှုဝန်ကြီးဌာန ၊ မြန်မာ့ဆေးဝါးလုပ်ငန်း ၊ **ဆေးဝါးစက်ရုံ ( အင်းစိန် ) BPI** အနေဖြင့် နိုင်ငံတကာ အရည် အသွေး စီမံခန့်ခွဲမှုဆိုင်ရာ လက်မှတ် " ISO 9001 : 2015 for Trading " အား အင်္ဂလန်နိုင်ငံ *UKAS ( United Kingdom Accreditation Service )* မှ Certificate no. *742600* ဖြင့် လည်းကောင်း ၊ စီမံခန့်ခွဲမှုဆိုင်ရာလက်မှတ် " ISO 9001 : 2015 for Manufacturing of Pharmaceutical Products " အား သြစတြေးလျနိုင်ငံ နှင့် နယူးဇီလန် *JAS - ANZ ( Joint Accreditation System of Australia and New Zealand )* မှ Certificate no. *740073* ဖြင့်လည်းကောင်း လက်ခံရရှိခဲ့သဖြင့် မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်မှုကဏ္ဍ အတွက် အထူးပင်အားရဝမ်းမြောက်ဂုဏ်ယူပါကြောင်း ။

**ဆေးဝါးအရောင်းကိုယ်စားလှယ်များ**
**Myint Han Trading Co., Ltd**
**Meditech Biz Co., Ltd**

# တက္ကသိုလ်ကျောင်းသားထောင်ပေါင်းများစွာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းချီတက်ဆန္ဒပြ



**ဒါကာ မေ ၁၁**

တက္ကသိုလ်ကျောင်းသားထောင်ပေါင်းများစွာ မေ ၁၁ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ဝန်းချီတက်ဆန္ဒပြခဲ့ကြကြောင်း၊ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအနေဖြင့် ၎င်းတာဝန်ယူသည့် ဝန်ကြီးချုပ်သက်တမ်းအတွင်း ယခုကဲ့သို့ ကြီးမားသော ဆန္ဒပြမှုကို ထူးခြားစွာ ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကျောင်းသားများသည် အစိုးရအလုပ်အကိုင်များကို အထူးအုပ်စုများအတွက် ချန်လှပ်ထားသည့် အငြင်းပွားဖွယ်မူဝါဒများကို မကျေနပ်ဘဲ ဆန့်ကျင်ဆန္ဒပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒါကာတွင်လည်း ကြွေးကြော်သံများ ဟစ်ကြွေးနေသော ကျောင်းသားများသည် မြို့၏အဓိကလမ်းများကို ပိတ်ဆို့ခဲ့ပြီး ဒါကာ တက္ကသိုလ်၌ စုဝေးခဲ့ကြကြောင်း သိရသည်။ ထိုသို့ ကျောင်းသားလူအုပ်ကြီး အဓိကလမ်းများကို ပိတ်ထားခဲ့သောကြောင့် လူဦးရေ ၁၅ သန်းနေထိုင်သော မြို့ကြီး၌လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

မကြာသေးမီက ဆူပူမှုများဖြစ်ပွားခဲ့သော တက္ကသိုလ်၌ ရဲများကို ဖြန့်ကြက်ချထားခဲ့ရာ အဆိုပါရဲများ၏ မျက်ရည်ယိုဗုံးများ၊ ရော်ဘာကျည်ဆန်များအသုံးပြုကာ လူစုခွဲမှုကြောင့် ကျောင်းသား ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒါကာတက္ကသိုလ်တွင် ဆန္ဒပြသည့် ကျောင်းသားပေါင်း ၅၀၀၀ ကျော်ရှိကြောင်း ဒါကာရဲအကြီးအကဲတစ်ဦးက အေအက်ဖ်ပီသို့ ပြောခဲ့သည်။ ဒါကာတက္ကသိုလ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နာမည်ဂုဏ်သတင်းကျော်ကြားသော တက္ကသိုလ်ဖြစ်ကြောင်း သိရသည်။

ဒါကာအနောက်မြောက်ပိုင်း ဆာဗာရဲတာဝန်ရှိသူက ကျောင်းသားခန့်မှန်း ၇၀၀၀ ခန့် မြို့တော်သို့သွားရာ အဓိကလမ်းများတစ်လျှောက် ချီတက်ဆန္ဒပြခဲ့သောကြောင့် ရှုပ်ထွေးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဆန္ဒပြသူများကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြောင်း ရဲအုပ်အက်ဒူအာဝယ်က အေအက်ဖ်ပီသို့ ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# ဘရာဇီးထောင်ဆူပူမှုကြောင့် သေဆုံးသူ ၂၁ ဦးရှိ

**ရီယိုဒီဂျနေးရိုး မေ ၁၁**

ဘရာဇီးနိုင်ငံမြောက်ပိုင်းရှိ အကျဉ်းထောင်တစ်ခု၌ မေ ၁၁ ရက်က အကျဉ်းသားများ ထောင်ဖောက်ရန် ကြိုးပမ်းခဲ့ပြီးနောက် အနည်းဆုံး ၂၁ ဦးအသက်ခံရကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောခဲ့သည်။



ဘရာဇီးနိုင်ငံ ပါရာပြည်နယ်မြို့တော် ဘီလန်မြောက်ပိုင်း ဆန်တာအစ်ဇဘယ်အကျဉ်းထောင်တစ်ခု၌ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီက လက်နက်ကိုင်အုပ်စုတစ်စုသည် အကျဉ်းထောင်အား တိုက်ခိုက်ခဲ့ပြီးနောက် အကျဉ်းသားတချို့လွတ်မြောက်စေရန် ကြိုးပမ်းခဲ့ကြောင်း ပြည်သူ့လုံခြုံရေးတာဝန်ရှိသူများက ပြောခဲ့သည်။

အဆိုပါတိုက်ခိုက်မှုအတွင်း အကျဉ်းသား ၂၀ သေဆုံးခဲ့ကြောင်း၊ အကျဉ်းထောင်အစောင့်တစ်ဦးလည်း သေဆုံးခဲ့ပြီး အခြားအစောင့် လေးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာပြင်းထန်ကြောင်း ပါရာပြည်နယ် ပြည်သူ့လုံခြုံရေးတာဝန်ရှိသူများက ပြောခဲ့သည်။

အကျဉ်းသားအုပ်စုတစ်စုသည် လုံခြုံရေးအစောင့် ခေါင်းဆောင်ဦးကို ပြန်ပေးဆွဲပြီးနောက် ထောင်ဆူပူမှုကိုဖြစ်ပွားစေခဲ့ကာ တစ်ချိန်တည်းမှာပင် အပြင်ဘက်ရှိ ၎င်းတို့၏အပေါင်းပါများက ဂိတ်ပေါက်တစ်ခုကို ဖောက်ခွဲရေးပစ္စည်းများဖြင့် ဖျက်ဆီးပြီးနောက် အစောင့်များအား ပစ်သတ်ခဲ့ကြောင်း ပါရာပြည်နယ် ပြည်သူ့လုံခြုံရေးနှင့် လူမှုကာကွယ်ရေးအတွင်းရေးမှူးကပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# စစ်မှုထမ်း ၁၀၀ ကျော် လိုက်ပါလာသော အယ်လ်ဂျီးရီးယားသယ်ယူပို့ဆောင်ရေးလေယာဉ် ပျက်ကျ

**အယ်လ်ဂျီးရီးယား မေ ၁၁**

စစ်မှုထမ်း ၁၀၀ ကျော်လိုက်ပါလာသော အယ်လ်ဂျီးရီးယား သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်း မြို့တော်အပြင်ဘက်ရှိ လေတပ်အခြေစိုက်စခန်းမှ ပျံတက်ပြီး မကြာမီ မေ ၁၁ ရက်က ပျက်ကျခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်သည် ဘော်ဖာရစ်လေတပ်အခြေစိုက်စခန်းအနီးပျက်ကျခဲ့ပြီးနောက် မည်ရွေ့မည်မျှသေဆုံးကြောင်း မသိရသေးချေ။

လေတပ်အခြေစိုက်စခန်းအနီးလေယာဉ်ပျက်စီးမှု မီးခိုးလုံးများ ပတ်ဝန်းကျင်တစ်ခွင်ဖုံးလွှမ်းသွားကြောင်း အဆိုပါ လေယာဉ်ပျက်ကျမှုအနီး၌ရှိသော အေအက်ဖ်ပီသတင်းထောက်က ပြောခဲ့သည်။

အရေးပေါ်လူနာတင်ယာဉ်ရာပေါင်းများစွာနှင့် မီးသတ်ကားများ လေယာဉ်ပျက်ကျရာနေရာသို့ အပြေးအလွှားရောက်ရှိလာခဲ့ကြောင်း သိရသည်။ စစ်မှုထမ်း ၁၀၀ ကျော် လေယာဉ်ပေါ်လိုက်ပါလာခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်က အေအက်ဖ်ပီသို့ ပြောခဲ့သော်လည်း အဆိုပါစစ်မှုထမ်း ၁၀၀ကျော်၏နာမည်စာရင်းများကို ထုတ်ဖော်ပြောကြားခြင်းမရှိချေ။

အယ်လ်ဂျီးရီးယားနိုင်ငံသည် အဆိုပါဖြစ်ရပ်မျိုး မကြာခဏကြုံတွေ့ခံစားရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အာဆတ်အစိုးရကို အကူအညီပေးသည့် ကိစ္စနှင့်ပတ်သက်ပြီး ရုရှားကို အမေရိကန်သတိပေး

**ဝါရှင်တန် မေ ၁၁**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ဆီးရီးယားဘတ်ရှာအယ်လ်အာဆတ်အစိုးကို အကူအညီပေးသည့်ကိစ္စနှင့်ပတ်သက်ပြီး ရုရှားကိုသတိပေးခဲ့ကြောင်းနှင့် အရပ်သားများအပေါ် ဓာတုလက်နက်နှင့် တိုက်ခိုက်မှုအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်က ဒုံးကျည်ဖြင့် ပစ်ခတ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြောခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဒိုမာ၌ ဓာတုအဆိပ်ဓာတ်ငွေ့ဖြင့် လုပ်ကြံတိုက်ခိုက်ခဲ့သော သစ္စာဖောက်ကို စုံစမ်းဖော်ထုတ်ရေး ဂျူရီအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းသင့်ကြောင့် အမေရိကန်၏ အဆိုပြုချက်ကို ရုရှားက ဗီတိုအာဏာဖြင့် ပယ်ချပြီးနောက် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ သတိပေးစကားထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံအနောက်ပိုင်း မြေပြိုမှုကြောင့် တစ်ဦးသေဆုံးကာ ငါးဦးပျောက်ဆုံးလျက်ရှိ

**တိုကျို မေ ၁၁**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း အိုအီတာစီရင်စု၌ မေ ၁၁ ရက်က မြေပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ နေအိမ်သုံးလုံး မြေကြီးပိခဲ့ပြီး လူ ခြောက်ဦးပျောက်ဆုံးနေကြောင်း ဒေသခံများက ပြောခဲ့သည်။ မြေပြိုမှုတွင် ရှာဖွေရေးအဖွဲ့များက ရှာဖွေရာ ပျောက်ဆုံး ခြောက်ဦးအနက် အသက် ၄၅ နှစ်အရွယ် အမျိုးသားတစ်ဦး၏ အလောင်းကို မကြာသေးမီကတွေ့ရှိခဲ့ကြောင်း သိရသည်။

နာကာစွတ်မြို့ ရဲတပ်ဖွဲ့နှင့် အစိုးရတာဝန်ရှိသူများ၏ပြောကြားချက်အရ ရာဘာခဲအီမြို့ရှိ နေအိမ်သုံးလုံးသည် ဒေသစံတော်ချိန် နံနက် ၃ နာရီ မိနစ် ၅၀ ခန့်တွင် တောင်တန်းဆင်ခြေလျှောမြေပြိုမှုကြောင့် မြေကြီးများဖုံးလွှမ်းသွားခဲ့ကြောင်း သိရသည်။

ဒေသခံ ကယ်ဆယ်ရေး တာဝန်ရှိသူများက အခင်းဖြစ်ပွားရာနေရာသို့ စက်ယန္တရားကြီးများဖြန့်ကြက်စေလွှတ်ကာ ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များကလည်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီလျက်ရှိကြောင်း သိရသည်။

မြေပြိုမှုမည်သည့်အတွက်ကြောင့် ဖြစ်ရသည်ဆိုသည့်အချက်နှင့်ပတ်သက်ပြီး မည်သည့် ဖော်ပြချက်မှ မတွေ့ရသေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ ယာဉ်တိမ်းမှောက်ရာ ၁၈ဦးသေဆုံး

**နယူးဒေလီ မေ ၁၁**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ မေ ၁၀ ရက်က အလုပ်သမားများ တင်ဆောင်လာသော ကုန်တင်ကားတစ်စီး ကွေးကောက်နေသော အဝေးပြေးလမ်းတစ်ခု၌ တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူ ၁၈ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောခဲ့သည်။

အဆိုပါကုန်တင်ကားမှာ မွမ်ဘိုင်းမှ ကီလိုမီတာ ၈၀ (မိုင် ၅၀) ကွာဝေးသော နာမည်ကြီးနိုင်ငံခြားသားများ လာရောက်လည်ပတ်လေ့ရှိသည့် ကန်ဒါလာမြို့ပြင် လမ်းဘေး၌ရှိသော အတားအဆီးများအား တိုက်မိခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါကုန်တင်ကားမှာ အရှိန်လွန်ကာ နှစ်ကြိမ်သုံးကြိမ် ချော်မလိုဖြစ်ပြီး နောက်ဆုံးတွင် အဝေးပြေးလမ်းဘေး၌ ကာဆီးထားသော အတားအဆီးများကို တိုက်ခဲ့ကြောင်း သိရသည်။ ယခုအချိန်အထိ လူသေအလောင်း ၁၈ ဦး၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်ကြောင်း ကန်ဒါလာမှ ရဲအုပ်ဖြစ်သူ ပွဲဒ်မာ ကာဂမ်ဝက်က အေအက်ဖ်ပီသို့ ပြောခဲ့သည်။ အခြား ၁၅ ဦးမှာ အနီးရှိ ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ကျောင်းကားတစ်စီး ဟိမဝန္တာ တောင်ခြေအနီးတွင် လျှိုမြောင်ချောက်ထဲပြုတ်ကျခဲ့ပြီး ကလေးငယ် ၂၇ ဦးအပါအဝင် လူ ၃၀သေဆုံးခဲ့သည့် ဖြစ်ရပ်ဖြစ်ပွားပြီးနောက် တစ်ရက်အကြာ ယခုကဲ့သို့ ကုန်တင်ကား တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ကမ္ဘာ့သေမင်းတမန် လမ်းအချို့ရှိကာ နှစ်စဉ် လူပေါင်း ၁၅၀၀၀၀ကျော် သေဆုံးလျက်ရှိကြောင်း သိရသည်။ မတော်တဆဖြစ်ပွားခဲ့မှုများသည် အများအားဖြင့် လမ်းများညံ့ဖျင်းခြင်း၊ ယာဉ်များကိုကြံ့ခိုင်မှု မစစ်ဆေးခြင်းနှင့် ဂရုတစိုက် မောင်းနှင်မှုမရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

### အစိုးရကို ဖြုတ်ချရန် ကြိုးစားမှုဖြင့် ဗီယက်နမ် ဒီမိုကရေစီလှုပ်ရှားသူ တစ်ဦးကို ထောင်ဒဏ် ၁၃နှစ် ချမှတ်

**ဟနွိုင်း မေ ၁၁**

ဗီယက်နမ် ဒီမိုကရေစီလှုပ်ရှားသူ၏ လုပ်ဖော်ကိုင်ဖက် ခြောက်ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ်များချမှတ်ခဲ့ပြီးနောက် အစိုးရကိုဖြုတ်ချရန် ကြိုးစားမှုဖြင့် ၎င်းအား မေ ၁၀ ရက်က ထောင်ဒဏ်၁၃နှစ်ချမှတ်ခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မူဝါဒ တင်းမာသောအစိုးရ အာဏာရသည့် လွန်ခဲ့သောနှစ်နှစ်ကတည်းက ကွန်မြူနစ်အာဏာပိုင်များကို ဝေဖန်ရေးသမားများအဖြစ် စွပ်စွဲခဲ့ကြသည်။

အနည်းဆုံး အသိဉာဏ်ပြည့်ဝသည့် လူကောင်း ၉၇ ဦးခန့် ထောင်ကျနေကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကပြောခဲ့သည်။ ၎င်းတို့ထဲတွင် ဒီမိုကရေစီထောက်ခံသူများနှင့် သဘာဝပတ်ဝန်းကျင်တက်ကြွသူများ၊ ဘလော့ကာများ၊ လက်ဝဲဥပဒေသမားများ ပါဝင်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဆိုက်ဘာကျူးပေါက်မှုတွေမဖြစ်အောင် ဘယ်လိုကာကွယ်မလဲ

**တင်လင်းအောင်**



ဆိုက်ဘာကျူးပေါက်မှုတွေ ဖြစ်ပွားမှုကြောင့် ကုမ္ပဏီတွေက ပြင်းပြင်းထန်ထန်တုံ့ပြန်မှုများ ပြုလုပ်နေစဉ်မှာ အဖွဲ့အစည်းအတွင်းက စီးပွားရေး ထိပ်တန်းပုဂ္ဂိုလ်တွေနဲ့ အိုင်တီပညာရှင်တွေကြား ရှေ့လုပ်ငန်းအစီအစဉ်တွေကလည်း ခြိမ်းခြောက်မှုတွေကို ပြတ်ပြတ်သားသား ကူညီဖော်ထုတ်နိုင်ဖို့ လုပ်ဆောင်လျက်ရှိတယ်လို့ အာရ်အက်စ်အေရဲ့အကြီးတန်းနည်းပညာ အတိုင်ပင်ခံ ပုဂ္ဂိုလ်က ပြောခဲ့ပါတယ်။ အပတ်စဉ်တိုင်း ဘဏ်တွေ၊ ကျန်းမာရေးအဖွဲ့အစည်းတွေ၊ ယုတ်စွအဆုံး ကျောင်းတွေအပါအဝင် ပုံသဏ္ဍာန်အရွယ်အစား အမျိုးမျိုးရှိ အဖွဲ့အစည်းတွေကို အဓိကဆိုက်ဘာတိုက်ခိုက်မှုတွေ ပြုလုပ်လျက်ရှိတာကို လေ့လာတွေ့ရှိခဲ့တယ်လို့ ၎င်းက ဆိုပါတယ်။

ထိတ်လန့်စရာ အကောင်းဆုံး လျှို့ဝှက်ချက်ဖော်ထုတ်နိုင်မှုကတော့ ၂၀၁၃ခုနှစ် ဩဂုတ်လမှာ ဖြစ်ပွားခဲ့တဲ့ ဆိုက်ဘာကျူးလွန်မှုပင်ဖြစ်ပြီး အဆိုပါကိစ္စတွင် ရာဟူးအသုံးပြုသူ သုံးဘီလီယံခန့်ရှိ အကောင့်တွေ မလုံမခြုံဖြစ်ခဲ့ရပါတယ်လို့ လွန်ခဲ့တဲ့ အောက်တိုဘာလကတည်းက ရာဟူးက ကြေညာခဲ့ပါတယ်။

### အပြည့်အဝတာဝန်ယူရမယ်

ထိုကဲ့သို့ ကိစ္စတွေဖြစ်ပွားလာခဲ့ပါက ဘယ်သူ့ကို အပြစ်တင်ရမလဲ။ ငြင်းလို့မရတဲ့ အချက်ကတော့ ဆိုက်ဘာတိုက်ခိုက်သူတွေဟာ အခုလို ဖြစ်ပွားလာတဲ့ကိစ္စတွေနဲ့ မကင်းဘူးဆိုတာပဲဖြစ်ပါတယ်။ သို့သော်လည်း အဖွဲ့အစည်းတစ်ခု၏ c-suite အတွင်း လက်ဗွေအချက်ပြစနစ်တွေ ပြည့်စုံစွာရှိခဲ့ပါလျက် ထိုကဲ့သို့ ဆိုက်ဘာကျူးပေါက်မှုတွေ ဖြစ်လာရခြင်းကြောင့် ၅၀ ရာခိုင်နှုန်းသော အိုင်တီကျွမ်းကျင်သူများက c-suite ကို ချုပ်ကိုင်ထားတဲ့ ဘော့စ်တွေကိုလည်း အပြစ်တင်လျက်ရှိပါတယ်။ စီးပွားရေးခေါင်းဆောင်တွေက သူတို့ရဲ့အိုင်တီဌာနတွေအနေနဲ့ အဆိုပါကိစ္စရပ်တွေအတွက် အပြည့်အဝ တာဝန်ယူရမှာ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

### ပေါင်းစည်းညှိနှိုင်းမှုအားနည်း

ဆိုက်ဘာကျူးလွန်မှုတွေအပေါ် ပြစ်တင်မှုတွေကတော့ ဆက်လက်ပြီး အားကောင်းစွာ ဖြစ်ပေါ်လျက်ရှိဆဲပါ။ ထိုသို့ ဖြစ်ပွားလာခဲ့တဲ့ တကယ့်ရင်းမြစ်တွေကတော့ စီးပွားရေး လုပ်ငန်းရှင်တွေ သို့မဟုတ် စီးပွားရေးလုပ်ငန်းတွေနဲ့ လုံခြုံရေးအဖွဲ့တွေကြား ပေါင်းစည်းညှိနှိုင်းမှုတွေ အားနည်းသောကြောင့် ဖြစ်ပါတယ်။

ဒီလိုအခြေအနေကို ဝမ်းနည်းစွာ နားလည်မှုလွဲခြင်းလို့ ခေါ်ရမှာ ဖြစ်ပါတယ်။ အိုင်တီကျွမ်းကျင်ပညာရှင်တွေက ဆိုက်ဘာကျူးပေါက်မှုတွေ ဘာကြောင့် ဖြစ်လာသလဲဆိုတဲ့အပေါ် နားလည်သဘောပေါက်ဖို့သာမက အနာဂတ်မှာ ဘယ်လိုကာကွယ်မှုတွေ လုပ်မလဲဆိုတာနဲ့ပတ်သက်ပြီး စိတ်အားထက်သန်နေချိန်မှာ စီးပွားရေး ထိပ်တန်းပုဂ္ဂိုလ်တွေကတော့ ဆိုက်ဘာကျူးပေါက်မှုကြောင့် အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်လာတဲ့ ရလဒ်ကိုပဲ သုံးသပ်ပါတယ်။ အခုလို ပေါင်းစပ်ညှိနှိုင်းမှုမရှိတဲ့အတွက် အဖွဲ့အစည်းတွေအနေနဲ့ အမြင့်မားဆုံးသော ခြိမ်းခြောက်မှုတွေကို တုံ့ပြန်မှုနဲ့ ကာကွယ်မှုတွေ လုပ်နိုင်မှာ မဟုတ်ပါဘူး။

### စီမံခန့်ခွဲနိုင်ဖို့လို

ပြောင်းလဲဖြစ်ပေါ်လာတဲ့ ဆိုက်ဘာခြိမ်းခြောက်ခြင်း သို့မဟုတ် ဆိုက်ဘာကျူးပေါက်ခြင်းရဲ့ အခင်းအကျင်းကို သုံးသပ်ရမယ်ဆိုရင် အဖွဲ့အစည်းတွေအနေနဲ့ ဝမ်းနည်းစွာနားလည်မှုလွဲခြင်း မရှိအောင် ဘယ်လိုညှိနှိုင်း ဆောင်ရွက်မလဲဆိုတာနဲ့ ဆိုက်ဘာခြိမ်းခြောက်မှု အန္တရာယ်ကို စီမံခန့်ခွဲနိုင်ဖို့ လိုအပ်ပါတယ်။

ဝမ်းနည်းစွာ နားလည်မှုလွဲခြင်း ကွာဟချက်ကို ကျဉ်းမြောင်းစေမယ့် အချက်တွေရှိပါတယ်။ အဲဒါတွေကတော့ နံပါတ်တစ်အနေနဲ့ စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ အသင်းအဖွဲ့တွေအနေနဲ့ စီးပွားရေး ဦးဆောင်တဲ့ လုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုတွေကို အတူတကွ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေဟာ အိုင်တီနယ်ပယ်နဲ့ စီးပွားရေးကဏ္ဍတွေမှာပါ ပြဿနာဖြစ်စေပါတယ်။ စီးပွားရေးဦးဆောင်တဲ့ လုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုတွေကို ဖန်တီးဖို့ဆိုရင် စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ အသင်းအဖွဲ့တွေဟာ သူတို့ရဲ့နည်းဗျူဟာတွေ၊ ဦးစားပေးလုပ်ဆောင်ရမယ့် ကိစ္စတွေကို ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

### အိုင်တီလုံခြုံရေးအပေါ်နားလည်ဖို့လို

လုံခြုံရေးအပိုင်းမှာ စွန့်စားခြင်းနဲ့ အောင်မြင်မှုတန်ဖိုးကြားမှာ ခြားနားမှုတွေရှိပါတယ်။ အိုင်တီကျွမ်းကျင်သူတွေဟာ စီးပွားရေးခေါင်းဆောင်တွေနဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေ မရှိသလောက်ရှားပါတယ်။ အမှုဆောင်အရာရှိတွေကလည်း ဖြစ်ခါမှဖြစ်ရော မဖြစ်သေးတဲ့ဆိုက်ဘာတိုက်ခိုက်မှုတွေမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအလားအလာတွေနဲ့ ခေါင်းခြောက်လျက်ရှိပါတယ်။ စီးပွားရေးခေါင်းဆောင်တွေဟာလည်း လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုတွေမှာ ဖြစ်တတ်တဲ့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု၊ အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်တွေ၊ ဂုဏ်သိက္ခာဆိုင်ရာတွေနဲ့ ပတ်သက်ပြီးတော့ သက်ရောက်မှုအနည်းအများကို နားလည်ထားသင့်ပါတယ်။

အိုင်တီပညာရှင်တွေကလည်း ညှိနှိုင်းဆွေးနွေးပွဲတွေမှာ သက်ဆိုင်ရာ အိုင်တီအကြောင်းအရာတွေကို စီးပွားရေးခေါင်းဆောင်တွေနားလည်အောင် ကြိုးစားလုပ်ဆောင်သင့်ပါတယ်။ ထို့အတူ ဆိုက်ဘာလုံခြုံရေးရင်းနှီးမြှုပ်နှံမှုရဲ့ တန်ဖိုးကိုလည်း နားလည်သဘောပေါက်အောင် လုပ်ဆောင်ပေးရပါမယ်။ စီးပွားရေးခေါင်းဆောင်တွေအနေနဲ့လည်း သူတို့ရဲ့အိုင်တီဌာနတွေအနေနဲ့ လုံခြုံရေးဆိုင်ရာ ရည်မှန်းချက်တွေကို အပြည့်အဝ နားလည်အောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

### အိုင်တီခြိမ်းခြောက်မှု စက္ကန့်မလပ်ဖြစ်နေ

ဒုတိယအချက်အနေနဲ့ လုံခြုံရေးအဖွဲ့ဟာ အင်တာပရိုက်စ်တစ်ခုလုံးကို အချိန်တိုင်းကြည့်နေဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိကမ္ဘာကြီးမှာ မိုဘိုင်းနည်းပညာ၊ ကလောက်နည်းပညာနဲ့ အင်တာနက်နည်းပညာတွေဟာ ဆိုက်ဘာခြိမ်းခြောက်တိုက်ခိုက်မှုကို အချိန်တိုင်း လမ်းဖွင့်ပေးနေသလို ဖြစ်နေပါတယ်။ ထို့ကြောင့် အဖွဲ့အစည်းတွေဟာ ယခင်ကထက်ကိုပဲ ဘေးအန္တရာယ်ပိုများလာခဲ့ပါပြီ။ ယနေ့ခေတ် အဖွဲ့အစည်းတွေဟာ ဆိုက်ဘာတိုက်ခိုက်မှုတွေ ဘယ်အချိန်ဖြစ်လာမလဲဆိုတာကို ကြိုမမြင်နိုင်ပါဘူး။ ဆိုက်ဘာခြိမ်းခြောက်မှုတွေဟာ ၃၉ စက္ကန့်တိုင်းမှာ တစ်ကြိမ်ဖြစ်ပေါ်လျက်ရှိပါတယ်။

အိုင်တီကျွမ်းကျင်သူ ထက်ဝက်လောက်ရဲ့ လက်တွေ့ လေ့လာမှုတွေက ဘာကိုပြောသလဲဆိုရင် ယနေ့ခေတ်ဟာ ခြိမ်းခြောက်မှုအသစ်တွေနဲ့ ဆိုက်ဘာတိုက်ခိုက်လာမှုတွေအပေါ် အပြည့်အဝ နားလည်ဖို့အတွက် အဓိကစိန်ခေါ်မှုတွေ ဖြစ်လို့လာခဲ့ပါပြီလို့ ပြောခဲ့ပါတယ်။ ဆိုလိုတာကတော့ ဆိုက်ဘာတိုက်ခိုက်မှုတွေကို ကာကွယ်ဖို့ဆိုရင် အဲဒီအပေါ် အပြည့်အဝ နားလည်ဖို့ လိုအပ်ပါတယ်။

အင်တာပရိုက်တစ်ခုလုံးကို အပြည့်အဝ မြင်တွေ့နိုင်ခြင်းဟာ အလုပ်အတွက် ခြိမ်းခြောက်မှုအန္တရာယ်ကို ကာကွယ်နိုင်မှာဖြစ်သလို သင့်တော်တဲ့ လုပ်ဆောင်ချက်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ အင်တာပရိုက်တစ်ခုလုံးကို တွေ့မြင်ခြင်းဖြင့် နောက်ထပ် ထပ်မံရရှိမယ့် အကျိုးကတော့ ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ပျက်စီးမှုလျော့နည်းအောင် လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ အဖွဲ့အစည်းတွေအနေနဲ့ လုံခြုံရေးအဖွဲ့ကို ဆိုက်ဘာတိုက်ခိုက်လာမှုမှ ကာကွယ်ရန်နဲ့ ခြိမ်းခြောက်မှုမှ တန်ပြန်လုပ်ဆောင်နိုင်ရန်အတွက် လုပ်ပိုင်ခွင့်တွေခွင့်ပြုပေးရမှာ ဖြစ်ပါတယ်။ အကယ်၍တိုက်ခိုက်မှုတွေကို မခုခံမကာကွယ်ဘူးဆိုရင်တော့ ပိုဆိုးတဲ့ အခြေအနေတွေ ရောက်လာမှာဖြစ်ပါတယ်။

၉၀ ရာခိုင်နှုန်းလောက်ရှိတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ဆိုက်ဘာတိုက်ခိုက်မှုဖြစ်လာတဲ့အခါမှာ သူတို့ရဲ့ ပြန်လည်တုံ့ပြန်မှုတွေကို မကျေနပ်ကြပါဘူး။ ၇၄ ရာခိုင်နှုန်းလောက်က ဆိုက်ဘာ တိုက်ခိုက်လာတဲ့အခါမှာ ပြန်လည်တုံ့ပြန်ဖို့ လုံလောက်တဲ့ နည်းပညာတွေ မရှိပါဘူး။ ၁၁ ရာခိုင်နှုန်းလောက် အဖွဲ့အစည်းတွေကသာ သူတို့အနေနဲ့ ခြိမ်းခြောက်မှုကို အလျင်အမြန် စုံစမ်းနိုင်တယ်လို့ ဆိုပါတယ်။

### အချိန်မီကာကွယ်ဖို့လို

အဖွဲ့အစည်းတွေအနေနဲ့ ကြိုတင်ပြီး အစီအစဉ်တွေ ချမှတ်ထားဖို့လိုအပ်ပါတယ်။ ဆိုက်ဘာတိုက်ခိုက်မှုနဲ့ စီးပွားရေးအန္တရာယ်ကြား ကွာဟချက်တွေကို နားလည်ထားဖို့ လိုအပ်ပါတယ်။ ထို့အတူ အဖွဲ့အစည်းအတွင်းပိုင်း ဆက်သွယ်မှုအားလုံးကို မြင်တွေ့ပြီး အချိန်မီစီမံခန့်ခွဲနိုင်ဖို့ လိုပါတယ်။

ဖော်ပြပါ အချက်တွေကို လုပ်ဆောင်မယ်ဆိုရင် ယနေ့ ဆိုက်ဘာတိုက်ခိုက်မှုနဲ့ ကြုံတွေ့နေတဲ့ အဖွဲ့အစည်းတွေဟာ အနည်းနဲ့ အများဆိုသလို သက်သာမှာ ဖြစ်ပါတယ်။ အိုင်တီပညာရှင်တွေနဲ့ စီးပွားရေး ဦးဆောင်သူတွေကြား နားလည်မှုတွေလည်း အပြန်အလှန်ရှိရမှာ ဖြစ်ပါတယ်။ သို့မှသာ ဆိုက်ဘာတိုက်ခိုက်မှုမှ အချိန်မီကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ဆိုရမယ်ဆိုရင် အိုင်တီပညာရှင်တွေနဲ့ စီးပွားရေး ခေါင်းဆောင်တွေအနေနဲ့ ပူးပေါင်းလုပ်ဆောင်မှသာလျှင် တစ်နေ့တခြား လုံခြုံမှုနည်းနည်းလာတဲ့ ကမ္ဘာကြီးမှာ ဆိုက်ဘာတိုက်ခိုက်မှုတွေကို ခုခံကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ။

**ကိုးကား - သည်ဂါးဒီးယန်း၊ ချန်နယ်နယူးအေးရှ**

> **“အိုင်တီကျွမ်းကျင်ပညာရှင်တွေက ဆိုက်ဘာကျူးပေါက်မှုတွေ ဘာကြောင့် ဖြစ်လာသလဲဆိုတဲ့အပေါ် နားလည်သဘောပေါက်ဖို့သာမက အနာဂတ်မှာ ဘယ်လိုကာကွယ်မှုတွေ လုပ်မလဲဆိုတာနဲ့ပတ်သက်ပြီး စိတ်အားထက်သန်နေချိန်မှာ စီးပွားရေးထိပ်တန်းပုဂ္ဂိုလ်တွေကတော့ ဆိုက်ဘာကျူးပေါက်မှုကြောင့် အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်လာတဲ့ ရလဒ်ကိုပဲ သုံးသပ်ပါတယ်”**

# စစ်ကိုင်းမြို့ပေါ် ရပ်ကွက်တစ်ခုလျှင် ရေကစားမဏ္ဍပ်တစ်ခုစီ ပြုလုပ်သွားမည်

**စစ်ကိုင်း ဧပြီ ၁၁**

စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက်များအနေဖြင့် ယခု ၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်တွင် ရပ်ကွက်တစ်ခုလျှင် ရေကစားမဏ္ဍပ်တစ်ခုစီကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

စစ်ကိုင်းမြို့တွင် မြို့ပေါ်ရပ်ကွက် ၂၃ ခုရှိပြီး ရပ်ကွက်တစ်ခုလျှင် ရေကစားမဏ္ဍပ်တစ်ခု ပြုလုပ်ဆောင်ရွက်ရန် စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှု ကော်မတီက ညွှန်ကြားထားသဖြင့် ရပ်ကွက်အုပ်စုတစ်စုလျှင် ရေကစားမဏ္ဍပ်တစ်ခုစီ ပြုလုပ်သွားမည်ဖြစ်ရာ စစ်ကိုင်းမြို့၌ ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ဖျော်ဖြေရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များ ယခင်နှစ်ကထက် ပိုမိုများပြားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်သင်္ကြန် စည်စည်ကားကား ကျင်းပနိုင်ရေးအတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ ရပ်ကွက်အုပ်စုတစ်စုကို တတ်နိုင်သလောက် ရေကစားမဏ္ဍပ်တစ်ခုပြုလုပ်ဖို့ ညွှန်ကြားတာပါ။ ကျွန်တော်တို့ရပ်ကွက်ကတော့ လုပ်မယ်၊ ခံ့ခံ့ထည်ထည် ဖြစ်အောင်လုပ်သွားမယ်၊ နောက်ပြီး အစဉ်အလာဖြစ်သွားအောင်ကို ပြုလုပ်သွားမယ်၊ ပြီးတော့ သင်္ကြန်ကာလမှာ စတုဒိသာပါ နေ့စဉ်ကျွေးမွေးသွားမယ်"ဟု သောတာပန် ရပ်ကွက်အုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ပြောသည်။

အဆိုပါ တစ်ရပ်ကွက် မဏ္ဍပ်တစ်ခု အစီအစဉ်အရ ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် စစ်ကိုင်းမြို့၌ စစ်ကိုင်းခရိုင် ဗဟိုဖျော်ဖြေရေး ရေကစားမဏ္ဍပ်နှင့် ပုဂ္ဂလိကဖျော်ဖြေရေး ရေကစားမဏ္ဍပ်များနှင့် မြို့ပေါ်ရပ်ကွက် ရေကစားမဏ္ဍပ်များ အပါအဝင် စုစုပေါင်း မဏ္ဍပ် ၂၈ ခုအထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။



မြို့တွင်းရပ်ကွက်တစ်ခုတွင် ဆောက်လုပ်နေသော မဏ္ဍပ်တစ်ခု

"ရပ်ကွက်တွေကို ရေကစားမဏ္ဍပ်ပေါ့၊ သူတို့နိုင်သလောက် လုပ်ခိုင်းတာပါ၊သင်္ကြန်သာပြီးသွားတယ် ရပ်ကွက်တွေထဲ ရေတောင်မပက်လိုက်ရဘူး ဖြစ်သွားမှာ စိုးလို့ပါ၊ ဖြစ်အောင်လုပ်ဆိုတဲ့သဘောမျိုး မဟုတ်ပါဘူး၊ နိုင်သလောက် လုပ်ခိုင်းတာပါ"ဟု မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

ယခင်က စစ်ကိုင်းမြို့ မဟာသင်္ကြန်ပွဲတော်တွင် ရွှေမင်းဝံပန်းခြံရှေ့၌ စစ်ကိုင်းခရိုင် ဗဟိုမဏ္ဍပ်တစ်ခုတည်းနှင့်သာ နှစ်စဉ် ကျင်းပခဲ့ရာ ထိုလမ်းပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခြင်း၊ ရေမလုံလောက်မှုပြဿနာ ဖြစ်ပေါ်ခြင်း၊ နားနေစရာနေရာ နည်းပါးခြင်းတို့ကြောင့် ပြီးခဲ့သည့်နှစ်မှစတင်၍ ဗဟိုမဏ္ဍပ်ကို ကမ်းနားလမ်းသို့ ပြောင်းရွှေ့ကျင်းပခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့တွင် ယခုနှစ် မဟာသင်္ကြန်ပွဲတော်အတွက် ရေကစားမဏ္ဍပ်များကို စတင်တည်ဆောက်နေကြပြီဖြစ်ပြီး လာရောက်လည်ပတ်သူများ နားနေရန် နေရာများ၊ စားသောက်ဖွယ်ရာများဝယ်ယူရန် စားသောက်ဆိုင်တန်းများလည်း ဆောက်လုပ်ထားကြောင်း သိရသည်။ ထို့အပြင် သင်္ကြန်ပွဲတော်ကာလအတွင်း ဧရာဝတီမြစ်အတွင်း ရေဆင်းကစားသူများ အန္တရာယ်ကင်းစေရန်အတွက် ကြက်ခြေနီ၊မီးသတ်တပ်ဖွဲ့ဝင်များက စပိဘုတ်များဖြင့် ကင်းလှည့်ကာ ကူညီကယ်ဆယ်ရန် ကြိုတင်စီစဉ်ထားကြောင်းလည်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မိတ္ထီလာတွင် သင်္ကြန်အထူးတရားရုံးဖွင့်ပြီး ဆူညံအိတ်ဇောတပ်ယာဉ်များကို အရေးယူမည်



ပြီးခဲ့သည့်နှစ် သင်္ကြန်ကာလက မိတ္ထီလာမြို့တွင်းမဏ္ဍပ်တစ်ခုရှေ့မှမြင်ကွင်း

**မိတ္ထီလာ ဧပြီ ၁၁**

မိတ္ထီလာမြို့တွင် ယခုနှစ် မဟာသင်္ကြန်ကာလအတွင်း သင်္ကြန်အထူးတရားရုံး ဖွင့်လှစ်ကာ ဆူညံအိတ်ဇောများ တပ်ဆင်မောင်းနှင်သည့် မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်းမှာ အများပြည်သူစိတ်မချမ်းမြေ့စရာ အသံတွေဖြစ်စေတဲ့ ဆူညံအိတ်ဇောတပ်ဆင်ပြီး မောင်းနှင်တဲ့ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နဲ့ မော်တော်ယာဉ်တွေကို ၂၀၁၅ မော်တော်ယာဉ်ဥပဒေနဲ့ တရားစွဲဆို အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ၂၀၁၅ မော်တော်ယာဉ် ဥပဒေပုဒ်မ ၅၄(ဇ)/၆၂ အရဆို ပြစ်ဒဏ်က ဒဏ်ငွေ ကျပ်သုံးသောင်း ဒါမှမဟုတ် ထောင်ဒဏ်တစ်လ ကျခံစေနိုင်ပါတယ်၊ သင်္ကြန်အထူးတရားရုံး ဖွင့်လှစ်ဆောင်ရွက်မှာဆိုတော့ နေ့ချင်းပြီး ရဲစခန်းမှာအမှုဖွင့်၊ တရားရုံးကို တရားစွဲ တင်ပို့ ဒဏ်ငွေချက်ချင်းဆောင်၊ အိတ်ဇောတွေကို လဲလှယ်တပ်ဆင်ပြီး ဆိုင်ကယ်တွေ ပြန်ထုတ်ပေး၊ အဲဒီလိုလုပ်မှာ ဖြစ်ပါတယ်"ဟု အမှတ် ၉၆ ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်စိုးက ပြောသည်။

မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူ စိတ်မချမ်းမြေ့စေနိုင်သည့် ဆူညံအိတ်ဇောများ တပ်ဆင်မောင်းနှင်သည့် ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ယာဉ်များ မရှိစေရေးအတွက် အကြိုပညာပေးကာလအဖြစ် ဧပြီ ၁ ရက်မှစတင်၍ ညစဉ်ရှောင်တခင် စစ်ဆေးဖမ်းဆီးခြင်းကိုလည်း ဆောင်ရွက်ခဲ့ရာ ဧပြီ ၈ ရက်အထိ ဆူညံအိတ်ဇော တပ်ဆင်မောင်းနှင်သည့် ဆိုင်ကယ်အစီးရေ ၅၀ ကျော်ကို ဖမ်းဆီးရမိခဲ့ပြီး ဆူညံသံမထွက်သည့် အိတ်ဇောများဖြင့် ပြန်လည်လဲလှယ်တပ်ဆင်စေပြီးမှ ဆိုင်ကယ်များကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# မိုင်းယုမြို့၌ သင်္ကြန်ကာလ မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စစ်ဆေးပညာပေးလျက်ရှိ

**မိုင်းယု ဧပြီ ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့တွင် ပြည်သူများ သင်္ကြန်ကာလအတွင်း အေးချမ်းစွာ လည်ပတ်ရေကစားနိုင်စေရေး၊ တရားမဝင် ဆေးဝါးများ ရောင်းချမှုမရှိစေရေးနှင့် နယ်မြေလုံခြုံမှုရှိရေးတို့အတွက် ဧပြီလဆန်းပိုင်းမှစတင်ကာ မိုင်းယုနယ်မြေအတွင်း ကွင်းဆင်းစစ်ဆေးမှုများကို ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုင်းယုနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဟိန်းဝဏ္ဏမောင် ဦးဆောင်သော ရဲတပ်ဖွဲ့များက အခြားဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ အဆိုပါ ပူးပေါင်းအဖွဲ့က မိုင်းယုမြို့သို့ ဝင်ထွက်သော ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များကို စစ်ဆေးခြင်းနှင့်ဆိုင်ကယ်များမောင်းနှင်သည့်ပြည်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ညပိုင်းတွင် လှည့်ကင်း၊ ရပ်ကင်းများဖြင့် စစ်ဆေးမှုများပြုလုပ်ခြင်း၊ ရွှေ့ပြောင်းပြည်သူများနေထိုင် သည့်ဒေသများ၌ မှုခင်းကျဆင်းရေးဆိုင်ရာများ ကွင်းဆင်းဟောပြောခြင်း၊ ဆေးဆိုင်များတွင် လိင်စိတ်နိုးကြွစေသည့် တရားမဝင်ဆေးဝါးများ ဖြန့်ဖြူးရောင်းချမှု မရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး ပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယုနယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်စိုင်းခမ်းဒီးနွဲ့က ပြောသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



## မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရေးနှင့် မှုခင်းကျဆင်းရေး မြို့နယ်များတွင် အသိပညာပေး

မကြာမီရောက်ရှိတော့မည့် သင်္ကြန်ရက်များအတွင်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားခြင်း မရှိစေရေးနှင့် မှုခင်းဖြစ်စဉ်အမျိုးမျိုး ဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ပြည်သူများအား အသိပညာပေးမှုများကို မြို့နယ်အသီးသီးတွင် တာဝန်ရှိသော ဌာနဆိုင်ရာများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟားခါး**

ချင်းပြည်နယ် ဟားခါးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ဧပြီ ၈ ရက် နေ့လယ်ပိုင်းက ဈေးသစ်ရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးရှေ့လမ်းဆုံ၌ ပြုလုပ်ခဲ့ပြီး ဟားခါးမြို့ အမှတ်(၁၆) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(ချင်း)၊ အမှတ်(၁၀၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ဟားခါး)မှ တပ်ဖွဲ့စုမှူး ရဲအုပ်ကိုကိုမောင် ဦးစီး၍ ပြည်နယ်ကညန ဦးစီးမှူး၊ ပြည်နယ်ပို့/ဆက်ဦးစီးမှူးနှင့် ဟားခါးမြို့မရဲစခန်းမှ စခန်းမှူးတို့ ပူးပေါင်း၍ မော်တော်ယာဉ်များ မောင်းနှင်စီးနင်းရာတွင် လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ယာဉ်ဖြင့် ရှင်းလင်းဟောပြော ပညာပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

**အမ်း**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် သင်္ကြန်ကာလအတွင်း မှုခင်းလျော့နည်းကျဆင်းရေးအတွက် ဆေးဆိုင်များ၊ ကွမ်းယာဆိုင်များတွင် တရားမဝင် ကာမစိတ်ကြွဆေးများရောင်းချမှုမရှိစေရေး လိုက်လံစစ်ဆေးခြင်းနှင့် ဆိုင်ရှင်များအား ပညာပေးဆွေးနွေးခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းအေး ဦးဆောင်၍ ဒုရဲမှူး ကျော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့ ဧပြီ ၉ ရက်က ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများအား အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းမပြုရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ရေး၊ ဆိုင်ကယ်များကို အိတ်ဇောပိုက်များဖြုတ်ပြီး မောင်းနှင်မှုမပြုစေရေးတို့ကိုလည်း အသိပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**အင်းတော်**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် ဆေးဆိုင်များ၌ ကာမစိတ်ကြွဆေးဝါးများ ရောင်းချခြင်းမရှိစေရန်အတွက် ဆေးဝါးအရောင်းဆိုင်များကို တာဝန်ရှိသူများ ဧပြီ ၉ ရက်က လိုက်လံစစ်ဆေးခဲ့သည်။ မော်လူးတိုက်နယ်ဆရာဝန် ဒေါက်တာဝတ်မှုံထွန်းဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မော်လူးနယ်မြေရဲစခန်းမှစခန်းမှူးရဲအုပ်မင်းနိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးကာ ဆိုင်ရှင်များကိုလည်း အသိပညာပေးပြီး ဆေးဆိုင်များကို မှတ်တမ်းဓာတ်ပုံရိုက်ယူခဲ့ကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

**နတ်မောက်**



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ အတာသင်္ကြန်ပွဲတော်ရက်အတွင်း ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ရေးနှင့် မှုခင်းများမဖြစ်ပွားစေရေးအတွက် နတ်မောက်- တောင်တွင်း၊ နတ်မောက်-မကွေး၊ နတ်မောက်-ပျော်ဘွယ် လမ်းသုံးလမ်းဆုံရာ နေရာ၌ မော်တော်ယာဉ်မောင်းသူများနှင့် ခရီးသွားပြည်သူများထံသို့ တာဝန်ရှိသူများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဧပြီ ၉ ရက်က ဆောင်ရွက်ခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းချိုတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြခြင်းဖြစ်ကာ အဆိုပါ လက်ကမ်းစာစောင်တွင် သင်္ကြန်ကာလ၌ မှုခင်းများမဖြစ်ပွားစေရေးအတွက် ပြည်သူများ သတိထားရှောင်ကြဉ်ရမည့်အချက် ၁၃ ချက်၊ ယာဉ်မောင်းသူများလိုက်နာရန် အချက် ၈ ချက်၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အချက် ၅ ချက်တို့ကို ဖော်ပြထားကြောင်း သိရသည်။

**မျိုးမင်းဦး(မကွေး)**

**ညောင်ဦး**

ညောင်ဦးမြို့တွင် သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် ပြည်သူများအား အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာများစိုက်ထူခြင်းကို ညောင်ဦးမြို့ မဏိစည်သူဈေးရှေ့ ဗိုလ်ချုပ်ပန်းခြံရှေ့နှင့် ပုဂံလမ်းဆုံ မီးပွိုင့်အနီး၌ ဧပြီ ၉ ရက်က ပြုလုပ်ခဲ့သည်။ ပညာပေးဟောပြောရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြင့်ငွေက ယာဉ်မောင်းသူများ လိုက်နာရန်အချက်အလက်များကို ပညာပေးဟောပြောပြီး ခရီးသွားပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။ ထို့နောက် အသိပညာပေး ဗီနိုင်းပိုစတာကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က အသိပညာပေး ဗီနိုင်းပိုစတာကို စိုက်ထူပေးခဲ့သည်။

**ကိုထိန်(ငါ့သရောက်)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၂၈)

**သိပ္ပံစာရေးဆရာကိုကိုအောင်**



**ကမ္ဘာ့အပူချိန် ဘယ်လောက်မြင့်တက်နေပြီလဲ**

ကမ္ဘာသည် မိမိဝင်ရိုးပေါ်၌ ၂၃ ဒီဂရီတိမ်းစောင်းလျက် ၂၄ နာရီလျှင်တစ်ပတ်ကျလည်နေရင်း နေလုံးကြီးကိုလည်း ၃၆၅ ရက်လျှင်တစ်ပတ်ကျနှုန်းဖြင့် လှည့်ပတ်လျက်ရှိနေသည်။ ဤသို့သော ပထဝီသဘောတရားကြောင့်ပင် မည်သည့်အချိန်၌မဆို ကမ္ဘာတစ်ခြမ်းသည် နေ့အချိန်ဖြစ်၍ အပူချိန်မြင့်တက်နေကာ ကျန်တစ်ခြမ်းကညအချိန်ဖြစ်ပြီး အပူချိန်ကျဆင်းနေသည်။ နေအလင်းရောင်ရရှိနေသောနေ့အခါမျိုး၌ပင် ကမ္ဘာ့တောင်နှင့်မြောက် ဝင်ရိုးစွန်းတို့၌ အနုတ် ၃၀ ဒီဂရီစင်တီဂရိတ်ခန့်အထိ အပူချိန်ကျဆင်းနေချိန်တွင် အီကွေတာရပ်ဝန်း၌ အပူချိန်က ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လျက်ရှိနေသည်။

ကမ္ဘာ့အရပ်ဒေသ တစ်ခုတည်းအတွင်းမှာပင် ဒေသအပူချိန်က အချိန်နှင့်အမျှပြောင်းလဲလျက်ရှိနေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ချင်းမတူသောဒေသများ၊ ပင်လယ်ကမ်းခြေနှင့် အနီးအဝေး မတူသောဒေသများ၊ သစ်ပင်တောအုပ် လွှမ်းမိုးမှုရေိယာ မတူညီသောဒေသများ စသည်တို့မှာ အပူချိန်ချင်း တူညီမှုမရှိနိုင်ကြပေ။ ထို့အတူ ကုန်းမြေထုအများစုဖြစ်သော ကမ္ဘာ့မြောက်ခြမ်း၏ အပူအအေးပြောင်းလဲမှု ပုံစံကလည်း သမုဒ္ဒရာရေထုအများစုဖြစ်သည့် ကမ္ဘာ့တောင်ခြမ်း၏ အပူအအေးပြောင်းလဲပုံနှင့် ထပ်တူ မကျနိုင်ပေ။

ခေတ်သစ်သိပ္ပံပညာဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တိုင်းတာတွက်ချက်နိုင်ရန်အတွက် အထက်ပါကဲ့သို့ ပထဝီအနေအထားမတူညီသော အရပ်ဒေသပေါင်းစုံ၌ ပင်မတိုင်းတာရေး အခြေခံစခန်းပေါင်း ၃၀၀၀ ကျော်ကို တည်ဆောက်ထားရသည်။ သို့ရာတွင် အဆိုပါစခန်း ၃၀၀၀ ကျော်မှ တိုင်းတာရရှိသော အချက်အလက်များမှာ အခြေခံတိုင်းတာရေး အချက်အလက်များသာလျှင် ဖြစ်ကြပြီး ကမ္ဘာ့ပျမ်းမျှ အပူချိန်ကို တွက်ချက်ရန် လုံလောက်မှုမရှိသေးပေ။

ကမ္ဘာအရပ်ရပ်ရှိ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များပေါ်၌ ခုတ်မောင်းသွားလာနေကြသည့် ကုန်သွယ် ရေကြောင်းသင်္ဘောများ၊ နိုင်ငံပိုင် ရေပြင်နယ်နိမိတ် အဝန်းအဝိုင်းအတွင်း၌ လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသော ရေတပ်သင်္ဘောများ၊ နိုင်ငံတကာ ရေပြင်ပိုင်နက်အတွင်း၌ စစ်ရေးတာဝန် ထမ်းဆောင်နေကြသော ရေတပ်သင်္ဘောအုပ်စုများ၊ ပင်လယ်အတွင်းချထားသည့် ဖော်ယာများစသည်တို့မှ တိုင်းတာရရှိသော ရေပြင်အပူချိန် မှတ်တမ်းများစွာတို့ကိုလည်း ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ရာ၌ ထည့်သွင်း ကြရသည်။

ထို့ပြင် အာကာသထဲရှိ ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ လွှတ်တင်ထားသော ဂြိုဟ်တုများက တိုင်းတာပေးပို့သည့် ကမ္ဘာ့အောက်လွှာလေထု၏ အပူချိန်မှတ်တမ်း အများအပြားတို့ကလည်း ကမ္ဘာ့ပျမ်းမျှ အပူချိန်ကို တွက်ချက်ရန်အတွက် အားဖြည့်ကိန်းဂဏန်း အချက်အလက်များဖြစ်ကြသည်။ သိပ္ပံပညာရှင်တို့သည် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တိုင်းတာတွက်ချက် ထုတ်ပြန်နိုင်ရန် ၁၈၆၀ ပြည့်နှစ်ကတည်းက ကြိုးပမ်းအားထုတ်လုပ်ဆောင်ခဲ့ကြသည်။ သို့ရာတွင် နည်းပညာများ မတိုးတက်မထွန်းကားသေးသည့် ကာလများဖြစ်သည့်အတွက် ထိုစဉ်ကထုတ်ပြန်ခဲ့သော ကမ္ဘာ့ပျမ်းမျှအပူချိန်သည် တိကျပြည့်စုံမှုမရှိခဲ့ပေ။

ထိုမှတစ်ဆင့် ၁၉၃၀ ပြည့်နှစ်အရောက်တွင် တစ်ကမ္ဘာလုံး၌ တိုးမြှင့်ထုတ်လွှတ်နေသော ကာဗွန် ဓာတ်ငွေ့ပမာဏသည် မြင့်တက်လာသော ကမ္ဘာ့အပူချိန်နှင့် တိုက်ရိုက်အချိုးကျနေကြောင်း ဖော်ထုတ်လာနိုင်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များ၌ အာကာသထဲရှိ ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ဂြိုဟ်တုများကို လွှတ်တင်နေရာချထားလာနိုင်ပြီး ထိုမှတစ်ဆင့် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ တိုင်းတာသတင်းပေးပို့ရေး ဂြိုဟ်တုများ တည်ဆောက်သည့် နည်းပညာအဆင့်အတန်း မြင့်မားလာခဲ့ရာ ထိုကာလများမှစ၍ ကမ္ဘာ့အပေါ်လွှာ လေထု၏ အပူချိန်များ၊ ကမ္ဘာ့အောက်လွှာလေထု၏ အပူချိန်များ၊ သမုဒ္ဒရာရေပြင်နှင့် တောင်တန်းများပေါ်ရှိ လေထုအပူချိန်များကို ဂြိုဟ်တုများက မြေပြင်စခန်းများဆီသို့ စဉ်ဆက်မပြတ်ပေးပို့လာနိုင်သည်။

ဤသို့အားဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ထုတ်ပြန်သော ကိန်းဂဏန်းများမှာ ပို၍တိကျ သေချာလာသည်။ ၁၈၈၀ ပြည့်နှစ်နှင့် ၁၈၇၀ ပြည့်နှစ်အတွင်း အနှစ် ၇၀ ကာလ၏ ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၆ ဒီဂရီစင်တီဂရိတ် ဖြစ်သည်ဟူ၍ ရှည်လျားသောနှစ်ကာလကို ခြုံငုံတွက်ချက် ထုတ်ပြန်ခဲ့ကြရာမှ ၁၉၆၀ ပြည့်နှစ်အရောက်တွင် အဆိုပါပြက္ခဒိန်နှစ်၏ ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၉ ဒီဂရီစင်တီဂရိတ် ဖြစ်ကြောင်းဖြင့် နှစ်တစ်နှစ်ချင်းအလိုက် ပို၍တိကျစွာ ထုတ်ပြန်ကြေညာနိုင်ခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ်သို့ ရောက်ရှိလာချိန်တွင်မူ အဆိုပါနှစ်၏ ကမ္ဘာ့ပျမ်းမျှအပူချိန်ကို ထုတ်ပြန် ပေးနိုင်ရုံမျှ မက၊ နောက်ကြောင်းပြန်ဆယ်နှစ်အတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ သုညဒသမ ၁၅ ဒီဂရီ စင်တီဂရိတ် မြင့်တက်ခဲ့ကြောင်း ခိုင်ခိုင်မာမာ ထုတ်ဖော်နိုင်ခဲ့ကြသည်။ ကမ္ဘာ့ပျမ်းမျှအပူချိန် တိုင်းတာမှုနည်းပညာများ အဆင့်မြင့်လာခြင်း၊ တိုင်းတာရေးစခန်းများ တိုးချဲ့တည်ဆောက်လာနိုင်ခြင်း၊ ကုန်သွယ်ရေကြောင်း သင်္ဘောလိုင်းများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်မှု ကျယ်ပြန့်လာခြင်း၊ ရေတပ်သင်္ဘောများ၏ ထိရောက်သော ကူညီပံ့ပိုးမှုကို ပိုမိုရရှိလာခြင်း စသော အပြုသဘောဆောင်သည့် အကြောင်းအရာများသည် ကမ္ဘာ့ ပျမ်းမျှအပူချိန်ကို တွက်ချက်ထုတ်ပြန်နိုင်ရေးအတွက် ကြီးမားသောအထောက်အပံ့များ ဖြစ်လာရုံမျှမက ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးသောနှစ်ကာလကို ရှာဖွေဖော်ထုတ်ရာ၌ပါ ထိရောက်သော စွမ်းဆောင်ချက်များ ဖြစ်လာကြသည်။

ယင်းကဲ့သို့ ထိရောက်သော စွမ်းဆောင်ချက်များကြောင့် ၁၈၆၀ ပြည့်နှစ်မှစ၍ နှစ်ပေါင်း ၁၅၀ အတွင်း အပူပြင်းဆုံးသော နှစ်ကာလများမှာ ၁၉၉၅ ခုနှစ်နောက်ပိုင်း၌သာ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိ လာရသည်။ လွန်ခဲ့သောနှစ် ၁၀၀ က ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သာ ရှိခဲ့သော်လည်း မျက်မှောက်ကာလတွင် ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁၄ ဒသမ ၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နေပြီဖြစ်သည်။

နောက်ကြောင်းပြန် ကာလများကိုကြည့်လျှင် ၁၈၈၀ ပြည့်နှစ်မှ ၁၉၂၀ ပြည့်နှစ်အတွင်း၌ ရှိခဲ့သော ပျမ်းမျှအပူချိန်သည် ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်း၌ ရှိခဲ့သော ပျမ်းမျှအပူချိန်ထက် လျော့နည်းနေကြောင်း တွေ့ရှိရသည်။ တစ်နည်းဆိုရသော် ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်ကာလအတွင်း ကမ္ဘာ့ပျမ်းမျှ အပူချိန်မှာ မြင့်တက်ခဲ့ကြောင်း မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကြားကာလတစ်လျှောက်လုံး၌ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် တက်လိုက်ကျလိုက် ဖြစ်နေခဲ့ရာမှ ၁၉၇၉ ခုနှစ်မှစ၍ ကမ္ဘာ့ပျမ်းမျှအပူချိန်က သိသာစွာ မြင့်တက်လာခဲ့သည်။ ထိုကာလနောက်ပိုင်း ကမ္ဘာ့အပူချိန် မြင့်တက်နှုန်းသည် နှစ်ပေါင်း ၅၀၀၀ အတွင်း အမြန်ဆုံးနှုန်းဖြစ်ကြောင်းသိပ္ပံသုတေသီတို့က ဆိုကြသည်။

အတိတ်ကာလ၏ ရာသီဥတုအခြေအနေများ ဖော်ထုတ်ရေးဆိုင်ရာ နည်းပညာများကို အသုံးချကာ လွန်ခဲ့သောနှစ်ပေါင်း ၆၅ သန်းကာလအထိ နောက်ကြောင်းပြန်လျက် ကမ္ဘာ့မြောက်ဝင်ရိုးစွန်း အာတိတ်ဒေသ၏ ရာသီဥတုပြောင်းလဲမှုများကို လေ့လာလျက်ရှိသော အမေရိကန် သိပ္ပံပညာရှင်များအဖွဲ့သည် အစဉ်ခဲနေသော ရေခဲလွှာများ၏ အရည်ပျော်ကျနှုန်း၊ ဝင်ရိုးစွန်း ရေခဲလွှာပျော်ရည်ဖြစ်သော ရေချိုများ၏ ပမာဏနှင့် အငွေ့ပျံနှုန်း၊ ကမ္ဘာ့မြောက်ဘက်စွန်း၌ တိမ်လွှာထုဖြစ်ပေါ်မှုနှင့် အင်အားပြင်းမုန်တိုင်းကြီးများ၊ သမုဒ္ဒရာရေစီးကြောင်းကြီးများ၊ ရေအောက်အပင်များ ပေါက်ရောက်မှု၊ ရေနေသတ္တဝါများ ရွှေ့ပြောင်း ကျက်စားမှု စသည်တို့ကို အသေးစိတ်လေ့လာပြီးနောက် အထက်ပါအတိုင်း ထုတ်ဖော်ကြေညာခဲ့ကြခြင်း ဖြစ်သည်။

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် ထောင်ဂဏန်းနှင့်ချီသော ငါးနှင့် ရေသတ္တဝါ မျိုးစိတ်များမှာ ပို၍အေးမြသော ဝင်ရိုးစွန်းဒေသများဆီသို့ စားကျက် ရွှေ့ပြောင်းသွားကြသည့်အတွက် အီကွေတာရပ်ဝန်း ဒေသများ၌ ငါးဖမ်းဆီးရမိသည့် ပမာဏမှာ လျော့နည်းသွားခဲ့သည်။ ကမ္ဘာ့အပူချိန်မြင့်တက်နှုန်းသည် ဤပုံ ဤနည်းအတိုင်း ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက ငါးနှင့်ရေသတ္တဝါ မျိုးစိတ်များစွာတို့သည် ဆယ်စုနှစ် တစ်စုလျှင် ၂၅ မိုင်နှုန်းဖြင့် မြောက်အရပ်ဆီသို့ တစ်နည်းအားဖြင့် ရေပြင်အပူချိန်ပို၍လျော့နည်းရာ ဒေသများဆီသို့ ကူးခတ်ရွှေ့ပြောင်းသွားကြဖွယ် ရှိနေသည်။

ထိုကဲ့သို့ စားကျက်ရွှေ့ပြောင်းသွားကြမည်ဆိုပါက အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ငါးကြီးဆီ ထုတ်ယူနိုင်သောငါးများ ဖမ်းဆီးရမိမှုမှာ လာမည့် ဆယ်စုနှစ်လေးစုခန့်အတွင်း ထက်ဝက်လျော့ကျသွားမည့် အလားအလာရှိနေသည်။ အပူပိုင်းနှင့်သမပိုင်းဒေသများမှ ငါးမျိုးစိတ်အများအပြားတို့က အအေးပိုင်းဒေသသို့ စားကျက်ရွှေ့ပြောင်းကြသည့်အခါ အာရှတိုက်၊ အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်များရှိ နိုင်ငံပေါင်း ၃၀ ကျော်တို့၏ ငါးဖမ်းလုပ်ငန်းများအနေဖြင့် အကြီးအကျယ် ထိခိုက်ခံစားကြရဖွယ် ရှိနေကြသည်။

ကမ္ဘာ့အပူချိန် မြင့်တက်မှုဖြစ်စဉ်ကြီး ကာလရှည်ဖြစ်ပေါ်နေစဉ်အတွင်း အချို့သောအရပ်ဒေသများ၌ အအေးပိုမိုလွန်ကဲသော ဖြစ်ရပ်မျိုးကို ကြုံတွေ့ခဲ့ကြရသည်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်းက မြောက်အမေရိကနှင့် ဥရောပနိုင်ငံများ၌ ပုံမှန်ထက်အအေးပိုခဲ့သဖြင့် ကမ္ဘာ့အပူချိန် မြင့်တက်နေသည်ဆိုခြင်းအပေါ် ဒွိဟဖြစ်စေခဲ့သည်။ အမှန်တကယ်အားဖြင့်မူ ထိုနိုင်ငံများ၌ အအေးပိုခဲ့ခြင်းမှာ ပစိဖိတ်သမုဒ္ဒရာအတွင်း၌ ဖြစ်ပေါ်ခဲ့သော ကာလတိုလာနီညာဖြစ်စဉ်ကြောင့်သာလျှင် ဖြစ်ရကြောင်း နောက်ပိုင်း၌သိရှိခဲ့ကြသည်။

ကမ္ဘာ့အပူချိန်မြင့်တက်နေမှု၏ သရုပ်သကန်အဖြစ် ၂၀၀၃ ခုနှစ်အတွင်းက ဥရောပတိုက်တစ်ခွင်၌ မကြုံစဖူး မိုးခေါင်မှုဖြစ်ပေါ်ခြင်းနှင့် အပူလှိုင်းဖြတ်သန်းမှုဖြစ်စဉ်များကို တွေ့ရှိနိုင်သည်။ လူပေါင်း ၃၀၀၀ ခန့် သေဆုံးခဲ့ကြရသော ထိုဖြစ်စဉ်ကြီးသည် ရေသယံဇာတများကို လျော့နည်းစေခဲ့ပြီး ကောက်ပဲသီးနှံ အထွက်နှုန်းကိုလည်း သိသာစွာလျော့ကျစေခဲ့ကာ ယူရို ၁၃ ဘီလီယံကျော် ဆုံးရှုံးစေခဲ့သည်။

သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံအားလုံးတို့အနေဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်နေခြင်းကို ထိရောက်စွာ ဟန့်တားကြရန် အထူးလိုအပ်သည့်အားလျော်စွာ၊ ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ ထုတ်လွှတ်နေမှုကို လက်တွေ့ကျကျဖြင့် သိသိသာသာလျှော့ချကြရန် လိုအပ်နေပြီဖြစ်ပေသည်။

**ကမ္ဘာ့မှတ်တမ်းဝင် လွန်ကဲပြင်းထန်သော မိုးလေဝသဖြစ်စဉ်များ**

ကမ္ဘာ့အရပ်ဒေသ အသီးသီးတို့တွင် မတူညီသောရာသီဥတုများ ဖြစ်ပေါ်နေပြီး နေ့စဉ်အားဖြင့်လည်း အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားသည့် မိုးလေဝသဖြစ်စဉ်များကို ကြုံတွေ့ ဖြတ်သန်းနေကြရသည်။ ကမ္ဘာ့အရပ်ရပ်၌ ဖြစ်ပေါ်နေသော နေ့စဉ်မိုးလေဝသ ဖြစ်စဉ်များကို အထူးသတိထား လေ့လာစောင့်ကြည့်ကာ မှတ်တမ်းပြုစုခဲ့ကြသော သိပ္ပံပညာရှင်များနှင့် မိုးလေဝသဆိုင်ရာ ကျွမ်းကျင်သူများသည် မိုးလေဝသမှတ်တမ်းများနှင့် သတင်းအချက်အလက်များကို အချင်းချင်း အပြန်အလှန်ဖလှယ်ခဲ့ကြခြင်းဖြင့် ကမ္ဘာ့ဒေသနိုင်ငံများ၌ ဖြစ်ပေါ်နေသော မိုးလေဝသဖြစ်စဉ်များနှင့် ရာသီဥတုအခြေအနေတို့မှာ ဆက်စပ် ပတ်သက်နေခဲ့ကြောင်း တွေ့ရှိခဲ့ကြရသည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကြီးက ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတု ပြောင်းလဲနေမှုများ၊ အယ်နီညိုနှင့် လာနီညာကဲ့သို့သော အစွန်းရောက်ရာသီဥတု ဖြစ်ပေါ်မှုများ၊ ဒေသအသီးသီးအတွက် မိုးလေဝသဆိုင်ရာ ယေဘုယျခန့်မှန်းချက်များ စသည်တို့ကို နေ့စဉ် ထုတ်ပြန်ပေးလျက် ရှိနေသလို... အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီကျွန်းရှိ ရေတပ်စခန်းကလည်း ကမ္ဘာ့ကမ်းရိုးတန်း ဒေသအသီးသီးတို့၏ ကမ်းလွန်ပင်လယ်ပြင်များနှင့် ပင်လယ်အော်များ၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေမှု အခြေအနေများ၊ မုန်တိုင်း ဖြစ်ပေါ်လာနိုင်မှု အခြေအနေများ၊ ဆူနာမီသတိပေးချက်များ စသည်တို့ကို အဆက်မပြတ် ထုတ်ပြန်သတိပေးလျက် ရှိနေပြီဖြစ်သည်။

မိုးလေဝသဆိုင်ရာ ခန့်မှန်းချက်များနှင့် ရာသီဥတုဆိုင်ရာ မှတ်တမ်းများကို စနစ်တကျ လုပ်ဆောင် နိုင်ခဲ့ချိန်မှစ၍ မျက်မှောက်ကာလအထိတိုင်ဖြစ်သည့် ကမ္ဘာ့မိုးလေဝသ သမိုင်းတစ်လျှောက်တွင် ထိတ်လန့် အံ့ဩဖွယ်ကောင်းသော လွန်ကဲပြင်းထန်လှသည့် ဖြစ်စဉ်အချို့ကို ကြုံတွေ့ခဲ့ကြရသည်။ အများပြည်သူတို့ကို မဆိုထားဘိ...မိုးလေဝသဆိုင်ရာ ကျွမ်းကျင်သူများနှင့် သိပ္ပံပညာရှင်များကိုပင် အံ့အားသင့်စေခဲ့သော မိုးလေဝသဖြစ်စဉ်အချို့သည် ကမ္ဘာ့မိုးလေဝသမှတ်တမ်း၌ ကမ္ပည်းတင် စံပြုရသည်အထိပင် ဖြစ်ပေါ်ခဲ့ဖူးသည်။

သာဓကတစ်ခုအနေဖြင့် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီကျွန်းတွင် တစ်နှစ်တာကာလအတွင်း ရက်ပေါင်း ၃၅၀ တိတိ မိုးရွာသွန်းခဲ့ဖူးသောကြောင့် ကာလအရှည်ကြာဆုံးသော စွတ်စိုမှုကြီးအဖြစ် ကမ္ဘာ့မိုးလေဝသမှတ်တမ်း၌ မှတ်တမ်းဝင်ခဲ့သည်ကို တွေ့ရှိနိုင်သည်။ ပင်လယ်ရေ ပတ်လည်ဝိုင်းနေသည့် ထိုကျွန်းပေါ်၌ တစ်နှစ်ပတ်လုံးနီးပါး မိုးရွာသွန်းမှုကိုဖြစ်ပေါ်စေသော မိုးတိမ်များ၏ စုဖွဲ့ဖြစ်ပေါ်နေခဲ့မှုသည် မိုးလေဝသဆိုင်ရာ သိပ္ပံပညာရှင်တို့အတွက် သင်ခန်းစာအသစ်တစ်ခု ဖြစ်ခဲ့ရသည်။

ဟာဝိုင်ယီကျွန်းဖြစ်ရပ်နှင့် ဆန့်ကျင်ဘက် ဖြစ်စဉ်ကြီးတစ်ခုကလည်း ကမ္ဘာ့မိုးလေဝသဆိုင်ရာ မှတ်တမ်းတွင် စံပြုရသော မှတ်တမ်းမှတ်ရာတစ်ခုအဖြစ် ဖော်ပြခြင်းခံခဲ့ရဖူးသည်။ ကမ္ဘာပေါ်ရှိ သဲကန္တာရ နယ်မြေများအနက် တစ်ခုအပါအဝင်ဖြစ်သော ချီလီနိုင်ငံ အတာကာမာ သဲကန္တာရဝန်းကျင်၌ တစ်နှစ်ပတ်လုံး ရရှိသော မိုးရေချိန်ပမာဏသည် သုည ဒသမ ၁ မီလီမီတာထက်ပင် လျော့နည်းခဲ့ဖူးသည့်အတွက် ဟာဝိုင်ယီ ဖြစ်ရပ်နှင့်ဆန့်ကျင်ဘက် ဖြစ်ရပ်တစ်ခုအဖြစ် ကမ္ဘာ့ အခြောက်သွေ့ဆုံးသောဖြစ်ရပ်ဟူ၍ ကမ္ဘာ့မှတ်တမ်း၌ ဝင်ခဲ့သည်။ ထိုဖြစ်ရပ်ကြီးက မိုးရွာသွန်းမှုကို ဖြစ်ပေါ်စေသော မိုးတိမ်များသည် သဲကန္တာရနယ်မြေတစ်ခု အပေါ်၌ ဖြစ်တည်ရန် အဘယ်ကြောင့် ဤမျှလောက် ခက်ခဲနေခဲ့ရသည်ဆိုသည့် ပုစ္ဆာတစ်ပုဒ်ကို မိုးလေဝသဆိုင်ရာ သိပ္ပံပညာရှင်တို့အတွက် ချန်ထားရစ်ခဲ့သည်။

မိုးလေဝသသတင်းများကို ကြေညာရာ၌ မြို့တစ်မြို့သို့တည်းမဟုတ် ဒေသတစ်ခု၏ ၂၄ နာရီ တစ်ရက်တာအတွင်း အနိမ့်ဆုံးဖြစ်ပေါ်မည့် အပူချိန်နှင့် အမြင့်ဆုံးရှိနိုင်သည့် အပူချိန်တို့ကိုပါ ထည့်သွင်းကြေညာပေးလေ့ ရှိကြသည်။ ထို့အတူပင် နိုင်ငံတစ်နိုင်ငံ၏ ဒေသတစ်ခုအတွင်း၌ ဆောင်းရာသီတွင်ရှိမည့် အနိမ့်ဆုံးအပူချိန်နှင့် နွေရာသီတွင်ရှိမည့် အမြင့်ဆုံးအပူချိန်တို့ကိုလည်း မိုးလေဝသနှင့်ရာသီဥတုဆိုင်ရာ ကျွမ်းကျင်သူတို့က ကြိုတင်တွက်ချက်ကာ ထုတ်ပြန်ကြေညာပေးလေ့ရှိကြသည်။

သာမန်အားဖြင့် ဆောင်းရာသီ၏ အနိမ့်ဆုံးအပူချိန်နှင့် နွေရာသီ၏ အမြင့်ဆုံးအပူချိန်တို့မှာ သိသိသာသာ ကွာခြားလေ့ရှိသည်ကို အများက လက်ခံထားကြပြီးဖြစ်သည်။ သို့ရာတွင် ဆာဘီးယားနိုင်ငံ အရှေ့မြောက်ဒေသ၌ ဆောင်းရာသီ၏ အနိမ့်ဆုံးအပူချိန်မှာ အနုတ် ၉၀ ဒီဂရီဖာရင်ဟိုက် (အနုတ် ၆၈ ဒီဂရီစင်တီဂရိတ်) ရှိနေခဲ့ရာမှ နွေရာသီသို့ရောက်သည့်အခါ အမြင့်ဆုံးအပူချိန်အဖြစ် ၉၈ ဒီဂရီ ဖာရင်ဟိုက် (၃၇ ဒီဂရီစင်တီဂရိတ်)အထိ မြင့်တက်ခဲ့ဖူးသော သာဓကရှိခဲ့သည်။

ထိုဒေသ၌ ဆောင်းရာသီနှင့်နွေရာသီတို့၏ အပူချိန်ကွာခြားမြင့်တက်မှုမှာ ၁၈၈ ဒီဂရီဖာရင်ဟိုက် (၁၀၅ ဒီဂရီစင်တီဂရိတ်)အထိ ရှိခဲ့သောကြောင့် မိုးလေဝသဆိုင်ရာ သိပ္ပံပညာရှင်တို့အတွက် အဖြေမညှိနိုင်သော ပဟေဠိတစ်ခုဖြစ်ခဲ့ရသည်။ နေ့နှင့်ည အပူချိန်ကွာဟမှု ကြီးမားလှပါသည်ဆိုသော အရှေ့အလယ်ပိုင်းဒေသများသည်ပင်လျှင် ဆားဘီးယားအရှေ့မြောက်ဒေသ၌ ဖြစ်ပေါ်ခဲ့သည့် အပူချိန်ကွာဟမှုကို လက်မြှောက် အရှုံးပေးခဲ့ကြရသည်။ ။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်တွင်းရေကြောင်းသွားရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများရှင်းလင်း

**မုံရွာ မေ ၁၁**

အသစ်ပြန်လည်ပြဋ္ဌာန်းမည့် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်း များနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို စစ်ကိုင်းတိုင်းဒေသ ကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၉ ရက်က ကျင်းပခဲ့သည်။

"ရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန် စံညွှန်းများ သတ်မှတ်ထားခြင်းနဲ့ပတ်သက်ပြီး ပဏာမ လာရောက်ရှင်းလင်းပြောကြားတာပါ၊ ဒီစံချိန်စံညွှန်း တွေကို ဘာကြောင့်သတ်မှတ်ဖို့လိုလဲဆိုရင် ချင်းတွင်း မြစ်ကြောင်းတစ်လျှောက်မှာ သွားလာနေတဲ့ ရေယာဉ် တွေဟာ မကြာခဏ ရေယာဉ်တိုက်မိခြင်း၊ နစ်မြုပ်ခြင်း၊ မီးလောင်ခြင်း ဖြစ်လေ့ရှိနေပါတယ်၊ အဲဒီအတွက် ပြည် ထောင်စုဝန်ကြီးရဲ့ညွှန်ကြားချက်အရ ဒီဒေသမှာ ခရီး သွားလာကြတဲ့ ပြည်သူတွေ လမ်းခရီးလုံခြုံချောမွေ့စေ ရေးအတွက် ရေယာဉ်တွေကို သတ်မှတ်ထားတဲ့ စံချိန် စံညွှန်းနဲ့အညီ တည်ဆောက်နိုင်ဖို့ ညွှန်ကြားပြီး ကော် မတီဖွဲ့စည်းခဲ့ပြီး မူကြမ်းရေးဆွဲခဲ့တာ အခု မူကြမ်းရေးဆွဲ ပြီးသွားတဲ့အတွက် ဒီမူကြမ်းကို သက်ဆိုင်ရာတာဝန် ရှိသူအားလုံးကို ပြန်လည်ချပြပြီးတော့ ဆွေးနွေးတာပါ" ဟု ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်က ပြောသည်။



ရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားပြီး ပြည်တွင်း ရေကြောင်းသွားရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်း ပထမပိုင်းကို ဦးဇော်မြင့်သိန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန)ကလည်းကောင်း၊ ဒုတိယပိုင်းကို ဦးမြင့်ခင်(အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း)ကလည်းကောင်း၊ တတိယ ပိုင်းကို မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ရေယာဉ် တည်ဆောက်မှုဆိုင်ရာ ဗိသုကာဌာနမှ ပါမောက္ခဒေါ်မြင့် မြင့်ခိုင်ကလည်းကောင်း၊ စတုတ္ထပိုင်းကို တိုင်းဒေသကြီး နှင့် ပြည်နယ် ရုံးခွဲများဌာန(အထက်မြန်မာပြည်)မှ ညွှန် ကြားရေးမှူး ဦးဖုန်းမိုကလည်းကောင်း၊ ပဉ္စမပိုင်းကို ဦးပိုလ်စီ(ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ရေအရင်း အမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာန)ကလည်းကောင်း အသီးသီး ရှင်းလင်းခဲ့သည်။

ထို့နောက် ရေကြောင်းအင်ဂျင်နီယာဌာနခွဲမှ ညွှန် ကြားရေးမှူး ဦးစိုးနိုင်(၁)က စံချိန်စံညွှန်းများနှင့် ပတ် သက်၍ ခြုံငုံရှင်းလင်းခဲ့ပြီး ရှင်းလင်းပွဲသို့ တက်ရောက် လာသည့် ရေယာဉ်လုပ်ငန်းရှင်များ၊ ရေယာဉ်တည် ဆောက်သူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်း လျက်ရှိသော ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်၌ မုံရွာမြို့တွင် အခြေပြု ပြေးဆွဲလျက်ရှိသော လူစီးအမြန် ရေယာဉ် အသင်းကိုးသင်းက အစင်းရေ ၁၃၀ ကျော်ဖြင့် လည်းကောင်း၊ ကုန်တင်ရေယာဉ် အသင်း ၁၉ သင်းက အစင်းရေ ၆၀၀ ခန့်ဖြင့်လည်းကောင်း ပြေးဆွဲလျက် ရှိရာ ရေယာဉ်များ ကြံ့ခိုင်ရေးနှင့် ပြေးဆွဲသည့်လမ်း ကြောင်းတစ်လျှောက်တွင် ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် အသစ်သတ်မှတ်ပြဋ္ဌာန်းမည့် ပြည်တွင်းရေ ကြောင်းသွားရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများကို ရှင်းလင်းအသိပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ပန်ဝါမြို့တွင် မီးသတ်စခန်းခွဲ တည်ဆောက်မည်

**ပန်ဝါ မေ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ပန်ဝါမြို့တွင် မီးသတ်စခန်းခွဲကို ယခုနှစ်အတွင်း အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

ပန်ဝါမြို့၌ မီးသတ်စခန်းထားရှိနိုင်ရေးအတွက် မြေအနေအထားနှင့် တည်ဆောက်မှုပုံစံကို ကချင်ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန် (ခ)ခန်လင်နှင့် ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တို့သည် မတ် ၁၈ ရက်တွင် ပန်ဝါမြို့သို့ လှည့်လည်ကြည့်ရှုခဲ့ပြီး ပန်ဝါမြို့ရှိ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဆွေးနွေးခဲ့ ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ ပြည်နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းနှင့် မီးသတ် ကား ထားမယ်ဆိုတော့ ဝမ်းသာပါတယ်၊ ကြိုဆိုပါတယ်၊ ဒီဒေသက တောင်ပေါ်ဒေသ ဖြစ်တဲ့အတွက် တောင်တက် တောင်ဆင်းတွေများတယ်၊ ဒါကြောင့် မီးသတ်ကား တွေကို ဒေသနဲ့ကိုက်ညီတဲ့ မီးသတ်ကားတွေ အသုံးပြုစေလိုတယ်"ဟု ချီဖွေမြို့နယ် အမှတ် ၂ မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်ယိန်ဆောင်က ပြောသည်။

ပူပြင်းခြောက်သွေ့သောရာသီမှာ အဖြစ်များတဲ့ သစ်တောမီးတွေလောင်တတ်လို့ ပန်ဝါမြို့မှာ မီးသတ်စခန်းနှင့် မီးသတ်ကား မဖြစ်မနေလိုအပ်တဲ့အတွက် စီမံဆောင်ရွက် ထားတယ်လို့ မြစ်ကြီးနားခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့နိုင်ငံတစ်လျှောက်မြို့နဲ့ အလှမ်းဝေးနေတဲ့ တရုတ်ပြည်နယ်စပ် အထူးသဖြင့် ဒီလိုရာသီမှာ အဖြစ်များတဲ့ သစ်တောမီးတွေလောင်တတ်လို့ ပန်ဝါမြို့မှာ မီးသတ်စခန်းကို မဖြစ်မနေထားရတော့တာ၊ အခုအဆောက်အအုံဆောက်နိုင်ဖို့ အကုန်စီမံဆောင်ရွက်ထားပြီးပါပြီ၊ သန္နေတပ်ဖွဲ့ဝင်တွေနဲ့ မီးငြိမ်းသတ်ယာဉ်တစ်စီး တော့ ဟိုမှာရောက်နေပြီ"ဟု မြစ်ကြီးနားခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်သူက ပြောသည်။

ကချင်ပြည်နယ်အတွင်း ပြည်နယ်မီးသတ်စခန်း တစ်ခု၊ ခရိုင်မီးသတ်စခန်း လေးခု၊ မြို့နယ်မီးသတ်စခန်း ၁၈ ခုနှင့် နယ်မြေမီးသတ်စခန်း ၄၄ ခုရှိပြီး စုစုပေါင်းမီးသတ်စခန်း ခွဲများ ၆၇ ခု ရှိကြောင်းသိရပြီး အချို့မီးသတ်စခန်းခွဲများမှာ မြေနေရာတရားဝင် မရရှိ သေးသည့်အတွက် စခန်းတည်ဆောက်မှုများ ပြုလုပ်နိုင်ခြင်းမရှိသေးသည့် စခန်းများ လည်း ပါဝင်ကြောင်း သိရသည်။

**မင်းမင်းဦး**

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များအတွက် ရဲဝတ်ပစ္စည်းများပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင် များအတွက် ရဲဝတ်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို မေ ၁၀ ရက်မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးသင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရ သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး မြင့်ထွေး၊ တိုင်းအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ယုနိုင်၊ ခရိုင် ရဲတပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ ကြသည်။

အဆိုပါ ရဲဝတ်ပစ္စည်းများထောက်ပံ့ပေးအပ်ရာတွင် တပ်ဖွဲ့ဝင်အမျိုးသား ၅၂၉၇ ဦးအတွက် အနွေးဂျာကင် ၅၂၉၇ ထည်ကိုလည်းကောင်း၊ တပ်ဖွဲ့ဝင် ၅၇၃၃ ဦးအတွက် မျက်နှာသုတ်ပုဝါ၊ စောင်ထူ၊ ရဲခါးပတ် ပုံစံသစ် (ခေါင်းပါ)၊ ခြေအိတ်ပါး (အနက်)၊ ချည်စောင်ကြားတို့ကိုလည်းကောင်း၊ တပ်ဖွဲ့ဝင်အရာရှိ အခြားအဆင့် (အမျိုးသမီး) ဆောင်းဦးထုပ်(တံဆိပ်)ပါ အလုံး ၄၉၀၊ အရာရှိ(အမျိုးသား)အတွက် ပိကက်ဦးထုပ် (တံဆိပ်)ပါ အလုံး ၉၀၀ တို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် ဦးစီးအရာရှိ (ပထမတန်း)တို့က ခရိုင် ရဲတပ်ဖွဲ့မှူးများထံ အသီးသီးပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ကျေးလက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ဘုတ်ပြင်း မေ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း ဒုတိယစက်ဝန်းနှင့် ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ မြို့နယ် အဆင့် သက်ဆိုင်ရာအဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို မြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ မေ ၉ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ် ဦးစီးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်းက အမှာစကား ပြောကြားသည်။

**မြို့နယ် (ပြန်/ဆက်)**



# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး မော်လမြိုင်၌ ကျင်းပ

**မော်လမြိုင် မေ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကလေးသူငယ်အခွင့် အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို မော်လမြိုင်မြို့ရာမညဟိုတယ်၌ မေ ၉ ရက်က ကျင်းပခဲ့ရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ World Vision အဖွဲ့အစည်းနှင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေး မှူး ဦးမြင့်ဦးက တောင်းရမ်းစားသောက်သည့် ကလေး ငယ်များကိစ္စနှင့် ပတ်သက်၍ ၎င်းတို့၏ မိဘများအား အသိပညာပေးရန်နှင့် အလုပ်ကိုင်အခွင့်အလမ်းများ ရှာဖွေပေးရန်၊ ကလေးသူငယ်များအား ကလေးအခွင့် အရေးအပြင် လိုက်နာရမည့် စည်းကမ်းများကိုပါ အသိ ပညာပေး ရှင်းပြရန်၊ ကလေးများ၏ ပြဿနာများ ပေါ် လာလျှင် အတတ်နိုင်ဆုံး မိဘများအား အသိပညာပေး ရန်နှင့် ဝန်ခံကတိများ လက်မှတ်ရေးထိုးစေရန်၊ ကလေး သူငယ်၏ အကောင်းဆုံး အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှုပြီး သက်ဆိုင်ရာဌာနအလိုက် ပူးပေါင်းဆောင်ရွက် ကြရန်၊ ဥပဒေနှင့် ဆက်နွယ်နေသော ကလေးသူငယ်များ ကိစ္စတွင် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ဆောင်ရွက်ကြ ရန်၊ စီမံချက် ပရောဂျက်များ ရေးဆွဲရာတွင် တောင်းရမ်း စားသောက်သူ ကလေးငယ်များနှင့် စေခိုင်းသူ မိဘအုပ် ထိန်းသူများအား အလုပ်အကိုင် အခွင့်အလမ်းများ ပေး နိုင်ရေးအတွက် နည်းလမ်းများ ထည့်သွင်းရေးဆွဲကြရန် စသည်တို့ကို ဆွေးနွေးသည်။



ထို့နောက် ကော်မတီအတွင်းရေးမှူး ဒေါ်တင့်တင့် ဝင့်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ World Vision မှ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ စီမံကိန်း ပရောဂျက်တာဝန်ခံဦးမင်း အောင်မြင့်က လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်း ပရောဂျက်များအကြောင်းကိုလည်းကောင်း ရှင်းလင်း ပြောကြားပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေး နွေး အကြံပြုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်းသားများ ကွင်းဆင်း

**ချောင်းဆုံ မေ ၁၁**

မွန်ပြည်နယ်ရဲတပ်ဖွဲ့တွင် ဖွင့်လှစ်လျက်ရှိသည့် ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် (Community Policing) (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၈) မှ သင်တန်းသား ၃၀ သည် နည်းပြဆရာများနှင့် အုပ်ချုပ်သူအရာရှိများ လိုက်ပါလျက် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း လက်တွေ့ကွင်းဆင်းလေ့ကျင့်မှု များ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ လက်တွေ့ကွင်းဆင်းလေ့ကျင့်မှုများ ဆောင်ရွက်ကြရာတွင် ပြည်သူများ၏ နေအိမ်များသို့ လှည့်လည်သွားရောက်၍ ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်း စနစ်၏ အကျိုးကျေးဇူးများ၊ ရဲနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာခြင်းဖြင့် ရာဇဝတ်မှု၊ ဒုစရိုက်မှုများ လျော့နည်းမေးမှိန်ပပျောက်လာနိုင်ပြီး ပြည်သူလူထုအတွက် အကျိုးကျေးဇူးကောင်းများ ရရှိလာနိုင်မှုများအား ပြည်သူများနှင့် ထိတွေ့ပြောဆို ဆွေးနွေးခဲ့ကြပြီး ပြည်သူများ၏ အကြံပြုတင်ပြမှုများအား မှတ်သားလိုက်နာခဲ့ကြ ကြောင်း သိရှိရသည်။

**မော်လမြိုင်(ကိုယ်ပွား)**

# နွေရာသီအခြေခံ အားကစားသင်တန်းဆင်း

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားနှင့် ကာယ ပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော နွေရာသီ အခြေခံ အားကစားသင်တန်း ဆင်းပွဲကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားခန်းမ၌ မေ ၉ ရက်က ကျင်းပ ခဲ့သည်။

သင်တန်းဆင်းပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများနှင့် အားကစားသမား လူငယ်များ တက် ရောက်ခဲ့သည်။ ကျောင်းသားကျောင်းသူများအနေဖြင့် နွေရာသီကျောင်း ပိတ်ရက်များ ကို အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် အားကစားကို စိတ်ပါဝင်စားပြီး အခြေခံ အားကစားနည်းစနစ်ကို စနစ်တကျ လေ့လာလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်လျက် သင်တန်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ကလေးနှင့် လူငယ် ၁၈၇ ဦးအား ဘောလုံး၊ တိုက်ကွမ်ဒို၊ ကမ်ဘိုကရာတေးဒို စသည့် အားကစား နည်းများကို မေ ၁ ရက်မှ ၉ ရက်အထိ စနစ်တကျ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြုံး၍ ရယ်၍ မလှုတော့ပါ

**တင်မောင်အေး (ကန့်ဘလူ)**



လူနာမိန်းမပျိုလေးက ဆရာ၏စားပွဲရှေ့တွင်ထိုင်လျက် ခေါင်းကိုငုံ့ထားသည်။ သူ့ဘေးနားမှာ သူ၏အမေဖြစ်သူသည် စိတ်မကောင်းဟန်မျက်နှာလေးဖြင့် သမီးဖြစ်သူအား ကရုဏာသက်စွာ ကြည့်နေရှာ၏။

အကြောအဆစ်ကုပညာရှင်က မေးသည်။ သမီး ဘာဖြစ်တာလဲဆိုတာ ဆရာ့ကို ပြောပြပါလား၊ လူနာ မိန်းမပျိုလေးက ဆရာ၏အမေးကို မဖြေသေးဘဲ သူ၏အမေအား လှမ်းကြည့်လိုက်သည်။ သမီးဘယ်လိုဖြစ်တယ်ဆိုတာကို ဆရာ့ကို ပြောပြလိုက်ပါကွယ်။ ဒါမှ သမီးဘာဖြစ်တယ်ဆိုတာ ဆရာက သိတော့မပေါ့။ သမီးမပြောချင်ဘူး၊ အမေပဲ ပြောပြလိုက်ပါဟု ခပ်တိုတိုခပ်ပြတ်ပြတ်ပြောရင်း မိန်းမပျိုလေး၏ အသံကတိုးဝင်သွား၏။ ပြီး ရှိုက်သံသဲ့သဲ့ကို ကြားရသည်။ သူ၏မျက်နှာတစ်ခြမ်းကို ဆံပင်တစ်ဝက်ခွဲပြီး အုပ်ချထား သဖြင့် မျက်နှာတစ်ခုလုံးအား ကောင်းစွာမတွေ့ရပေ။သည် တော့မှ အမေဖြစ်သူက "ဒီလိုပါ ဆရာ .." ဟု အစချီပြီး ယခုကဲ့သို့ ပြောပြခဲ့သည်။

**အဖြစ်အပျက်**

တစ်နေ့က သမီးဖြစ်သူသည် မနက် ၁၀ နာရီခန့်တွင် ထဘီ ရင်ရှားဖြင့် အိမ်လှည်းကျင်းသည်။ နောက်တော့ မိသားစု၏ အဝတ်များကို လျှော်ဖွပ်သည်။ အဝတ်လှန်းသည်။ ပြီးသည့်အခါ ခေါင်းလျှော်ရေချိုးပြန်သည်။ အလုပ်အားလုံးပြီးသော အခါ ထမင်းစားသည်။ စားသောက်ပြီးတော့ လေတဟူးဟူး တိုက်နေသော ပြတင်းပေါက်အနားတွင် ဆံပင်များဖြန့်ကာ တရေးတမော အိပ်ပစ်လိုက်သည်။ တစ်နာရီခန့်အိပ်ပြီးနိုးလာသောအခါ သောက်ရေအိုးမှ ရေခပ်သောက်ရာ ပါးစောင်တစ်ဖက်မှ ရေများစီးကျလာသည်ကို ထိတ်လန့်တကြား ကြုံတွေ့ရ၏။ ကြောက်လည်းကြောက်သွားမိတော့၏။

သို့နှင့် ဘာဖြစ်တာပါလိမ့်ဟူသော စိုးရိမ်စိတ်ဖြင့် မှန်ကို အပြေးအလွှား ကြည့်လိုက်သည့်အခါ သူ၏မျက်နှာတစ်ခြမ်း တွဲကျနေသည်ကို မြင်လိုက်ရသည်။ နောက်ပြီး မျက်စိတစ်ဖက်ကိုလည်း မှိတ်မရပါလေတော့။ သည်အခါတွင် အမေရေ အမေ၊ သမီး ဘာဖြစ်တာမှန်းမသိဘူးဟု အော်ခေါ်ရင်း ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်ထိုင်ချကာ ရှိုက်ကြီးတငင် ငိုပါတော့သည်။

**"အလုပ်အားလုံးပြီးသောအခါ ထမင်းစားသည်။ စားသောက်ပြီးတော့ လေတဟူးဟူးတိုက်နေသော ပြတင်းပေါက်အနားတွင် ဆံပင်များဖြန့်ကာ တရေးတမော အိပ်ပစ်လိုက်သည်။ တစ်နာရီခန့်အိပ်ပြီး နိုးလာသောအခါ သောက်ရေအိုးမှ ရေခပ်သောက်ရာ ပါးစောင်တစ်ဖက်မှ ရေများစီးကျလာသည်ကို ထိတ်လန့်တကြား ကြုံတွေ့ရ၏။ ကြောက်လည်းကြောက်သွားမိတော့၏။ သို့နှင့် ဘာဖြစ်တာပါလိမ့်ဟူသော စိုးရိမ်စိတ်ဖြင့် မှန်ကို အပြေးအလွှားကြည့်လိုက်သည့်အခါ သူ၏မျက်နှာတစ်ခြမ်း တွဲကျနေသည်ကို မြင်လိုက်ရသည်။ နောက်ပြီး မျက်စိတစ်ဖက်ကိုလည်း မှိတ်မရပါလေတော့"**

အမေဖြစ်သူက အထက်ပါအတိုင်း ပြောပြပြီးသည့် နောက်တွင်မှ လူနာမိန်းမပျိုလေးက ဟုတ်တယ်ဆရာ။ အခု သမီးလေ ပြုံးလို့ ရယ်လို့လည်း အရင်လို မလှုတော့ဘူး၊ အလွန်ကို စိတ်ဆင်းရဲရတာပဲဟု ကောက်ကာငင်ကာ ဝမ်းနည်းပက်လက် ဝင်ပြောလိုက်ရှာပါသည်။

**မျက်နှာတစ်ခြမ်း အကြောသေခြင်း**

မိမိတို့ အကြောအဆစ်ကုပညာရှင် (Physiotherapist) များအနေဖြင့် ယင်းသို့သော အဖြစ်အပျက်များကို မကြာခဏဆိုသလို ကြားခဲ့ဖူးပြီးဖြစ်သည်။ အထူးသဖြင့် ရာသီဥတုချမ်းအေးသော ဆောင်းတွင်းတွင် မျက်နှာတစ်ခြမ်းရှိ ကြွက်သားများ အားနည်းလျက် အကြောသေခြင်း (Facial palsy) သည် အဖြစ်များလေ့ရှိပါသည်။

နားရွက်များ၏ နောက်ဘက် နားသယ်ရိုးရှိ အပေါက်ကျဉ်းလေးမှ ထွက်လာသော အမှတ်(၇) ခရေနီယယ်နာဗ်ခေါ် မျက်နှာပိုင်းဆိုင်ရာအာရုံကြော (Facial nerve) သည် အအေးဓာတ်ကြာကြာမိပြီး ရောင်ရမ်းသွားသောကြောင့် ဖြစ်ရခြင်းဖြစ်သည်။ သို့သော် ဦးနှောက်ပိုင်းနှင့်ကား တိုက်ရိုက်သက်ဆိုင်ခြင်းမရှိပါချေ။ ထိုသို့ မျက်နှာတစ်ခြမ်းအကြောသေခြင်းကို အချို့သောသူများက ခန္ဓာကိုယ်တစ်ခြမ်းနှင့် ခြေလက်တို့တွင်ဖြစ်သော "လေဖြတ်ခြင်း"(Stroke) နှင့် ရောထွေးလျက် မှားယွင်းစွာ ထင်မှတ်ထားတတ်ကြသည်။ စိုးရိမ်တကြီးလည်း ဖြစ်ကြရသည်။ အဘယ်ကြောင့်ဆိုသော် အချို့သော လေဖြတ်သည့်လူနာများတွင်လည်း မျက်နှာတစ်ခြမ်း သေခြင်းပါ ဖြစ်တတ်ကြ၍ ဖြစ်လေသည်။ ဤအမျိုးအစား လေဖြတ်ခြင်းသည် ဦးနှောက်ပိုင်းတွင်သာ ဖြစ်လေသည်။

**လတ်တလော မျက်နှာတစ်ခြမ်းသေခြင်း**

ယခုဆောင်းပါးတွင် ပထမအမျိုးအစားဖြစ်သော မျက်နှာတစ်ခြမ်းသေခြင်းအကြောင်းကိုသာ ရေးပါမည်။ ခန္ဓာကိုယ်တစ်ခြမ်းတွင်ဖြစ်သော လေဖြတ်ရောဂါအကြောင်း မဟုတ်ပေ။ တစ်နည်းဆိုရသော် ဦးနှောက်၏အပြင်ဘက်တွင်ရှိသော အာရုံကြောတစ်ခုတွင် ရုတ်တရက် ဖြစ်ပွားတတ်သည့် လတ်တလော မျက်နှာတစ်ခြမ်းသေခြင်း (acute facial paralysis) အကြောင်း ဖြစ်သည်။

မျက်နှာတစ်ခြမ်းသေခြင်းကို ဖြစ်စေနိုင်သော အကြောင်းအမျိုးမျိုးရှိသည့်အနက် လတ်တလောဖြစ်သည့် မျက်နှာတစ်ခြမ်းသေခြင်းသည် အကြောင်းအားလုံး၏ ၆၀ ရာခိုင်နှုန်းရှိလေရာ အဖြစ်အများဆုံး အမျိုးအစားဖြစ်သည်။ ယူနိုက်တက်ကင်းဒမ်း(UK)တွင် ဤအမျိုးအစား မျက်နှာတစ်ခြမ်းသေခြင်းကို နှစ်စဉ် လူပေါင်း ၁၂၄၀၀ မှ ၂၄၈၀၀ ဦးအထိ ခံစားနေကြရသည်။

သုတေသီတို့၏ လေ့လာတွေ့ရှိချက်များအရ အသက် ၁၅ နှစ်နှင့် ၄၅ နှစ်အကြား ရှိသူတို့တွင် အဖြစ်များကြောင်း သိရှိရသည်။ ကလေးမီးမဖွားမီ သုံးလအလို (Third trimester of pregnancy) ကိုယ်ဝန်ဆောင် မိခင်လောင်းများသည် မျက်နှာတစ်ခြမ်းသေခြင်း ဖြစ်နိုင်ခြေများသဖြင့် ဆောင်းရာသီတွင် ဦးခေါင်းနှင့် မျက်နှာတို့ကို လေတိုက်အအေးမိခြင်း မရှိစေရန် အထူးသတိပြုသင့်ကြပါသည်။ ကား၊ ရထားတို့ဖြင့် ခရီးသွားသောအခါတွင်လည်း ပြတင်းပေါက်တွင်ထိုင်လျက် မျက်နှာတစ်ခြမ်းကို တစ်ချိန်လုံးလေတိုက်ခံခြင်းမျိုး မဖြစ်သင့်ပေ။

**လက္ခဏာများ**

မျက်နှာတစ်ခြမ်းသေခြင်း ဖြစ်ကြသူများတွင် အောက်ပါ လက္ခဏာများကို သိရှိခံစားရနိုင်ပါသည်။

(၁) မျက်နှာတစ်ခြမ်းရွဲ့ကျခြင်း(drooping of the face)- အထူးသဖြင့် မျက်ခွံနှင့် ပါးစပ်ထောင့်နေရာများ။
(၂) မျက်စိကို အပြည့်အဝ ပိတ်မရခြင်း (difficulty closing the eye)
(၃) အစာစားခြင်းနှင့် ရေသောက်ခြင်းတို့တွင် အခက်အခဲရှိခြင်း (difficulty eating and drinking)
(၄) သွားရည်ယိုခြင်း(drooling)
(၅) မျက်နှာအမူအရာများ ပြုလုပ်မရခြင်း(problems making facial expressions) - ဥပမာ၊ ပြုံးခြင်း၊ ရယ်ခြင်း၊ မျက်မှောင်ကြုတ်ခြင်း၊ နှုတ်ခမ်းစူခြင်း၊ နှုတ်ခမ်းထော်ခြင်း၊ ပါးဖောင်းခြင်း အစရှိသည်များ။
(၆) မျက်ရည်ခြောက်ခြင်း(dry eye)
(၇) ခေါင်းကိုက်ခြင်း
(၈) လျှာအရသာပျက်ခြင်း (lose of the sense of taste)
(၉) မျက်နှာအကြောများ ရုတ်တရက် ရှန်းဆွဲခြင်း (twitching of the facial muscles)

**မပြုံး မလှ၊ ပြုံး မလှ**

မျက်နှာတစ်ခြမ်းသေခြင်းသည် အထက်တွင်ဆိုခဲ့သည့်အတိုင်း ရုတ်တရက် ဖြုန်းစားကြီး ဖြစ်တတ်လေ့ရှိရာ ဝေဒနာခံစားရသူများသည် များစွာထိတ်လန့်ချောက်ချားခြင်း ဖြစ်ကြရသည်။ အနည်းငယ်မျှဖြစ်သူများအနေဖြင့် ပြုံးခြင်းရယ်ခြင်း မပြုလုပ်က များစွာမသိသာလှသော်လည်း အဖြစ်များသူများတွင်မူ ပြုံးရယ်ခြင်းမပြုလုပ်သည့်တိုင် ရုပ်ဆင်းအင်္ဂါပျက်ယွင်းနေသည်ကို အမြင်သက်သက်ဖြင့်ပင် သိသာထင်ရှားမှုရှိလေသည်။ သို့ဖြစ်ရာ ဝေဒနာရှင် အတော်များများ(အထူးသဖြင့် အမျိုးသမီးများ)သည် ရုပ်ပိုင်းခံစားမှုအပြင် စိတ်ပိုင်းခံစားမှုကိုပါ ထပ်ဆင့်ခံစားကြရရှာသည်။

ကောက်ကာငင်ကာ "မပြုံး မလှ၊ ပြုံး မလှ" ဖြင့် အလှပျက်သွားကြရသည်ကိုး။ ဤဝေဒနာအမျိုးအစားသည် အမှန်တကယ်ပင် ကြောက်လန့်ဖွယ်ဖြစ်သည်မှန်သော်လည်း လူနာစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းမှာ ပကတိအတိုင်း ပြန်ကောင်းကြပြီး ကျန် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းသည် အာရုံကြောထိခိုက်ပျက်စီးမှု အတိုင်းအဆနှင့် စနစ်တကျ ဆေးကုသမှု ရှိမရှိတို့အပေါ် မူတည်လျက် ချွတ်ယွင်းမှု အနည်းနှင့်အများ ကျန်ရှိတတ်လေသည်။

**ကုသမှုများ**

မျက်နှာတစ်ခြမ်းသေခြင်း ဖြစ်ကြရသူများသည် ကနဦးကာလ (စဖြစ်ပြီး ၇၂ နာရီအတွင်း)တွင် ဆေးစားဆေးထိုးခြင်း လိုအပ်တတ်ပါသည်။ ထို့နောက်ပိုင်းတွင် အကြောအဆစ်ကုသမှုများ(Physiotherapy treatment)ကို ခံယူကြရမည်ဖြစ်သည်။ အကြောအဆစ်ကုပညာရှင်များက လူနာအား လိုအပ်သောကြည့်ရှုစမ်းသပ်ခြင်းများ ပြုလုပ်ပြီးသောအခါ ဆက်သွယ်မှုလျော့နည်းသွားသော (ဝါ) ပြတ်တောက်သွားသော အာရုံကြောနှင့် ကြွက်သားများကို ပုံမှန် ပြန်လည်ဆက်သွယ်နိုင်စေရန် (Neuromuscular Retraining - NMR)၊ မျက်နှာ၏ ကောင်းသည့်ဘက်မှ တစ်ဖက်သတ်တင်းနေသော ကြွက်သားများကို ဖြေလျှော့စေလျက် ထိခိုက်သည့်ဘက်မှ အားနည်းနေသော ကြွက်သားများကို ပြန်လည်လှုပ်ရှားမှု ပြုလုပ်လာစေရန် (Electromyography «EMG» biofeedback)၊ ထိခိုက်သည့်ဘက်မှ ကြွက်သားများသို့ သွေးအသွားအလာ ပိုမိုကောင်းမွန်လာစေရန် (Trophic Electrical Stimulation-TES)၊ မျက်နှာပိုင်းမသန်စွမ်းဖြစ်မှု လျော့နည်းသွားစေရန် (Proprioceptive Neuro Muscular Facilitation Techniques) အစရှိသည့် ကုသစက်များနှင့် လေ့ကျင့်ကုသနည်းများကို အသုံးပြု၍ ကုသပေးမည်ဖြစ်သည်။

မည်သို့ဆိုစေ ဤအမျိုးအစား မျက်နှာတစ်ခြမ်းသေခြင်း မဖြစ်ပွားစေရန် ကာကွယ်၍ရနိုင်ပါသည်။ မိမိတို့၏ ဦးခေါင်းနှင့်မျက်နှာတို့အား အအေးမိခြင်းလုံးဝမရှိစေရန် ဂရုတစိုက်ဆောင်ရွက်ကြခြင်းဖြင့် စောစောက လူနာမိန်းမပျိုလေး စိတ်မကောင်းစဖွယ် ခံစားပြောပြခဲ့သလို ပြုံး၍ ရယ်၍ မလှုခြင်းမှ စာဖတ်သူများအားလုံး ကင်းဝေးနိုင်ကြပါစေ။ ။

# ပအိုဝ်းစာပေ စာမေးပွဲအတွက် အဖြေလွှာများ စစ်ဆေးပြီးစီး

**ပင်လောင်း ဧပြီ ၁၁**

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၊



ပအိုဝ်းစာပေပြန့်ပွားရေးအဖွဲ့က ဦးဆောင်၍ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့နှင့် ဖယ်ခုံ မြို့နယ်အတွင်းရှိ ပအိုဝ်းလူငယ်မောင်မယ်များတို့၏ ဖြေဆိုထားသည့် (၃၄) ကြိမ်မြောက် ပအိုဝ်းစာပေစာမေးပွဲ အဖြေလွှာများကို စစ်ဆေးခဲ့ရာ စာစစ်ပြီးစီးသည့် အခမ်းအနားကို ဧပြီ ၉ရက်က ပင်မွှန်းကျေးရွာအုပ်စု ပင်မွှန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပင်လောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းက မြန်မာ့နိုင်ငံရေးရေစီးကြောင်းနှင့် ပအိုဝ်းလူမျိုးများအခန်းကဏ္ဍ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု မပပျောက်အောင်ထိန်းသိမ်းသွားကြရန်နှင့် ပအိုဝ်းလူမျိုးတိုင်း ပအိုဝ်းစာပေ စိတ်ဝင်စားမှုပိုများလာအောင် စည်းရုံးအားကောင်းရန် လိုအပ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ စာမေးပွဲတွင် ပအိုဝ်းစာပေအဆင့်(၁၂)ဆင့်ကို ပအိုဝ်းလူငယ် မောင်မယ် ၄၃၈၉၀ က ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဖြေလွှာများကို ရဟန်းသံဃာ ၇၈ ပါးနှင့် ပအိုဝ်းစာပေ ဆရာ ဆရာမ ၅၆၆ ဦးတို့က ဧပြီ ၅ ရက်မှ ၉ ရက်အထိ ငါးရက်ကြာ စစ်ဆေးပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



**မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့တွင် သင်္ကြန်ကာလအတွင်း မှုခင်းများလျော့နည်းစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူများအား ယာဉ်စည်းကမ်း ရှောင်တခင်စစ်ဆေးခြင်းကို အမှတ်(၇၈) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပြီး သိမ်ဆိပ်နယ်မြေရဲစခန်းရှေ့၌ မတ် ၁၀ ရက်က ဆောင်ရွက်နေစဉ်။** ခွန်(ဝင်းပ)

# ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းများ လုပ်ဆောင်ပေးမည်

**မုံရွာ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ယခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"အခုလုပ်ဆောင်ပေးမယ့် ကျေးလက်ရေရရှိရေးလုပ်ငန်းတွေက ခြောက်လအတွင်း အပြီးလုပ်ဆောင်ရမယ့် လုပ်ငန်းတွေပါ။ သန့်ရှင်းတဲ့သောက်သုံးရေကို အမှန်တကယ်လိုအပ်နေတဲ့ ကျေးရွာတွေမှာ လုပ်ဆောင်ပေးသွားမှာပါ။ တွင်းတိမ်တွေ၊ လက်တူးတွင်းတွေနဲ့ အခြားနည်းလမ်းနဲ့ ရေရရှိရေးလုပ်ငန်းတွေပါမယ်၊ စုစုပေါင်း ၂၅ ခုပါ။ စုစုပေါင်း ငွေကျပ် ၁၁၇ ဒသမ ၉ သန်း အကုန်ကျခံလုပ်ဆောင်ပေးမှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းကျော်မျိုးက ပြောသည်။

ခြောက်လအတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းများအနေဖြင့် ကလေးခရိုင်အတွင်းရှိ ကျေးရွာ လေးရွာတွင် လက်တူးတွင်း သုံးတွင်းနှင့် အခြားနည်းလမ်းဖြင့် ရေရရှိရေးလုပ်ငန်း တစ်ခု၊ ကသာခရိုင်အတွင်းရှိ ကျေးရွာ ကိုးရွာတွင် လက်တူးတွင်း ကိုးတွင်း၊ ကန့်ဘလူခရိုင်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် လက်တူးတွင်းတစ်တွင်းနှင့် အခြားနည်းလမ်းဖြင့်ရေရရှိရေး လုပ်ငန်းတစ်ခု၊ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာ ခြောက်ရွာတွင် လက်တူးတွင်း ခုနစ်တွင်း၊ စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် တွင်းတိမ် တစ်တွင်းနှင့် အခြားနည်းလမ်းဖြင့် ရေရှိရေးလုပ်ငန်း တစ်ခု၊ မော်လိုက်ခရိုင်အတွင်းရှိ ကျေးရွာတစ်ရွာတွင် တွင်းတိမ်တစ်တွင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် ဘားအံမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်

**ဘားအံ မေ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် မတည်ကာ ဘားအံမြို့နယ် နောင်ထလုံးကျေးရွာအုပ်စု နောင်ဘိုကျေးရွာ၌ ဆောင်ရွက်ခဲ့သည့် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို မေ ၉ ရက်က ကျင်းပခဲ့သည်။

ကွန်ကရစ်လမ်းသစ်ကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်နှင့် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းဇော်ချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာနေပြည်သူများနှင့်အတူ ကွန်ကရစ်လမ်းသစ်၏ခိုင်ခံ့မှု အရည်အသွေးများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါလမ်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၅ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ပေ ၁၀၀၀ တွင် အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းခဲ့ခြင်းဖြစ်ကြောင်း၊ လမ်းပြီးစီးသွားသောကြောင့် အိမ်ထောင်စု ၁၁၀ ရှိသော နောင်ဘိုကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၏ သွားလာရေးကို အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# နောင်ဘိုရွာ၌ ဝါးလက်မှုအသုံးအဆောင်များပြုလုပ်နည်း သင်တန်းဆင်း

**ဘားအံ မေ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ထလုံးကျေးရွာအုပ်စု နောင်ဘိုကျေးရွာတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ဝါးလက်မှုထည်ထုတ်လုပ်မှု သင်တန်းကို မတ် ၂၆ ရက်က ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းဆင်းပွဲကို မေ ၉ ရက်က ကျင်းပခဲ့သည်။



နောင်ဘိုကျေးရွာတွင် ဝါးလက်မှုလုပ်ငန်းများကို မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်း လုပ်ကိုင်ကြခြင်းဖြင့် ဒေသခံများ ဝင်ငွေရရှိလျက်ရှိရာ မိရိုးဖလာ ဝါးလက်မှုထည်လုပ်ငန်းများ မပျောက်ပျက်စေရေးနှင့် လက်ဆင့်ကမ်း သင်ကြားနိုင်ရေး၊ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်စားနိုင်မည့် ဝါးလက်မှုအသုံးအဆောင်များ ပြုလုပ်တတ်စေရေး ရည်ရွယ်လျက် အဆိုပါသင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည့် သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ကရင်ပြည်နယ်သည် သစ်ဝါးပေါများသော ဒေသဖြစ်သောကြောင့် မိမိဒေသထွက်ကုန်ကြမ်းဖြစ်သည့် ဝါးများဖြင့် စိုက်ပျိုးရေးသုံး၊ မွေးမြူရေးသုံး ပစ္စည်းများအပြင် လှပသေသပ်သော ဝါးလက်မှုထည် အမှတ်တရပစ္စည်းများကို ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များကို စိတ်ဝင်စားစေနိုင်သောကြောင့် ဧည့်သည်များလာရောက်ရာ နေရာများတွင် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချကာ တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းဖြင့် ဝင်ငွေရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

သင်တန်းသူတစ်ဦးကလည်း "နောင်ဘိုကျေးရွာမှာတော့ ဘိုးဘွားတွေလက်ထက်ကတည်းက မွေးမြူရေး၊ စိုက်ပျိုးရေးနဲ့ အိမ်သုံးဖြစ်တဲ့ ကြက်အုပ်ဆောင်း၊ ကြက်ဝပ်ကျင်း(ဥကျင်း)၊ မြက်ထည့်ခြင်းတောင်း၊ ဈေးဗန်း၊ တောင်းအမျိုးမျိုး၊ စပါး၊ ပဲ၊ ခလေးပုခက်၊ ဆေးရွက်ကြီးလှောင်ပုတ်တွေကို အများဆုံး ရက်လုပ်ရောင်းချနေတာပါ၊ ပြန်ရောင်းမယ့်သူတွေက လာရောက်ဝယ်ယူပြီး မော်လမြိုင်၊ သထုံ၊ ကော့ကရိတ်မြို့တွေမှာ ပြန်လည်ရောင်းချတယ်လို့ သိရပါတယ်၊ ဒီသင်တန်းအရ ဝါးကို အခြေခံပြီး အသုံးအဆောင် အမှတ်တရပစ္စည်း လှလှပပလေးတွေကိုလည်း ရောင်းရနိုင်ဖို့ ပြုလုပ်သွားကြမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါသင်တန်းသို့ နောင်ထလုံးကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင် ကျေးရွာလေးရွာမှ အမျိုးသား၊ အမျိုးသမီး ငယ် ၃၀ တက်ရောက်သင်ကြားခဲ့ကြပြီး မိရိုးဖလာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်သုံး ဝါးနှီးအခြေခံပစ္စည်းများအပြင် လက်ဆောင်အဖြစ် လှပသေသပ်စွာ ရက်လုပ်ထားသော ဝါးပလိုင်းငယ်များ၊ အခြား အသုံးအဆောင်များကို ထုတ်လုပ်၍ ကရင်ရိုးရာအထည်နှင့် ဒေသထွက် ပစ္စည်းအရောင်းဆိုင်များတွင် တွဲဖက်ရောင်းချနိုင်စေမည့် နည်းပညာများကို သင်ကြားပေးခဲ့ကြောင်း သိရ သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်တွင် နွေရာသီ ပန်းချီသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဆိပ်ဖြူ မေ ၁၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ပေးခဲ့သည့် နွေရာသီ ပန်းချီသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို မေ ၉ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre တွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို ကျောင်းသား ကျောင်းသူများ စာဖတ်စွမ်းရည်မြင့်မားလာစေပြီး အသိပညာဗဟုသုတ တိုးပွားလာစေရန်နှင့် အခြေခံပညာကျောင်းများတွင် ပြုလုပ်သည့် အထိမ်းအမှတ် ပန်းချီပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန်၊ ဝါသနာကို အရင်းခံ၍ ဒေသ၏ အလှတရားများကို လက်တွေ့ရေးဆွဲနိုင်သော ပန်းချီပညာရှင်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်လျက် ဖေဖော်ဝါရီ ၁၈ ရက်မှ မေ ၉ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၈၀ အား ဆေးရောင်ခြယ်၊ ပန်းချီဆွဲခြင်း၊ ရေဆေးရေးဆွဲခြင်းများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးမြင့်အောင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်း ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ဝေါ်ဗွီးရှင်း(မြန်မာ) ဆိပ်ဖြူမြို့နယ်တာဝန်ခံ ဒေါ်မူယာမျိုးတင့်တို့က အမှာစကားပြောကြားပြီး နွေရာသီ ပန်းချီသင်တန်း၏ နည်းပြဆရာ ဦးဇော်ဇော်လင်းက သင်တန်းကာလတစ်လျှောက် သင်ကြားပေးခဲ့သော ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ပြီး ဝေါ်ဗွီးရှင်း(မြန်မာ)ဆိပ်ဖြူမြို့နယ် တာဝန်ခံက သင်တန်းသားများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ရွှေကျင်မြို့နယ်၌ တီဘီရောဂါအကြောင်း အသိပညာပေး

**ရွှေကျင် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာအုပ်စု သောင်လယ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် ရွှေကျင်မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို မေ ၁၀ ရက်က ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် ရွှေကျင်မြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ မြို့နယ်ကျန်းမာရေးဌာနမှ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်လွင်လွင်အေးက တီဘီရောဂါအကြောင်းနှင့် မိမိတို့အကူအညီပေးနိုင်သည့် အကြောင်းအရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း လူထုအခြေပြု ဘက်စုံကျန်းမာရေးစောင့်ရှောက်မှုစီမံချက် အရာရှိဦးသက်ဝေထွန်းက ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အကြောင်းနှင့် မိမိတို့စီမံချက်၏ လုပ်ငန်းစဉ်များအကြောင်းတို့ကို ဟောပြောသည်။

ဟောပြောပွဲသို့ သောင်လယ်ကျေးရွာမှ ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာအတွင်းရှိ စိတ်ပါဝင်စားသည့် ပြည်သူများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြပြီး တီဘီရောဂါနှင့်ပတ်သက်သည့် သိရှိလိုသည်များကို မေးမြန်းကာ စီမံချက်အရာရှိက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



**ရခိုင်ပြည်နယ် မောင်တောမြို့မှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို မေ ၉ ရက်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဆောင်ရွက်ခဲ့ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆေးထိုးပေးနေစဉ်။** တင်စိုး(မြန်မာ့အလင်း)

# စလင်းမြို့၌ သင်္ကြန်ကာလ ယာဉ်တိုက်မှုကျဆင်းရေး ကြိုတင်ပညာပေး

**စလင်း မေ ၁၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ သင်္ကြန်အကြိုကာလအတွင်း ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် မြို့နေပြည်သူများအား အသိပညာပေးမှုများကို လူသွားလူလာ များပြားသွားလာသော မြို့လယ်လမ်းဆုံ၌ ဧပြီ ၅ ရက်က ဆောင်ရွက်ခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းဇော်တို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်ဦးစီးမှူး ဦးဌေးမော် ခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အဖွဲ့များ၊ ယာဉ်စည်းကမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက် ခြောက်ခုမှ အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လက်တွေ့အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဆိုင်ကယ်မောင်းနှင်စီးနင်းသူများအနေဖြင့် ဆိုင်ကယ်စီးစဉ် ဖုန်းပြောခြင်း၊ ထီးဆောင်းခြင်းမပြုရန်၊ ဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပိုစီးခြင်းမပြုရန်၊ လက်ကိုင်ကြားတွင် ကွေ့မရအောင် ပစ္စည်းများတင်ခြင်းမပြုရန်၊ နောက်ကြည့်မှန်နှင့် နံပါတ်ပြားမပါဘဲ မစီးရန်၊ ယာဉ်လိုင်စင် လူလိုင်စင်မရှိဘဲ မစီးရန်တို့ကို ပဏာမစစ်ဆေးခဲ့ကာ နောက်ရက်များတွင် အထက်ပါအချက်များကို လိုက်နာမှုမရှိပါက ယာဉ်စည်းကမ်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# လက်ပံတန်းမြို့နယ်အတွင်းမှ တစ်ပိုင်တစ်နိုင်ငါးမွေးကန်များ ကန်ဖော်ချိန်တွင် ကုန်ထုတ်လမ်းမရှိ၍ အခက်ကြုံ

**လက်ပံတန်း ဧပြီ ၁၁**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်း၌ တစ်ပိုင်တစ်နိုင် ငါးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ငါးကန်ဖော်ချိန်တွင် ကုန်ထုတ်လမ်းများမရှိသည့်အတွက် အခက်အခဲများ ကြုံတွေ့နေရကြောင်း ဒေသခံ ငါးလုပ်ငန်းလုပ်ကိုင်သူများ၏ ပြောကြားချက်များအရ သိရသည်။

ငါးမွေးမြူရေး လုပ်ကိုင်ကြသူများ၏ ငါးကန်များသည် လက်ပံတန်းမြို့အထွက် သာရဝေါလမ်း၌ အများဆုံးရှိကြပြီး ကိုယ်ပိုင်မြေကွက်များတွင် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်ကာ ငါးကန်များဖော်ချိန်တွင် ငါးများကို သယ်ဆောင်ရောင်းချရာတွင်လည်းကောင်း၊ ငါးမွေးမြူရေးအစာများ သယ်ဆောင်ရာတွင်လည်းကောင်း ကုန်ထုတ်လမ်းမရှိသည့်အတွက် ကုန်ကျစရိတ်များ ပိုမိုများပြားနေခြင်းဖြစ်ကြောင်း လုပ်ငန်းရှင်များ၏ ပြောကြားချက်များအရ သိရသည်။

"ကျွန်တော်တို့ အခုဖော်တယ်ဆိုတာက ကန်ထဲမှာ ရေနည်းလာပြီ ငါးတွေသေလာတဲ့အတွက် ဖော်လိုက်ရတာပါ။ ရေထပ်ထည့်ဖို့ကလည်း ရေကမရှိဘူး။ မိုးတွင်းရေကိုပဲ အားထားသိုလှောင်ရတာဆိုတော့ အခက်အခဲတော့ ရှိတာပေါ့၊ ပြီးတော့ နောက်ထပ်အခက်အခဲက ကျွန်တော်တို့ ဒီမှာလုပ်နေရတဲ့လူတွေအဖို့ အဓိကကတော့ ကုန်ထုတ်လမ်းမရှိတာပေါ့၊ အဲဒီတော့ ဒီနေ့ဖော်လို့ရတဲ့ငါးတွေကို ဒီကနေ လူနဲ့သယ်၊ အဲဒီကနေ တစ်ဆင့် လှေနဲ့တစ်ဆင့်သယ်၊ ပြီးရင် ရေခဲရိုက်ပြီး ကားနဲ့ တစ်ဆင့် သယ်ဆိုတော့ အဆင့်ဆင့်သယ်နေရပြီး ကုန်ကျစရိတ်များကုန်တာပေါ့"ဟု ငါးကန်ဖော်နေသူ မွေးမြူရေးလုပ်ငန်းရှင် ကိုရဲထင်ကျော်က ပြောသည်။

လက်ပံတန်းမြို့နယ်အတွင်းမှ ငါကန်များတွင် ငါးမြစ်ချင်း (ခေါ်) ငါးမျက်ဆံနီ၊ ငါးတန်၊ ငါးခေါင်းပွနှင့် ငါးမုတ်များကို အဓိကထား မွေးမြူကြပြီး အဆိုပါငါးများကို အကောင်သေးမှစပြီး ယခုကန်ဖော်ချိန်ထိ ရှစ်လခန့် မွေးမြူကြရကြောင်း သိရသည်။ မွေးမြူသည့်ကာလအတွင်း ကန်ပေါင်တင်ခ၊ ငါးမျိုးထည့်ခ၊ အစာဖိုး အစရှိသည့် ကုန်ကျမှုစရိတ်မှာ တစ်ဧကလျှင် ကန်တစ်ကန်အတွက် ကျပ် ၁၃ သိန်းကျော်ခန့် ကုန်ကျမှုရှိပြီး ယခုကန်ဖော်ချိန်၌ တစ်ကန်လျှင် ၁၆ သိန်းခွဲကျော်ခန့် ရရှိမည်ဟုခန့်မှန်းကြောင်း ဒေသခံ ငါးမွေးမြူရေးသမားများက ပြောသည်။ မွေးမြူရေးငါးများကို ယင်းဒေသအတွင်း ရောင်းချပါက တစ်ပိဿာလျှင် ၂၄၀၀ ကျပ်မှ ၂၅၀၀ ကျပ်အထိ ဒိုင်သွင်းရပြီး ငါးကုန်ချိန်များသဖြင့် ရန်ကုန်သို့ တိုက်ရိုက်တင်ပို့ပါက ပျမ်းမျှ ၂၀၀၀ ကျပ်မှ ၂၂၀၀ ကျပ်အထိသာ သွင်းရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# မိုင်းတုံမြို့တွင် နွေရာသီအခြေခံအားကစားသင်တန်းများဆင်း

**မိုင်းတုံ ဧပြီ ၁၁**
ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သော နွေရာသီ အခြေခံအားကစား သင်တန်းများ၏ သင်တန်းဆင်းပွဲကို မြို့နယ်အားကစားကွင်း၌ ဧပြီ ၉ ရက် ကျင်းပခဲ့သည်။



သင်တန်းဆင်းပွဲတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးအောင်ကိုကိုက သင်တန်းဖွင့်လှစ်ကတည်းက သင်တန်းပြီးဆုံးသည်အထိ မပျက်မကွက်တက်ရောက်ပေးခဲ့သည့် သင်တန်းသူ သင်တန်းသားများကိုလည်း ကျေးဇူးအထူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို မတ် ၁၅ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ဧပြီ ၉ ရက်အထိ သင်တန်းကာလ ၂၅ ရက်အတွင်း ဘောလုံး၊ ကြက်တောင်ရိုက်၊ စားပွဲတင် တင်းနစ်နှင့် ပိုက်ကျော်ခြင်းစသည့် အခြေခံကစားနည်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္မမြို့၌ စိုက်ပျိုးမှုပညာမြှင့်တင်ခြင်းသင်တန်း ဖွင့်လှစ်ပို့ချ

**ပခုက္ကူ ဧပြီ ၁၁**
ပခုက္ကူမြို့နယ် ကမ္မမြို့၌ စိုက်ပျိုးမှုပညာမြှင့်တင်ခြင်း သင်တန်းကို ဧပြီ ၇ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကမ္မမြို့ပေါ်ရှိ ရပ်ကွက်များ၊ ကျေးရွာများမှ သင်တန်းသားများအား စိုက်ပျိုးရေးဆိုင်ရာများ နည်းပညာများ သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းကို ကမ္မလူငယ်ဖွံ့ဖြိုးရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် စိုက်ပျိုးရေး ကျောင်းဆင်း ရွှေရောင်လွင်ပြင်(ပခုက္ကူ)အဖွဲ့မှ စီမံကိန်းမန်နေဂျာ ဦးအေးနိုင်နှင့် သင်တန်းနည်းပြ ခြောက်ဦးတို့က ကမ္မမြို့ပေါ်ရှိ ရပ်ကွက်များ၊ ကျေးရွာများမှ သင်တန်းသား ၂၅ ဦးအား သစ်စိမ်းမြေသြဇာအကြောင်း၊ သစ်စိမ်းမြေသြဇာပြုလုပ်ရန်(ပိုက်ဆံလျှော်) စိုက်ပျိုးခြင်း၊ ထယ်မှောက်ခြင်းနှင့်မျိုးစေ့ခံစိုက်ပျိုးခြင်း အကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးအကြောင်း(CSA)၊ သီးနှံအလိုက်ကောင်းမွန်သော ပြုစုစောင့်ရှောက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းကောင်းများ(GAPs)အကြောင်း၊ မြေဆီလွှာအကြောင်းနှင့် မြေဆီလွှာအတွင်းရှိ အာဟာရဓာတ်များအကြောင်း၊ အပူပိုင်းဒေသ စိုက်ပျိုးသီးနှံများတွင် ကျရောက်သော ပိုးမွှားနှင့် ရောဂါများအတွက် ဘက်စုံကာကွယ်နှိမ်နင်းနည်းများအကြောင်း၊ ပိုးသတ်ဆေးကိုအန္တရာယ်ကင်းပြီး ထိရောက်စွာ အသုံးပြုနည်းများ အကြောင်း၊ မြေဆီလွှာ ချဉ်၊ ငန်မှုအကြောင်းနှင့် ချဉ်၊ ငန်ကိန်းကို လက်တွေ့တိုင်းတာနိုင်သည့် နည်းလမ်းများ အကြောင်းနှင့်လက်တွေ့တိုင်းတာခြင်း၊ အပူပိုင်းဒေသ စိုက်ပျိုးသီးနှံ ပဲမျိုးစုံအကြောင်း၊ သဘာဝပိုးသတ်ဆေးနှင့် ကာကွယ်ဆေး ပြုလုပ်နည်းများ၊ ရောဂါကာကွယ်ဆေး ပြုလုပ်နည်းများအကြောင်း၊ သဘာဝမြေခံမြေသြဇာနှင့် ရွက်ဖျန်းအားဆေးများ လက်တွေ့ပြုလုပ်ခြင်း စသည့်အကြောင်းအရာများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းတက်ရောက်ခဲ့သည့် တောင်သူတစ်ဦးက ယခင်က စိုက်ပျိုးရေးလုပ်ငန်းတွင် သီးနှံပင်များကို နှောင့်ယှက်ဖျက်ဆီးသော အင်းဆက်ပိုးမွှားများ၊ ရောဂါပိုးများနှင့် ပေါင်းမြက်များကို ဓာတုဆေးများသုံးစွဲ၍ နှိမ်နင်းခဲ့ရာ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှု ရှိခဲ့ကြောင်း၊ ယခုသင်တန်းတွင် သီးနှံစိုက်ခင်းများသို့ ပိုးမွှားကျရောက်သည့် လက္ခဏာနှင့်ရောဂါကျရောက်သည့်လက္ခဏာများကို သိရှိလာရကြောင်း၊ ပိုးဖျက်ဆီးမှုခံရသော စိုက်ခင်းများကို ပြန်လည်ကြီးထွားရှင်သန်လာအောင် ဆောင်ရွက်သည့် နည်းလမ်းများကို သိရှိရသောကြောင့် ကျေးလက်နေတောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် အမှန်တကယ် အကျိုးရှိသော သင်တန်းဖြစ်ကြောင်း ပြောသည်။

သင်တန်းနည်းပြတစ်ဦးဖြစ်သည့် ရွှေရောင်လွင်ပြင်(ပခုက္ကူ)မှ စီမံကိန်းတာဝန်ခံ ဦးစန်းဝင်းသိန်းကလည်း ကမ္မမြို့မှ တောင်သူများထံ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်(Needs)နှင့် လိုချင်မှု(Wants)များ စာရင်းကောက်ယူပြီး သင်တန်းကို အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခြင်းဖြင့် ဖွင့်လှစ်ခဲ့ကြောင်း၊ ရွှေရောင်လွင်ပြင်(ပခုက္ကူ)မှ ဦးဆောင်၍ အပူပိုင်းဒေသတွင် သီးနှံထုတ်လုပ်နိုင်စွမ်းအားလျော့နည်းနေသော မြေများကို သစ်စိမ်းမြေသြဇာ အသုံးပြုပြီး ခေတ်မီစိုက်ပျိုးရေးနည်းစနစ်နှင့် ရေရှည်သီးနှံအတွက် တိုးပွားအောင် ဆောင်ရွက်ပေးသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နေကြောင်း၊ ပခုက္ကူမြို့နယ်မှ စီမံကိန်းကျေးရွာ ၂၀ ရွာနှင့် ရေစကြိုမြို့နယ်မှ စီမံကိန်းကျေးရွာ ၂၀ ရွာတို့တွင် သင်တန်းများ ဆက်လက်သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆလိုင်းကိုကီး**

# ပုလဲမြို့နယ်ဖွံ့ဖြိုးရေး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ဆွေးနွေး

**ပုလဲ ဧပြီ ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ပုလဲရတနာခန်းမ၌ ဧပြီ ၁၀ ရက်က လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်က ဧပြီ ၂ ရက်မှ ၉ ရက်အထိ ကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် ဒေသခံပြည်သူများက တင်ပြဆွေးနွေးခဲ့သည့် ကျေးလက်လမ်းအဆင့်မြှင့်တင်ပေးရေး၊ တံတားတည်ဆောက်ပေးရေး၊ ကျောင်းအဆင့်တိုးရရှိရေးနှင့် ကျောင်းဆောင်သစ်များ ရရှိရေး၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ ရရှိရေး၊ စိုက်ပျိုးရေ ရရှိရေး၊ ကျေးလက်လျှပ်စစ်မီးလင်းရေး စသည့် လုပ်ငန်းများကို ချပြရှင်းလင်းသည်။

ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဌာနအလိုက် ဆောင်ရွက်နေသည့်အခြေအနေများနှင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးလက်ဆေးပေးခန်းနှင့် ကျေးလက်စာကြည့်တိုက် မြသာယာရွာ၌ လွှဲပြောင်းပေးအပ်

**ဟုမ္မလင်း ဧပြီ ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)အရ မြင်သာကျေးရွာအုပ်စု မြသာယာကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးလက်ဆေးပေးခန်းနှင့် ကျေးလက်စာကြည့်တိုက် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အမျိုးသမီးစက်ချုပ်သင်တန်း ဆင်းပွဲကို ဧပြီ ၈ ရက်က ကျင်းပခဲ့သည်။

အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲတွင် ဟုမ္မလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်တို့က အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်က စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး၊ လူငယ်စာကြည့်တိုက်အသင်း ဖွဲ့စည်းရေးတို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြသည်။ ထို့နောက် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်ခိုင်က ကျေးလက်ဆေးပေးခန်းနှင့် ကျေးလက်စာကြည့်တိုက် အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

မြသာယာကျေးရွာ ကျေးလက်ဆေးပေးခန်းမှာ အလျား ၂၄ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၆ ပေရှိ သွပ်မိုးပျဉ်ကာ ပျဉ်ခင်းတစ်ထပ် အဆောက်အအုံဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ မတည်ငွေ ကျပ်သိန်း ၆၀ နှင့် ဒေသခံပြည်သူများ၏ထည့်ဝင်ငွေ ကျပ်ငါးသိန်းခွဲတို့ဖြင့် တည်ဆောက်ခဲ့ကာ ကျေးလက်စာကြည့်တိုက်မှာ အလျား ၁၈ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၆ ပေရှိ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ် အဆောက်အအုံဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ မတည်ငွေ ကျပ်သိန်း ၄၀ နှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေ ကျပ်သုံးသိန်းခွဲတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲနှင့်အတူ အဆိုပါကျေးရွာ၌ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အမျိုးသမီးစက်ချုပ်သင်တန်းဆင်းပွဲကိုလည်း ကျင်းပခဲ့ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို တာဝန်ရှိသူများက သင်တန်းသူ ၂၀ ထံသို့ ပေးအပ်ခဲ့သည်။**ထွန်းကိုကို(ယင်းမာပင်)**

## သတင်းတိုများ

### ငါန်းဇွန်မြို့၌စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဧပြီ ၉ ရက်က ကျင်းပခဲ့ရာ မြို့ပေါ်ရပ်ကွက်အသီးသီးမှ လူငယ် အမျိုးသား အမျိုးသမီး ၂၃ ဦးက ဆိုရှယ်မီဒီယာခေါင်းစဉ်အပေါ် အုပ်စုများခွဲ၍ အလှည့်ကျ ဆွေးနွေးခဲ့ကြပြီး ဆိုရှယ်မီဒီယာ၏ ကောင်းကျိုး၊ ဆိုးကျိုး သက်ရောက်မှုများကိုလည်း အုပ်စုတစ်စုနှင့်တစ်စု အပြန် အလှန် မေးမြန်း၊ ဖြေကြားဆွေးနွေးကြသည်။ ထို့နောက် ဒုတိယပိုင်းအနေဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်အားပေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းက ဆိုရှယ်မီဒီယာနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး လူငယ်များ၏ မေးမြန်းမှုများကိုလည်း ဖြေကြားခဲ့ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

### သံတွဲမြို့၌စာပေဟောပြောပွဲကျင်းပ

သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သံတွဲမြို့နယ် စာရေးဆရာအသင်းတို့က ကြီးမှူးကျင်းပသည့် စာပေဟောပြောပွဲကို ဧပြီ ၈ ရက်က သံတွဲမြို့ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပခဲ့ရာ ဆရာချစ်နိုင် (စိတ်ပညာ)က ကံကောင်းခြင်းလက်ဆောင် ခေါင်းစဉ်ဖြင့်လည်းကောင်း ၊ ဆရာကြီးဟံသာဝတီ ဦးအုန်းကြိုင်က ဗိုလ်ချုပ်အောင်ဆန်းနှင့် သတင်းထောက်ကျွန်တော် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။ ထို့နောက် သံတွဲမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ရွှေချိုအောင်(ငပလီ)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲနှင့် နှစ်သစ်ကို ကြိုဆို

ဒေါက်တာမောင်ဖြေ (အမျိုးသားစာပေဆုရှင်)

**ရာသီတိုင်းလတိုင်း လတိုင်းတွင် ရာသီပွဲတော်များရှိကြသည်။ တန်ခူးလတွင် ကျင်းပသော ရာသီပွဲတော်ကား သင်္ကြန်ပွဲတော်(ဝါ)အတာကူးပွဲတော်(ဝါ)နှစ်သစ်ကူးပွဲတော်ဖြစ်သည်။ ကျင်းပဆင်နွှဲကြမြဲဖြစ်သော ကြောင့် ရာသီပွဲတော်များအနက် အထူးခြားဆုံးပွဲတော်ဟု ခေါ်ဆိုပေသည်။ သင်္ကြန်ဟူသောဝေါဟာရသည် "သင်္ကန္တ"ဟူသော ပါဠိဝေါဟာရမှတစ်ဆင့် ဖြစ်ပေါ်လာသော စကားလုံးဖြစ်သည်။ "ပြောင်းလဲခြင်း"၊ "ရွေ့လျားခြင်း"ဟူသော အနက်အဓိပ္ပာယ်ကို ရရှိသည်။**



### သင်္ကြန်အနှစ်သာရယဉ်ကျေးမှု

သင်္ကြန်ဆိုသည်မှာ ရာသီခွင်ပြောင်းလဲခြင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်း၊ နှစ်ဟောင်း၏ နောက်ဆုံးလဖြစ်သော တပေါင်းလမှ နှစ်သစ်၏ပထမဆုံးလဖြစ်သော တန်ခူးလသို့ ကူးပြောင်းခြင်း၊ မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းခြင်းတို့ကို "သင်္ကြန်" ဟု ခေါ်ဆိုနိုင်ပါ၏။

တစ်နည်းအားဖြင့် တနင်္ဂနွေဂြိုဟ်ဖြစ်သော နေမင်းသည် တောင်ဘက်ဒက္ခိဏာယာဉ်စွန်းတန်းမှသည် မြောက်ဘက်ဥတ္တရာယာဉ်စွန်းတန်းသို့ ပြောင်းရွေ့လာခြင်းကြောင့် ရွေ့လျားခြင်းအဓိပ္ပာယ်ကိုလည်းရ၏။ ထို့ကြောင့် ပူနွေးသော နွေရာသီသို့ကျရောက်၏။ နေကိုအကြောင်းပြု၍ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု သုံးပါး၏ လည်ပတ်မှု၊ ရွေ့လျားမှုတို့ ဖြစ်ပေါ်လာကြသည်။

ဤတွင် သင်္ကြန်ဟူသော နှစ်ဟောင်းမှ နှစ်သစ်၊ အဟောင်းမှ အသစ်သို့ ၁၂ လရာသီစက်ဝန်းအရ ပြောင်းရွေ့လာခြင်းဖြစ်သည်ဟု ဆိုလိုသည်။ ဤသို့ ပြောင်းလဲရွေ့လျားလာခြင်းနှင့် အတူ သက်ရှိဘဝ သတ္တလောကသည်လည်း အဟောင်းကိုစွန့်ပယ်၍ အသစ်ကို ကူးပြောင်းလာခြင်းဖြစ်ရာ ဩကာသလောက တောတောင်ရေမြေသဘာဝ ပတ်ဝန်းကျင်ပြောင်းလဲရွေ့လျားမှုများနှင့်အတူ သတ္တလောကသည် သင်္ခါရလောက ပြုပြင်ပြောင်းလဲသော သဘာဝတရားကြီးအရ ပြောင်းလဲကြရာ ရွေ့လျားခြင်းပင်ဖြစ်သည်။

ထိုထိုသော သင်္ကြန်အခါသမယတွင် သန့်စင်ကြည်လင်အေးမြသော ရေဖြင့်ပက်ဖျန်းသွန်းလောင်း၍ မေတ္တာတရားပွားများကာ ကြိုဆိုကြခြင်း၊ ဆင်နွှဲကြခြင်းသည် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်၏ ယဉ်ကျေးမှုအနှစ်သာရတစ်ရပ်ပင် ဖြစ်ပေ၏။

### သိကြားမင်းစောင့်ရှောက်သည့်သာသနာ

ယခုအခါသည် ဗုဒ္ဓဘုရားရှင်၏သာသနာတော်ကို သိကြားမင်းစောင့်ရှောက်သော ကာလသို့ ဆိုက်ရောက်လာချိန် ဖြစ်သည်။ ထို့ကြောင့် သိကြားမင်းသည် ဝိသကြုံနှင့် မာတလိတည်းဟူသော နတ်နှစ်ပါးနှင့်အတူ သင်္ကြန်မင်္ဂလာအချိန်အခါတွင် လူ့ပြည်သို့ဆင်းသက်လာပြီး သုစရိုက်၊ ဒုစရိုက်၊ အကျင့်ကောင်းအကျင့်ဆိုးကျင့်ကြံသော သူတို့ကို စစ်ဆေးပြီးလျှင် စာရင်းကောက်ယူလေ့ရှိသည်ဟု ရှေးလူကြီးသူမများ၏ ဆိုစကားရှိထားခဲ့ကြသည်။ သုစရိုက်ကျင့်ကြသော သူတော်ကောင်းတို့ကို ရွှေပုရပိုက်တွင် ရေးမှတ်ပြီး ဒုစရိုက်ကျင့်ကြသော သူယုတ်တို့ကို ခွေးပုရပိုက်တွင် ရေးမှတ်ကြသည်ဟုလည်း ကြားဖူးခဲ့ကြသည်။

ထို့ကြောင့် သင်္ကြန်အကျနေ့ဆိုသည်မှာ တာဝတိံသာနတ်ပြည်မှ သိကြားမင်းသည် ဝိသကြုံနတ်၊ မာတလိနတ်တို့နှင့်အတူ လူ့ပြည်သို့ဆင်းသက်လာသောနေ့ဟု ဆိုလိုသည်။ သင်္ကြန်အကြတ်နေ့ဆိုသည်ကား သိကြားမင်း လူ့ပြည်တွင် လှည့်လည် စာရင်းကောက်ယူမှတ်တမ်းတင်သောနေ့ဟု ဆိုလိုသည်။ တစ်ဖန် သင်္ကြန်အတက်နေ့သည် ထိုစစ်ဆေးမှုကိစ္စများ စာရင်းကောက်တာဝန်ပြီးပြတ်၍ သိကြားမင်းနှင့်တကွ ဝိသကြုံနတ်၊ မာတလိနတ်တို့ တာဝတိံသာ နတ်ပြည်သို့ ပြန်လည်တက်ရောက်သွားသော နေ့ဟုဆိုကြောင်း ရှေးအစဉ်အလာစကားများအရ သက်ကြီးစကား သက်ငယ်ကြားဆိုသလို ကြားသိခဲ့ကြရသည်။

သာမန်အားဖြင့် အကျ၊ အကြတ်၊ အတက်ဟူ၍ သင်္ကြန်ရက် သုံးရက်သာရှိသော်လည်း ပြက္ခဒိန်အကြံပေးအဖွဲ့၏ တွက်ချက်မှုအရ အချို့နှစ်များတွင် သင်္ကြန်အကြတ်ရက် နှစ်ရက်ရှိတတ်သည်။

### မြန်မာပြက္ခဒိန်

(၁) သူရိယမာသနှစ် ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ရှိသည်။

(၂) စန္ဒရမာသနှစ် ၃၅၄ ရက် ၈ နာရီ ၄၈ မိနစ် ၃၄ စက္ကန့်ရှိသည်။

(၃) ဝေါဟာရမာသနှစ် ၃၅၄ ရက်တိတိရှိ၍တို့ကို အခြေခံပြီး သူရိယမာသနှစ်နှင့် စန္ဒရမာသနှစ်တို့ကို ကိုက်ညီနိုင်သမျှ ကိုက်ညီစေရန် ဝေါဟာရ ပြက္ခဒိန်ကို စီစဉ်ကြခြင်းဖြစ်သည်။

ပြက္ခဒိန်အကြံပေးပညာရှင်တို့ စီစဉ်တွက်ချက်ဆုံးဖြတ်ပေးသည့်အတိုင်း ဝါထပ်သည်၊ ဝါမထပ်သည်တို့ကို အသိအမှတ်ပြုကြရ၊ လိုက်နာကြရသည်။

မြန်မာလူမျိုးတို့အတွက် ဝါဆိုလတွင်သာ လထပ်ခြင်းပြုကြရသော ဥပဒေကြောင့် "ဝါထပ်ခြင်း" ဟုခေါ်ဝေါ်ကြသည်။ ဝါမထပ်သော နှစ်၌ ၁၂ လပင်ရှိ၍ ဝါထပ်သောနှစ်၌ တစ်လတိုးကာ တစ်နှစ်လျှင် ၁၃ လဖြစ်လာသည်ဟု ဆိုသည်။ ကဆုန်လ၊ နယုန်လ၊ ပထမဝါဆိုလ၊ ဒုတိယဝါဆိုလ၊ လေးလလုံးရက်စုံချည်း သတ်မှတ်လျှင် ဝါကြီးထပ်သည်ဟု ဆိုကြသည်။

သင်္ကြန်မကျမီ ရှေ့ရက်များကို နှစ်ဟောင်းနှင့်တွဲ၍ နှောင်းတန်ခူးဟူ၍ သုံးစွဲပြောဆိုကြသည်။ သင်္ကြန်ပြီးနောက်ရက်ကို နှစ်သစ်နှစ်ဦးအဖြစ် ဦးတန်ခူးဟူ၍ သုံးနှုန်းကြသည်။

### မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ပုံရိပ်

မဟာသင်္ကြန်သည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးဖြစ်သည်နှင့်အညီ နှစ်စဉ်နှစ်တိုင်း အစဉ်တစိုက် ကျင်းပလာခဲ့ကြရာ ရွှေနန်းတော်မှသည် ကျေးလက်တောရွာအထိ နိုင်ငံ့ဥသျှောင် ဘုရင်မှစ တောင်သူလယ်သမား၊ လက်လုပ်လက်စားဆင်းရဲသားများအထိ သင်္ကြန်ပွဲဆင်နွှဲလာခဲ့ကြသည်။ ဤသို့မြန်မာ့ ရာဇဝင်သမိုင်းများ၊ ကျောက်စာ၊ မင်စာ၊ ပေပုရပိုက်မှတ်တမ်းမှတ်ရာများ၊ ပန်းချီပန်းပုများအရ လည်းကောင်း၊ တေးဂီတ၊ သီချင်း၊ ဇာတ်သဘင်၊ ရုပ်သေးများအရ လည်းကောင်း၊ ကဗျာ၊ လင်္ကာ၊ စာပေများအရ လည်းကောင်း မြန်မာ့သင်္ကြန်ပုံရိပ်ကို သိရှိမှတ်သားရပေသည်။

ပုဂံခေတ်နရသီဟပတေ့မင်းသည် နန်းတော်မှ ရေဝတီမြစ်ဆိပ်ကမ်းအထိ ကမ်းနား၊ စင်္ကြံများဆောက်၍မိဖုရား၊ မင်းညီမင်းသား၊ မှူးမတ်များနှင့်အတူ သင်္ကြန်ပွဲတော်ခေါ်ပြီး အတာကူးရေသဘင်ပွဲဆင်နွှဲကြောင်းကို မှန်နန်းရာဇဝင်တွင် ပြည့်စုံစွာဖော်ပြထားသည်။ အင်းဝခေတ်တွင် အင်ရုံဝန်ကြီး သီရိဥဇနာပြုစုသော မင်းခမ်းမင်းနားနှင့် ရာသီပွဲတော်များအကြောင်းဖြစ်သော "လောကဗျူဟာ"ခေါ် အင်ရုံစာတမ်းတွင်လည်း သင်္ကြန်ပွဲတော်အကြောင်းကို ဖွင့်ဟဖော်ကျူးထားသည်။

မျက်မှောက်ခေတ်ကာလ သင်္ကြန်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့သော စိတ်ထားဖြင့် သန့်စင်ကြည်လင်အေးမြသော ရေဖြင့် ပက်ဖျန်းခြင်း၊ ပျော်ရွှင်မြူးထူးချင်သည့်စိတ်ဖြင့် သီဆို ကခုန်ခြင်း၊ သံချပ်သီချင်းသီဆိုခြင်း၊ ရေပက်ခံ ထွက်ခြင်း၊ ဘုရားသွား၊ ကျောင်းတက်၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဘုရားပုထိုး ဗုဒ္ဓဆင်းတုတော်တို့ကို ရေသပ္ပာယ်ခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်း၊ ကုသိုလ်ကောင်းမှုများ ပြုခြင်း၊ မေတ္တာတရားဘာဝနာပွားများခြင်း အစရှိသည့် ကောင်းမြတ်သော မင်္ဂလာတရားတော်နှင့်အညီ ပြုမူဆောင်ရွက်လျက်ရှိကြပါသည်။ ထိုသို့ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခြင်းသည်လည်း မြန်မာလူမျိုးများအဖို့ အဖိုးအနဂ္ဃ ထိုက်တန်လှသည့် ယဉ်ကျေးသိမ်မွေ့သော ရိုးရာဓလေ့ အစဉ်အလာတစ်ရပ်ပင် ဖြစ်ပါသည်။



ဓာတ်ပုံ - ဇေယျတု (မကွေး)

မြန်မာ့ရိုးရာ ဓလေ့ထုံးစံနှင့်အညီ သင်္ကြန်ရေသဘင်ပွဲတော်ကာလတွင် သက်ကြီးရွယ်ကြီးများအား ခေါင်းလျှော်၊ ရေချိုး၊ ခြေသည်း၊ လက်သည်း လှီးဖြတ်သန့်စင်ပေးခြင်း၊ အဝတ်အစားသစ်များ ဝတ်ဆင်ပေးခြင်းဖြင့် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြလျက်ရှိသည်ကို မြင်တွေ့နေကြရပြီဖြစ်သည်။

တစ်နှစ်တွင်တစ်ကြိမ်သာ ကျင်းပလျက်ရှိသည့် ဤအချိန်အခါသမယတွင် လူငယ် လူရွယ်များကလည်း ပျော်ပျော်ရွှင်ရွှင် ရေကစားပြီး ခိုက်ရန်မဖြစ်ပွားဘဲ မြတ်သောအမှုကို မြဲမြံစွာစောင့်ထိန်းလိုက်နာသကဲ့သို့ လူကြီး လူလတ်ပိုင်းများကလည်း ဥပုသ်၊ သီလ၊ ဘာဝနာများ ပွားများကာ ယူတတ်၊ လှူတတ်အောင် ကျင့်ကြံအားထုတ်ကြိုးပြီး နှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် ကြိုဆိုကြရမည်ဖြစ်ပေသည်။

သို့ဖြစ်၍ မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း အေးချမ်းပျော်ရွှင်စွာ ရေကစားခြင်းဖြင့် မြန်မာပြည်သူ ပြည်သားတို့၏ စိတ်ဓာတ်များ နှစ်သစ်ကူးရေစင်အလား အေးမြကြည်လင်လျက် နှစ်ဟောင်းမှအညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ကာ နှစ်ဟောင်းကို နှုတ်ဆက်ပြီး ထူးခြားသော မင်္ဂလာနှစ်သစ်ကို ကမ်းလင့်လို့ကြိုဆိုကြပါစို့ဟု ရေးသားလိုက်ရပါသည်။ ။

**❏ မဟာသင်္ကြန်သည် မြန်မာတို့၏ ရိုးရာ ယဉ်ကျေးမှုပွဲတော်ကြီးဖြစ်သည်နှင့်အညီ နှစ်စဉ်နှစ်တိုင်း အစဉ်တစိုက် ကျင်းပလာခဲ့ကြရာ ရွှေနန်းတော်မှသည် ကျေးလက်တောရွာအထိ နိုင်ငံ့ဥသျှောင်ဘုရင်မှစ တောင်သူ လယ်သမား၊ လက်လုပ်လက်စား ဆင်းရဲသားများအထိ သင်္ကြန်ပွဲဆင်နွှဲလာခဲ့ကြ ❏**



**ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ်၌ ခရိုင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီက ဧပြီ ၉ ရက်တွင် ဆေးခမ်းရပ်ကွက်ရှိ တာချီလိတ်- ကျိုင်းတုံသွားလမ်းဆုံနှင့် ဆန်ဆိုင်း၁ ရပ်ကွက်ရှိ ရှမ်းရိုးမကွင်း၌ သင်္ကြန်ပွဲတော် ကာလအတွင်း မှုခင်းကျဆင်းရေး၊ မော်တော်ယာဉ် မောင်းနှင်သူများကို ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ အသိ ပညာပေးပြီး ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ ဖြန့်ဝေပေးစဉ်။**

မြင့်မိုရ်(တာချီလိတ်)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**သုံးခွ ဧပြီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာလမ်းထိပ်၌ ဧပြီ ၉ ရက်က အမှတ် ၆၁ ယာဉ်ထိန်းခေတ္တတပ်ဖွဲ့စုမှူးရဲအုပ် စန်းလွင်ကမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအား မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုဘေးမှ ကင်းဝေးရန်အတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ဆူညံအိတ်ဇောတပ်ဆင်မောင်းနှင်ခြင်းမပြုရန်၊ အရက်သေစာ၊ မူးယစ်ဆေးဝါး သုံးစွဲမောင်းနှင်ခြင်း မပြုရန်နှင့် အခြားသိရှိလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အချက်အလက်များကို အသိပညာပေး ဟောပြောပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ချင်းတွင်းမြစ်သွား လူစီးရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ သင်္ကြန်ကာလအတွင်း ရပ်နားမည်



**မုံရွာ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် အထက်၊ အောက် ပြေးဆွဲပေးလျက်ရှိသော လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ မဟာသင်္ကြန်ကာလအတွင်း ဖြစ်သော မေ ၁၃ ရက်မှ ၁၇ရက်အထိ ခရီးစဉ်များကို ရပ်နားသွားမည်ဖြစ်ကြောင်း မြို့နယ်ပုဂ္ဂလိက ရေယာဉ်များစနစ်တကျ ပြေးဆွဲရေးကော်မတီမှ သိရသည်။

"သင်္ကြန်ကာလအတွင်းက ခရီးသွားလာမှုနည်းပါးတဲ့အတွက် ခရီးသည်တင်အမြန်ရေယာဉ်တွေနဲ့ ကုန်တင်ရေယာဉ်တွေကို မေ ၁၃ ရက်ကနေ ၁၇ ရက်အထိရပ်နားမယ်၊ ရပ်နားထားတဲ့ကာလအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေ ထွက်ခွာမယ်ဆိုရင် အသင်းပိုင်၊ လိုင်းပိုင်တွေနဲ့ အသိပေးပြီး ထွက်ခွာကြဖို့အတွက် ရေယာဉ်အသင်းအားလုံးကို အသိပေးပြီးပါပြီ" ဟု မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကြောင်း၌ မုံရွာမြို့မှ အခြေပြုလျက် ချင်းတွင်းအထက်ပိုင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်အသင်း ကိုးသင်းမှ အစီးရေ ၁၃၀ ကျော်ဖြင့် လည်းကောင်း၊ ကုန်တင်ရေယာဉ်အသင်း ၁၉ သင်းမှ အစီးရေ ၆၀၀ ခန့်တို့ဖြင့် ပြေးဆွဲလျက်ရှိရာ ရေယာဉ်များအား ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ခရီးစဉ်များကို ငါးရက်ကြာရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဒလမြို့နယ် မဟာသင်္ကြန်မဏ္ဍပ်၌ CCTV ကင်မရာများ တပ်ဆင်သွားမည်

**ဒလ မေ ၁၁**

၁၃၇၉ခုနှစ် ဒလမြို့နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်မဏ္ဍပ်၌ ပြည်သူများစိတ်အေးချမ်းသာစွာ ရေကစားနိုင်ရေး၊ ဖျော်ဖြေမှု အစီအစဉ်များ လာရောက်ကြည့်ရှုနိုင်ရေးအတွက် မဟာသင်္ကြန်မဏ္ဍပ်တွင် CCTV ကင်မရာများ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရ သည်။

ဒလမြို့နယ်၌ ယခုနှစ်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး မဏ္ဍပ်နှင့်အနီး ပတ်ဝန်းကျင်တွင် မလိုလားအပ်သည့်ဖြစ်စဉ်များ မဖြစ်ပေါ်စေရေး ဖြစ်ပေါ်လာပါက ကျူးလွန်သူများအား လျင်မြန်စွာဖမ်းဆီးရမိစေရေးအတွက် CCTV ကင်မရာများ တပ်ဆင်ထားခြင်းဖြစ်ကြောင်း သိရသည်။

CCTV ကင်မရာ လေးလုံးကို မဏ္ဍပ်၏အဓိကနေရာများတွင် တပ်ဆင်သွားမည်ဖြစ်ပြီး သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ရပ်၊ ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ် မဟာသင်္ကြန်နှင့်အတူ ဖျော်ဖြေရေးမဏ္ဍပ်တွင် မေ ၁၃ရက် သင်္ကြန်အကြိုနေ့မှ သင်္ကြန်နောက်ဆုံးနေ့အထိ ယိမ်းအဖွဲ့ ၁၆ ဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များက ဂီတဖျော်ဖြေမှုများဖြင့် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးကျော်မြင့်ဦးက ပြောသည်။

**မောင်ယဉ်ဦး(ဒလ)**



# နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများ ပေးအပ်

**လှိုင်ကော် မေ ၁၁**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ နာနတ်တောရပ်ကွက်၊ ကုန်းသာကျေးရွာ၊ ထေးငှားလျားကျေးရွာနှင့် နီးကိုးကျေးရွာများရှိ ပြည်သူလူထုနှင့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပေးအပ်ပွဲအခမ်းအနားကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လွိုင်ကော်မြို့နယ် ဦးစီးမှူးရုံးနှင့် Norwegian Refugee Council-NRC တို့ ပူးပေါင်း၍ မေ ၉ ရက်က ကုန်းသာကျေးရွာ၌ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသော တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၇၉ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၉၈ စုတို့အား ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်သို့ပေးအပ်ခဲ့သည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

# ဆောင်းကြက်သွန်နီ အရည်အသွေးကောင်းသော်လည်း ဈေးကောင်းမရ၍ တောင်သူများ အခက်ကြုံ

**ရေစကြို မေ ၁၁**

ယခုကြက်သွန်နီဈေးကွက်သည် အစောပိုင်း မကြုံစဖူးအောင် ဈေးနှုန်းမြင့်မားခဲ့ပြီး ယခု ဆောင်းစိုက်ကြက်သွန်နီများမှာ အရည်အသွေး အရွယ်အစားကောင်းကောင်းဖြင့် ဈေးကွက်သို့ ဝင်ရောက်လာချိန်တွင် ဈေးနှုန်းများကျဆင်းနေပြီး ဈေးကောင်းမရသည့်အတွက် ကြက်သွန်စိုက်တောင်သူများအခက်အခဲနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

"ယခုနှစ် ကြက်သွန်နီဈေးနှုန်းကတော့ စံချိန်တင်တက်တဲ့ နှစ်လို့တောင် ပြောရမလို အတက်အကျကလည်း မြန်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဇူလိုင်လနဲ့ ဩဂုတ်လမှာစိုက်တဲ့ မိုးကြက်သွန်နီတွေပေါ်ခါစ နိုဝင်ဘာလမှာ ကြက်သွန်နီဈေးနှုန်းက တစ်ပိဿာ ငွေကျပ် ၂၅၀၀ နဲ့အထက် ဈေးပွင့်သွားတယ်၊ ဈေးတွေမှာ လက်လီဈေးက တစ်ပိဿာငွေကျပ် ၄၀၀၀ နဲ့အထက် ဖြစ်သွားတယ်၊ ကျွန်တော် ကြက်သွန်နီဝယ်၊ ရောင်းလုပ်လာတဲ့နှစ်နှစ်ဆယ်အတွင်း ကြက်သွန်နီဈေးက စံချိန်တင်တက်ခဲ့တယ်၊ အခုဈေးကွက်အတွင်း ရောက်ရှိလာတဲ့ နိုဝင်ဘာ၊ ဒီဇင်ဘာမှာစိုက်တဲ့ ဆောင်းကြက်သွန်နီတော့ တစ်ပိဿာငွေကျပ် ၅၀၀ ဈေးဝန်းကျင်ပဲ ဖြစ်နေတယ်၊ ကြက်သွန်က အလုံးလည်းကြီး အရည်အသွေးကလည်း ယခင်နှစ်တွေထက် ကောင်းတယ်၊ ဒါပေမယ့် ဈေးနှုန်းကတော့ ထုံးစံဈေးလိုဖြစ်နေတယ်" ဟု ကြက်သွန်နီ ပွဲစားဦးစန်းယုက ပြောသည်။



"ကျွန်တော်တို့ ယခုလာရောင်းတဲ့ ကြက်သွန်နီတွေက အလုံးလည်းကြီး၊ အရောင်လည်းကောင်း၊ အရည်အသွေးက ပြောစရာ မရှိဘူး၊ ဒါပေမယ့် ရောင်းရတဲ့ ဈေးက တစ်ပိဿာငွေကျပ် ၅၁၀ ပဲရတယ်ဆိုတော့ လုပ်အားတွေ၊ ရင်းနှီးစရိတ်တွေစတဲ့ ကုန်ကျစရိတ်နဲ့ တွက်လိုက်တော့ ပွတ်ကာသီကာလေးပဲ မြတ်တော့ ကျွန်တော်တို့ တောင်သူတွေမှာ အခက်အခဲတွေနဲ့ ကြုံနေကြရပါတယ်" ဟု ပွဲရုံသို့ လာရောက်ရောင်းချသူ တောင်သူများက ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ဖျောက်ဆိတ်ကုန်းကျေးရွာ ချောင်းကူးတံတား အပေါက်များဖြစ်နေ၍ သွားလာမှု အဆင်မပြေ

**မလှိုင် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဖျောက်ဆိတ်ကုန်းအုပ်စု ဖျောက်ဆိတ်ကုန်းကျေးရွာရှိ ကျေးရွာချင်းဆက် ဖျောက်ဆိတ်ကုန်းကျေးရွာ ချောင်းကူးတံတားသည် လူများ ကျွံကျမှုဖြစ်ပေါ်အောင် အပေါက်များ ကျယ်နေသည့်အတွက် ပြုပြင်ပေးရန် ဒေသခံများ မျှော်လင့်နေကြောင်း သိရသည်။

"လွန်ခဲ့တဲ့ နှစ်ရက်လောက်က လမ်းလျှောက်လာရင်း နှစ်ဦးချောင်းထဲ ပြုတ်ကျခဲ့တယ်၊ တံတားရဲ့ အပေါက်က အတော်ကျယ်တယ်၊ တံတားကို လွန်ခဲ့တဲ့ ခုနစ်လ ရှစ်လက လာပြင်ကြတယ်၊ ဖျောက်ဆိတ်ကုန်းရွာ ချောင်းကူးတံတားက ကျေးရွာအတော်များများကို ဆက်သွယ်သွားလာနေတဲ့ တံတားပါ၊ အခုလို အပေါက်အကျယ်ကြီးတွေ ဖြစ်နေတာကို ပြုပြင်စေချင်တာပါ" ဟု ဖျောက်ဆိတ်ကုန်းကျေးရွာနေ ဒေသခံတစ်ဦးက ပြောကြားသည်။

အဆိုပါတံတားမှာ ဖျောက်ဆိတ်ကုန်းကျေးရွာ၌ တည်ရှိပြီး ရေချိုကျေးရွာနှင့် ဆည်တိုကျေးရွာအုပ်စုအထိ သွားလာနိုင်ပြီး အနီးအနားရှိ ဆည်တိုကျေးရွာ-ရွာသစ်- ဒဟက်တန်း-လဲတောကွမ်းခြံကုန်း- ဖျောက်ဆိတ်ကုန်း- ဆည်ကြီး-ရေချိုဘူတာ-ရေချိုကျေးရွာ အစရှိသည့် ကျေးရွာပေါင်းများစွာကို ဖြတ်သန်းသွားလာပြီး ထိုဒေသရှိ ကျေးရွာဒေသခံများ အသုံးပြုနေသော တံတားဖြစ်ကြောင်း သိရသည်။

ဖျောက်ဆိတ်ကုန်းကျေးရွာ တံတားမှာ အရှည်ပေ ၄၀၀ ခန့်ရှိပြီး ဖျောက်ဆိတ်ကုန်းကျေးရွာ၌ အိမ်ခြေ ၃၈၀ ဝန်းကျင်ရှိကာ လူများ ကျွံကျနိုင်သည်အထိ အပေါက်များကျယ်အောင် ဖြစ်ပေါ်နေသော ဖျောက်ဆိတ်ကုန်းကျေးရွာ



တံတားအား ပြုပြင်ပေးရန် တံတားအသုံးပြုနေသည့် ဒေသခံပြည်သူများ လိုလားလျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# မိတ္ထီလာမြို့၌ သင်္ကြန်ယိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်းပေါင်း ၂၀ ယှဉ်ပြိုင်မည်

**မိတ္ထီလာ မေ ၁၁**

ယခုနှစ် မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်၌ ဗဟိုဆုပေးမဏ္ဍပ်၌ သင်္ကြန်ယိမ်းအကပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ မြို့ပေါ်ရပ်ကွက် ၁၄ ခုမှ သင်္ကြန်ယိမ်း အဖွဲ့များအပါအဝင် ပြိုင်ပွဲဝင်အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်မှာ သင်္ကြန်ယိမ်းအကပြိုင်ပွဲကို မဟာသင်္ကြန်အကြိုနေ့ကနေ မဟာသင်္ကြန်အကြတ်နေ့အထိ သုံးရက်တိုင် ကျင်းပမှာဖြစ်ပြီး မြို့ပေါ်ရပ်ကွက် ၁၄ ခုက သင်္ကြန်ယိမ်းအဖွဲ့တွေအပါအဝင် ပြိုင်ပွဲဝင် အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်၊ မဟာသင်္ကြန်အတက်နေ့မှာ ဆုချီးမြှင့်ပွဲကို ကျင်းပမှာဖြစ်ပြီး ဆုတွေကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်နိုင်ဖို့ စီစဉ်ထားပါတယ်"ဟု သင်္ကြန်ယိမ်းအကပြိုင်ပွဲကျင်းပရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးသာဝက ပြောသည်။

ပြည်သာယာ(တ)၊ ပြည်သာယာ(မ)၊ ကျီတော်ကုန်း၊ ရန်မျိုးအောင်၊ အောင်ဇေယျာ၊ သီရိမင်္ဂလာ၊ ချည်စက်(က)၊ ချည်စက်(ခ)၊ ဈေးအရှေ့ပြင်၊ နန်းတော်ကုန်း၊ မြို့မ၊ ဝန်ဇင်း၊အောင်ဆန်း ၊ ရတနာမာရ်အောင်၊ ပေါက်ချောင်းရပ်ကွက် အသင်းများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ခလရ (၇၉) ၊ တကစ(၁၀) ၊ ၃၁၅ တပ်ရင်း သင်္ကြန်ယိမ်းအသင်း ၂၀ တို့က မြန်မာ့ရိုးရာ မဟာသင်္ကြန်ယိမ်းအကများဖြင့် ပြိုင်ပွဲဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ရောကမ်းနံဘေးမှာ မီးထိန်ထိန်လင်းပါတဲ့ ရေလယ်သောင်ကျွန်းဦးကျေးရွာဆီသို့

**အေးအေးကြူ (ကျေးလက်ဦးစီး)**

ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း ၆၃၉၉၉ ရွာရှိပြီး လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးလိုအပ်လျက်ရှိပါသည်။ တစ်နိုင်ငံလုံးအနေဖြင့် လျှပ်စစ်စွမ်းအင်ကို ၄၀ ရာခိုင်နှုန်းသာ အသုံးပြုနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများတွင် ပင်မဓာတ်အားပေးလိုင်းများနှင့် မဆက်သွယ်ပေးနိုင်သောကြောင့် လျှပ်စစ်မီးမပေးနိုင်သည့် ဒေသများ ရှိနေပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာအများစုမှာ ရေလမ်းခရီးဖြင့်သာ သွားလာနိုင်သည့်အတွက် လျှပ်စစ်မီးမရရှိနိုင်သေးသည့် ကျေးရွာများစွာကျန်ရှိနေသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မဟာဓာတ်အားလိုင်းပြင်ပစနစ်ဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) ကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ပြီး နိုင်ငံတော်ဘတ်ဂျက်၊ ကမ္ဘာ့ဘဏ်ချေးငွေနှင့် ပြည်သူအချိုးကျထည့်ဝင်ငွေတို့ဖြင့် မီးလင်းရေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**မဟာဓာတ်အားလိုင်းပြင်ပစနစ်**

မဟာဓာတ်အားလိုင်းပြင်ပစနစ်ဆိုသည်မှာ မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်နှင့်အထက် ဝေးကွာသွားသည့် ကျေးရွာနှင့် မဟာဓာတ်အားလိုင်းမှ နောင်လာမည့် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း မီးမရရှိနိုင်သေးသည့် ကျေးရွာများတွင် တစ်အိမ်သုံးဆိုလာစနစ် (Solar Home System) နှင့် အသေးစားဓာတ်အားစနစ် (Solar Mini-Grid) များကို ဆိုလာ၊ ရေအား၊ လေအား၊ ဇီဝဓာတ်ငွေ့နှင့် ဇီဝဒြပ်ထုတို့ဖြင့် မဟာဓာတ်အားလိုင်းမရောက်မီ အစောပိုင်းမီးလင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးပါသည်။

တစ်အိမ်သုံးဆိုလာစနစ် (Solar Home System) အတွက် ကုန်ကျငွေ၏ ၆၀ ရာခိုင်နှုန်းအား နိုင်ငံတော်ဘတ်ဂျက်မှ ထောက်ပံ့ပြီး ကမ္ဘာ့ဘဏ်မှ ကုန်ကျငွေ၏ ၃၀ ရာခိုင်နှုန်းနှင့် ကျန်ရှိသည့် ကုန်ကျငွေ၏ ၁၀ ရာခိုင်နှုန်းအား ပြည်သူများက အချိုးကျထည့်ဝင် ဆောင်ရွက်ရပါသည်။

အသေးစားလျှပ်စစ်စနစ် (Solar Mini-Grid) အတွက် ကုန်ကျငွေ၏ ၆၀ ရာခိုင်နှုန်းအား နိုင်ငံတော်ဘတ်ဂျက်မှ ထောက်ပံ့ပြီး ဆောင်ရွက်မည့်ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်းနှင့် ကျန်ရှိသည့် ကုန်ကျငွေ၏ ၂၀ ရာခိုင်နှုန်းကို ပြည်သူများက အချိုးကျထည့်ဝင်ရပါသည်။

စာရေးသူတို့အဖွဲ့သည် အသေးစားလျှပ်စစ်စနစ် (Solar Mini-Grid ) ဖြင့် မီးလင်းရေးဆောင်ရွက်ပြီးစီးသည့် ရောဝတီမြစ်ကမ်းဘေးရှိ ဟင်္သာတမြို့နယ် စစ်ကုန်းကျေးရွာအုပ်စု



အိမ်ခြေ ၁၅၀ ကျော်ရှိသည့် ရေလည်သောင်ကျွန်းဦးကျေးရွာလေးသို့ ရောက်ရှိခဲ့ပါသည်။ ကျေးရွာလေးမှာ မိုးတွင်းအခါ၌ ရေလမ်းခရီးဖြင့်သာ သွားလာနိုင်သည့် ကျေးရွာဖြစ်ပြီး ဆောင်းရာသီ၊ နွေရာသီတွင် ကုန်းလမ်းမှ ခရီးသွားနိုင်ပါသည်။ ထိုရွာလေး၏ ထူးခြားချက်မှာ မိုးအကုန်တွင် ဧရာဝတီမြစ်ရေနှင့် အတူပါလာသည့် နုန်းတင်မြေနုပေါ်တွင် ပြောင်း၊ နှမ်း၊ ခရမ်း၊ ငရုတ်သီး၊ ကွမ်း စသည့် ကိုင်းသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့ရပါသည်။

**ငွေကုန်သက်သာ**

ထိုရွာလေးမီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ MEGA Global Green Automotion Co.,Ltd. (MGGA) နှင့် ပြည်သူအချိုးကျထည့်ဝင်ပြီး အသေးစားလျှပ်စစ်စနစ်ဖြင့် မီးလင်းပြီးဖြစ်သည့် ရေလယ်သောင်ကျွန်းဦးကျေးရွာနေ ပြည်သူများ၏ ဝမ်းသာပီတိစကားသံများကို စာရေးသူတို့ ကြားသိရပါသည်။

ရေလယ်သောင်ကျွန်းဦးကျေးရွာသူ ဒေါ်ပြုံးက "ကျွန်မတို့ရွာလေးက ကိုင်းသီးနှံဖြစ်တဲ့ ငရုတ်သီး အဓိကထွက်ရှိပါတယ်၊ မီးမရခင်က အင်ဂျင်မောင်းဖို့ လူတစ်ယောက်လိုအပ်ပြီး ငရုတ်သီးကို ကြိတ်ရပါတယ်၊ ဆီဖိုးနဲ့ လူငှားမောင်းရတော့ ပျမ်းမျှ တစ်နေ့ ငွေကျပ် ၃၀၀၀ ကုန်ကျစရိတ်ရှိပါတယ်၊ အခုတော့ ကျေးလက်ဦးစီးဌာနက ဆောင်ရွက်ပေးတဲ့ လျှပ်စစ်မီးရရှိတော့ ကုန်ကျစရိတ်က ငွေကျပ် ၁၅၀၀ ပဲ ကုန်ကျပါတော့တယ်၊ အခုဆို တစ်ယောက်တည်း ခလုတ်လေးဖွင့်ပြီး ငရုတ်သီးကြိတ်နိုင်တယ်၊ လျှပ်စစ်မီးနဲ့ ထမင်းအိုး၊ ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားလည်း သုံးနိုင်ပြီး အချိန်ကုန်၊ ငွေကုန် သက်သာသွားပါတယ်" ဟု ပြောသည်။

ကျေးရွာသားတစ်ဦးဖြစ်သူ ဦးခိုင်စိုးဦးက "ကျွန်တော်တို့ရွာကို ဆိုလာစနစ်နဲ့ လျှပ်စစ်မီးပေးပြီး ပြည်သူက ကုန်ကျငွေ ၁၀ ရာခိုင်နှုန်းကို အချိုးကျထည့်ဝင်ရမှာဆိုတော့ တကယ်လက်တွေ့ ဖြစ်နိုင်ပါ့မလားဆိုပြီး စိုးရိမ်မိပါတယ်၊ အခုတော့ လျှပ်စစ်မီးရရှိပြီး ဆေးဖက်ဝင်စိုက်ပျိုးထားတဲ့ ကွမ်းခြံကို ရေပိုက်လေးကိုင်ပြီး အလွယ်တကူရေလောင်းနိုင်တဲ့အတွက် လုပ်အားနဲ့ အချိန်ကုန်သက်သာသွားပါတယ်" ဟု ပြောသည်။

ဆက်လက်ပြီး ဦးနိုင်လင်းကလည်း "ကျွန်တော့် သမီးလေးက မွေးရာပါပိုလီယိုရောဂါ ခံစားနေရသူပါ၊ ညဘက်မှောင်နေရင် မအိပ်တော့ ဖယောင်းတိုင်၊ ဘက်ထရီမီး ထွန်းပေးရတာ တစ်လကို ကုန်ကျစရိတ် ငွေကျပ် ၅၀၀၀ လောက် ရှိပါတယ်၊ အခုတော့ လျှပ်စစ်မီးရပြီး ငွေကျပ် ၂၀၀၀ လောက်ပဲ ကုန်ကျတော့ ကုန်ကျစရိတ်သက်သာပြီး ကလေးအတွက် လိုအပ်တဲ့ အသုံးအဆောင်လေးတွေ ဝယ်နိုင်တာပေါ့" ဟု ပြောသည်။

**အသေးစားလျှပ်စစ်စနစ်**

ကျေးရွာမီးလင်းရေးကော်မတီ (Village Electronic Committee-VEC) ဝင်တစ်ဦးဖြစ်သူ ဦးစိန်အောင်တင်က "ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသေးစားလျှပ်စစ်စနစ် (Solar Mini-Grid) ဖြင့် မီးလင်းရေးဆောင်ရွက်ပေးဖို့အတွက် ရွာသူ ရွာသားတွေပါဝင်တဲ့ မီးလင်းရေးကော်မတီအဖွဲ့ (VEC) ကို ဖွဲ့စည်းခဲ့ပါတယ်၊ ကုန်ကျငွေမှ ပြည်သူအချိုးကျထည့်ဝင်ငွေကို သုံးနှစ် အရစ်ကျထည့်ဝင်ပြီး တစ်ဦးလျှင် ငွေကျပ် ၂၀၇၀၀၀ ပေးသွင်းရပါတယ်၊ မီတာခပေးချေရာမှာ ဖုန်းငွေဖြည့်ကတ်ပုံစံနဲ့ မီတာမှာ ကတ်ထိုးပြီး သုံးစွဲရပါတယ်၊ ခြောက်ယူနစ်အတွက်ဆို ငွေကျပ် ၂၇၀၀ ကျပါတယ်၊ မီတာပုံးမှာ သုံးစွဲပြီးယူနစ်၊ သုံးစွဲရန်ကျန် ယူနစ်ကိုလည်း မိမိနေအိမ်အတွက် မိမိကိုယ်တိုင် အလွယ်တကူ ဖတ်ရှုနိုင်ပါတယ်၊ အသေးစားလျှပ်စစ်စနစ် (Solar Mini-Grid) တပ်ဆင်ပေးတဲ့အတွက် ကျွန်တော်တို့ ရွာသူ ရွာသားတွေအားလုံး လူနေမှုအဆင့်အတန်း၊ အသိပညာ၊ ဗဟုသုတတွေ ကြွယ်ဝရုံသာမက အသေးစားကုန်ထုတ်လုပ်ငန်းတွေလည်း လုပ်ကိုင်နိုင်ခဲ့ပါတယ်" ဟု ပြောသည်။

ထို့အတူ ရေလယ်သောင်ကျွန်းဦးကျေးရွာနေ ပြည်သူများ၏ ဝမ်းသာပီတိစကားသံများကို မုဒိတာပွားများရင်း မဟာဓာတ်အားလိုင်းပြင်ပ၌ရှိသည့် မီးမရရှိသေးသော ကျေးရွာများ မီးလင်းရေးဆောင်ရွက်လိုပါက မိမိတို့ဒေသရှိ သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။



# ပြင်ဦးလွင်မြို့ရှိ ထင်းရှူးတောများတွင် ထင်းရှူးဆီ ခိုးခွာယူနေသူများရှိနေဆဲ



**ပြင်ဦးလွင် မေ ၁၁**

ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်၌ အစိုးရပိုင်သစ်တောကြိုးဝိုင်းအဖြစ် ထင်းရှူးပင်၊ ထင်းရှူးတောများစွာရှိလေရာ အဆိုပါ သစ်တောများအတွင်း ထင်းရှူးဆီခိုးခွာယူသူများ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

"သစ်တောဦးစီးဌာနအနေနဲ့ ထင်းရှူးတောတွေမှာ ထင်ရှူးပင် မခုတ်ရ၊ ထင်းရှူးဆီ မထုတ်ရ၊ အခေါက်မခွာရ၊ မီးမရှို့ရ ဆိုတဲ့ သတိပေးဆိုင်းဘုတ်တွေနဲ့အတူ ပြစ်မှုကျူးလွန်ပါကလည်း တည်ဆဲဥပဒေအရ ပြင်းထန်စွာအရေးယူမယ်လို့ ရေးသားချိတ်ဆွဲထားပါတယ်၊ ဒါပေမယ့် ထင်းရှူးဆီတွေကို ခိုးခွာယူနေသူတွေ ရှိနေဆဲပါ။

"ခွာယူနေသူတွေက မိသားစုစားဝတ်နေရေးအတွက် ပြန်လည်ရောင်းချဖို့ ခွာယူနေခြင်းဖြစ်ပြီး ဒီလို ထင်းရှူးဆီ၊ ထင်းရှူးခေါက်တွေကို ခွာယူမယ်ဆိုရင် ထင်းရှူးပင်တစ်ပင်က အစပြုလို့ ထင်းရှူးတောတစ်တောလုံး ပျက်စီးသွားနိုင်တယ်ဆိုတာကို သူတို့မသိကြပါဘူး၊ ခိုးခွာယူသူတွေ နည်းပါးပျောက်ကွယ်သွားအောင် အသိပညာပေးလုပ်ငန်းတွေလုပ်ဖို့ လိုအပ်လိမ့်မယ်လို့တော့ ထင်ပါတယ်၊ ဒီလိုမလုပ်ရင် ထင်းရှူးတောတွေအတွက် အန္တရာယ်ရှိလာနိုင်ပါတယ်" ဟု မြို့ခံတစ်ဦးက ပြောသည်။

ပြင်ဦးလွင်ဒေသ၌ မီးမွှေးရန် လောင်စာအဖြစ် ထင်းရှူးဆီကို အိမ်တိုင်း၌ သုံးစွဲလျက်ရှိနေပြီး အဆိုပါ ထင်းရှူးဆီများကိုလည်း စည်ပင်သာယာရေးမြို့မဈေး၊ သုမင်္ဂလာဈေး၊ ဇရပ်ကတုံးဈေး၊ ဘူတာဈေး၊ မြို့သစ်သီရိရတနာဈေး စသည့် ဈေးတိုင်း၌ အလွယ်တကူ ဝယ်ယူရရှိနေနိုင်ပြီး သက်ဆိုင်ရာသစ်တောဦးစီးဌာနမှ အခါအားလျော်စွာ ဖမ်းဆီးအရေးယူဆောင်ရွက်မှုများ ရှိနေသော်လည်း နေ့စဉ်ခွာယူ ရောင်းချနေသူများ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# ခေတ်မီလက်နက်များ စနစ်တကျထိန်းသိမ်းနိုင်ရေးနှင့် အသုံးပြုနိုင်ရေး သင်တန်းဆင်း

**မော်လမြိုင် မေ ၁၁**

မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော ခေတ်မီလက်နက်များ စနစ်တကျ ထားသိုထိန်းသိမ်းနိုင်ရေးနှင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုပစ်ခတ်နိုင်ရေး ဆင့်ပွားသင်တန်း အမှတ်စဉ် ၁/၂၀၁၈ ဆင်းပွဲအခမ်းအနားကို မေ ၆ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက အမှာစကား ပြောကြားသည်။ သင်တန်းဆင်းပွဲသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း၊ ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အလားတူ သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော ခေတ်မီလက်နက်များ စနစ်တကျထားသို ထိန်းသိမ်းနိုင်ရေးနှင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုပစ်ခတ်နိုင်ရေး (ဆင့်ပွား) သင်တန်းအမှတ်စဉ် ၁/၂၀၁၈ ဆင်းပွဲကို မေ ၆ ရက် သထုံမြို့ရှိ ရဲဇာနည်ခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်စား ခရိုင်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်းက အမှာစကားပြောကြားခဲ့သည်။

**ကျော်သန်း (မော်လမြိုင်)**



ဧယျာဝတီရိုင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းဇော်ဦးနှင့်အဖွဲ့ ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်း၌ အဆိုပါ ကျေးရွာနေပြည်သူများအား သင်္ကြန် ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ရေး မှုခင်းအသိပညာပေး ဟောပြောပွဲကို မေ ၉ ရက်က ပြုလုပ်စဉ်။

ဟိန်းထက်ဇော် (မြန်မာ့အလင်း)



## မြေဆီလွှာဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း သရုပ်ပြပွဲနှင့် မြေဆီလွှာအာဟာရဓာတ်စစ်ဆေးခြင်းမှတ်တမ်း ပေးအပ်

**ဇလွန် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ မြေဆီလွှာဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း သရုပ်ပြပွဲ (**အပေါ်ပုံ**) နှင့် မြေဆီလွှာအာဟာရဓာတ်စစ်ဆေးခြင်းမှတ်တမ်းပေးအပ်ပွဲအခမ်းအနားကို ဇော်ဂျီကွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ မေ ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်းက အမှာစကားပြောကြားပြီး ဟသ်ာတခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းဝင်းက မြေဆီလွှာအာဟာရဓာတ်စစ်ဆေးခြင်းလုပ်ငန်းများ အခြေအနေ၊ ဟသ်ာတခရိုင် မြေအသုံးချရေးတာဝန်ခံ ဒေါ်ညွန့်ညွန့်ဆွေက မြေဆီလွှာအာဟာရဓာတ်စစ်ဆေးရာတွင် မြေဆီလွှာတွင် ပါဝင်သည့် အချဉ်၊ အငန်ဓာတ်အခြေအနေ၊ နိုက်ထရိုဂျင်ဓာတ်အခြေအနေ၊ ဖော့စဖိတ်ဓာတ်အခြေအနေများကို မြေဆီလွှာစစ်ဆေးရေးဓာတ်ခွဲသေတ္တာဖြင့် တက်ရောက်လာသော တောင်သူများအား စစ်ဆေးသရုပ်ပြခဲ့သည်။ ယင်းနောက် ဇော်ဂျီကွင်းကျေးရွာအုပ်စု၊ ကျအီကျေးရွာအုပ်စုနှင့် ကျရှကျေးရွာအုပ်စုများ၏ မြေဆီလွှာအာဟာရဓာတ် စစ်ဆေးပြီးစီးသည့် ၃၈၉ နေရာမှ တောင်သူ ၄၆၁၄ ဦးအား မြေနမူနာစစ်ဆေးခြင်းမှတ်တမ်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြေဆီလွှာအာဟာရဓာတ်စစ်ဆေးရာတွင် မိုးစပါး၊ ရေတော်မိုးတော် ဧက ၅၅၉၉၀ တွင် မြေနမူနာ ၁၁၂၃ နေရာအား ဆောင်ရွက်မည်ဖြစ်ရာ မတ်လမှ မေလအထိ ၃၄၀ နေရာအား ဆောင်ရွက်ရန် လျာထားခဲ့ရာ ယနေ့အထိ ၃၈၉ နေရာအား ဆောင်ရွက်ပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ရီရီမြင့်၏ ပြောကြားချက်အရ သိရသည်။

**ဝေယံ (ပြန်/ဆက်)**

## ကော့သောင်းမြို့ ရိုးရာသင်္ကြန်ပွဲတော် ဘေးအန္တရာယ်ကင်းရှင်းစွာကျင်းပနိုင်ရန် ဆောင်ရွက်

**ကော့သောင်း မေ ၁၁**

ပင်လယ်သဘာဝကျွန်းခရီးသွားလုပ်ငန်းဖြင့် လူသိများလာနေသည့် တနင်္သာရီတိုင်းဒေသကြီး တောင်ဘက်စွန်း ကော့သောင်းမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာနိုင်ငံ၏ အခြားမြို့များနည်းတူ ကျင်းပဆင်နွှဲရန် မြို့နေတာဝန်ရှိအဖွဲ့အစည်းများမှ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖျော်ဖြေရေးဇာတ်ကွက်... ဗဟိုမဏ္ဍပ်အပါအဝင် ရပ်ကွက်အလိုက် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ တည်ဆောက်မှုလုပ်ငန်း ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ကြောင်း မေ ၁၀ ရက်က သိရသည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ကော့သောင်းမြို့ပေါ် ၁၀ ရပ်ကွက်အပါအဝင် ကျေးလက်တောရွာများပါ မြို့လုံးအနှံ့ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကြမည်ဖြစ်ရာ ရပ်ကွက်အလိုက် ယိမ်းအကအဖွဲ့များမှ သင်္ကြန်အကြိုနေ့ ညမှစတင်ကာ ခရိုင်နှင့် မြို့နယ်၏ ဗဟိုဆုပေးမဏ္ဍပ်တွင် အကပြိုင်ပွဲဝင်ကြမည်ဖြစ်ပြီး နေ့ပိုင်းတွင် ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့များက ဖျော်ဖြေရေးမဏ္ဍပ်များတွင် လှည့်လည်သီဆိုကပြ ဖျော်ဖြေ ရေကစားကြမည်ဖြစ်သည်။

သင်္ကြန်ပွဲတော်တွင် လူငယ်လူရွယ်များ သရုပ်ပျက်အပြုအမူများ ရှောင်ရှားကာ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ရေကစားနွှဲပျော်ကြရေး၊ အရက်သေစာ သောက်စားမူးယစ်ရမ်းကားကာ ရာဇဝတ်မှုခင်းများ မဖြစ်ပေါ်ရေးတို့အတွက် တာဝန်ရှိအဖွဲ့အစည်းများက ကြိုတင်သတိပေးမှုများ နှိုးဆော်ဆောင်ရွက်လျက်ရှိသည်။ သင်္ကြန်ရက်များအတွင်း အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရန် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းများက လုံခြုံရေးအထူးဆောင်ရွက်သွားမည်ဖြစ်သည်။

အထူးသဖြင့် သင်္ကြန်အားလပ်ရက်ရှည်ကာလအတွင်း ပြည်ပခရီးသွားဧည့်သည်များအပါအဝင် မြန်မာနိုင်ငံတစ်နံ့တစ်လျားမှ ပြည်တွင်းခရီးသွားများ ကော့သောင်းမြို့အနီး သဘာဝပင်လယ်ကျွန်းများသို့ အပန်းဖြေအနားယူလာရောက်လေ့ရှိရာ ခရီးသွားဧည့်သည်များ ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး ပင်လယ်ပြင် လုံခြုံရေးလုပ်ငန်းများ ကြိုတင်စီမံ ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**ကျော်စိုး (ကော့သောင်း)**



## ပြဟ္မစိုရ်မေတ္တာနှင့် စေတနာလူမှုရေး ကူညီမှုအသင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ငူ မေ ၁၁**

တောင်ငူမြို့ ပြဟ္မစိုရ်မေတ္တာနှင့် စေတနာလူမှုရေးကူညီမှုအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၉ ရက်က တောင်ငူမြို့ မေတ္တာနှင့် စေတနာသွေးအလှူရှင်အသင်း ရုံးခန်းမ၌ ကျင်းပရာ အသင်းနာယက ဦးကျော်လှ (သမာဓိ)က အဖွင့်အမှာစကားပြောကြား၍ ဥက္ကဋ္ဌ ဦးမြင့်ညို (အမေ့အိမ်) က အသင်း၏ လုပ်ငန်း လည်ပတ်မှုကို ရှင်းလင်းပြောကြားပြီး ဘဏ္ဍာရေးမှူး ဦးရဲမြင့် (ပွဲရုံလုပ်ငန်း)က ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများ၏ အကြံပြုဆွေးနွေးချက်များအရ ရှေ့လုပ်ငန်းစဉ်များအဖြစ် တောင်ငူမြို့ အနောက်သုသာန်၌ လျှပ်စစ်မီးသင်္ဂြိုဟ်စက် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်၊ အသင်းရုံးခန်းမြေနေရာရရှိရေးနှင့် အသင်းရန်ပုံငွေအတွက် ဘဏ္ဍာငွေရှာဖွေရေးတို့ကို စည်းဝေးဆုံးဖြတ်ကြသည်။ အစည်းအဝေးသို့ အသင်းအလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်လှ (တောင်ငူ)**

## လဲချားတွင် နွေရာသီအခြေခံအားကစား သင်တန်းဆင်း

**လဲချား မေ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အားကစားဖွံ့ဖြိုးတိုးတက်လာစေရန်၊ အားကစားနည်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် အားကစားကို ပိုမိုစိတ်ဝင်စားလာစေရန် ရည်ရွယ်၍ မြို့နယ်များတွင် နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင်လည်း မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများကို မတ် ၅ ရက်မှ မေ ၆ ရက်အထိ တစ်လတာ သင်ကြားခဲ့ပြီးနောက် သင်တန်းဆင်းပွဲကို မေလပထမပတ်က မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်က နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် စာပေ၊ ယဉ်ကျေးမှုနှင့် အားကစားဆိုသည့် ကဏ္ဍသုံးရပ်သည် မရှိမဖြစ်အရေးပါသည့် အခန်းကဏ္ဍကပါဝင်ကြောင်း၊ အားကစားဆိုတာရှိမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အားကစားသည် နိုင်ငံတစ်ခု၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများအား CBY ကျောင်းမှ ကျောင်းသား ကျောင်းသူများက အေရိုးဗစ်၊ သိုင်းပြကွက်များဖြင့် ဖျော်ဖြေခဲ့ကြပြီး တာဝန်ရှိသူများက သင်တန်းနည်းပြများအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခြင်းနှင့် သင်တန်းသားသင်တန်းသူများအား နွေရာသီအခြေခံအားကစားသင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဇေယျ**

## ၄၄ ပေါင်ရှိ ရင်သားဝေဒနာရှင်အား အောင်မြင်စွာခွဲစိတ်၊ ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်



မနန်းဆိုင်လူ (ခ) အဲနန်းအား ခွဲစိတ်ကုသမှု အပြီးတွင် ကျန်းမာစွာ တွေ့ရပုံ။

**သီပေါ မေ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်မြို့နယ် မိုင်းဟုန်းကျေးရွာအုပ်စု ဝေးလံခေါင်ပါးဒေသမှ တောင်ယာသမား ဦးစိုင်းလုံးဆွေနှင့် ဒေါ်ပယိင်းတို့၏ သမီး (၁၃နှစ်) ရှိသူ မနန်းဆိုင်လူ(ခ)အဲနန်း၏ တစ်ဖက်လျှင် ၂၂ ပေါင်ရှိ ရင်သားအစုံမှာ တစ်နေ့တခြားကြီးထွားလာရာ အင်္ကျီတစ်ထည်တည်းနှင့်မဆံ့ သယ်ပိုးထားရသည့် ဝန်ထုပ် ကြီးမားပင်ပန်းဒုက္ခရောက်သဖြင့် သီပေါမှစေတနာရှင်များနှင့် တွေ့ဆုံ၍ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းထံအပ်နှံလျက် မေ ၉ ရက်က ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်နိုင်သောကြောင့် ဆေးရုံအုပ်ကြီးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး -သာမန်ထက်တစ်နေ့တခြား ကြီးထွားလာတဲ့ရင်သားကို ဆေးပညာအရဘယ်လိုခေါ်ပါသလဲ။**

ဖြေ -ဆေးပညာသဘောကတော့ ငယ်ရွယ်စဉ် အပျိုဖော်ဝင်စကာလ ရာသီသွေးမမှန်တာကြောင့် တုံ့ပြန်မှု ပြင်းထန်ပြီးဖြစ်တဲ့သဘောပါ။ Virginal Breast Hypertrophy လို့ခေါ်ပါတယ်။

**မေး -ယခင်က အခုလိုဝေဒနာမျိုးကြုံခဲ့ရပြီး ခွဲစိတ်ခဲ့ဖူးလားဆရာ။**

ဖြေ -ဒီအတွေ့အကြုံအဖြစ်မျိုး ဒီရောဂါဟာ ပထမအကြိမ်ခွဲစိတ်ကုသပေးတာ ဖြစ်ပါတယ်။ ယခင်ကတော့ ရင်သားကင်ဆာ ဖြစ်တဲ့လူနာတွေကို ခွဲစိတ်တာတွေ ရှိခဲ့ပါတယ်။ ယခုခွဲစိတ်တာဟာ ၆ နာရီနီးပါး အချိန်ယူခဲ့ရတယ်။

ရင်သားမှာ အရည်အိတ်တွေရော၊ အခဲတွေရော ဖြစ်နေတာကြောင့် ရင်သားပြန်လည်တည်ဆောက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ ဒါ့ကြောင့် ရင်သားတစ်ခုလုံးကို လှီးဖြတ်ထုတ်လိုက်ရတာပါ။ နောက်အခြေအနေပေးခဲ့ရင် ဒီသမီးလေးကို ပလတ်စတစ်ဆာဂျရီနည်းနဲ့ ပြန်ပြီးလုပ်နိုင်မလားဆိုတာ စဉ်းစားထားပါတယ်။

**မေး -ယခုခွဲစိတ်မှုအောင်မြင်တယ်လို့ ပြောနိုင်မလားဆရာ။**

ဖြေ -ဆရာတို့ ဝန်းကျင်မှာရှိတဲ့ ဆရာဝန်တွေအားလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းကူညီကြတာကြောင့် ခွဲစိတ်မှုက ၁၀၀ ရာခိုင်နှုန်း အောင်မြင်ပါတယ်။ ခွဲစိတ်ကုသမှုမှာ အခက်အခဲမရှိခဲ့ပါဘူး။

**မေး -ဆရာ့အနေနဲ့ ဖြည့်စွက်ပြီး ပြောလိုတာရှိရင်ပြောပေးပါ။**

ဖြေ -သီပေါမြို့နယ်မှာ လူဦးရေ နှစ်သိန်းနီးပါးရှိပါတယ်။ ဒီမြို့နယ်တွေထဲမှာ ၅၀ ရာခိုင်နှုန်းသော နေရာတွေကို ဝင်လို့မရဘူး၊ ဒီသမီးလေးလို ကျန်းမာရေးလိုအပ်ချက်ရှိနေတဲ့ နေရာကကလေးငယ်တွေကို ဆေးဝါးကုသမှုပေးနိုင်တဲ့အခါ အဲ့ဒီနေရာဒေသကလူတွေလည်း ဆရာတို့ကြိုးစားနေတာတွေကို လက်ခံလာမယ်၊ ဝေးလံခက်ခဲတဲ့ ဒေသတွေက လိုအပ်ချက်ရှိနေတဲ့ တိုင်းရင်းသားကလေးတွေ၊ လူနာတွေကို နိုင်ငံတော်က မေ့မထားဘဲ ကူညီထောက်ပံ့ပေးနေတယ်ဆိုတာကို သိစေချင်ပါတယ်၊ နိုင်ငံတော်ကလည်း တိုင်းရင်းသားတွေအတွက်ပါ ဘတ်ဂျက်အလုံအလောက် ပေးထားပါတယ်၊ ဆရာတာဝန်ကျနေတဲ့ ပတ်ဝန်းကျင်မှာ ကာကွယ်လို့ရတဲ့ ရောဂါတစ်မျိုးဖြစ်နေပြီဆိုရင် ဆရာတို့ တာဝန်မကျေသလို ခံစားရပါတယ်၊ အဲ့ဒီလိုပဲကုလို့ရတဲ့ ရောဂါတစ်ခုကို မကူညီနိုင်ခဲ့ဘူးဆိုရင်လည်း လိုအပ်နေတာပါပဲ၊ နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ့်ဝန်းကျင်မှာ ဒုက္ခရောက်နေတဲ့လူ ပိုတွေ့လာရင် ကိုယ်တတ်နိုင်တဲ့ဘက်က ကူညီလိုက်မယ်ဆိုတဲ့သဘောနဲ့ လုပ်ဆောင်ပေးနေခြင်းဖြစ်ပါတယ်။

**စိုင်း(သီပေါ)**

## နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းဆင်း

**မြင်းခြံ မေ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ နာရီစင်အနီးနှင့် ၁၂-မုခ်ကိုးဆောင်ကျောင်းတိုက်အတွင်းရှိ အဖြူရောင်လက်များ ပရဟိတအသင်းတွင် နိုင်ငံတကာအဆင့်မီအရေးပေါ် အသက်ကယ် သင်တန်းဆင်းပွဲကို မေ ၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းဆင်းပွဲတွင် ပရဟိတအသင်းများမှ လူငယ်မောင်မယ်များအနေဖြင့် အရေးပေါ်အခြေအနေ အန္တရာယ်တစ်စုံတစ်ရာပေါ်ပေါက်၍ ကူညီကယ်ဆယ်ရာတွင် ဆေးရုံသို့ မပို့ဆောင်မီ လူနာ၏အခြေအနေကို စမ်းသပ်ခြင်း၊ ချောက်အတွင်း ပြုတ်ကျသော လူနာကို ရှာဖွေကယ်ဆယ်ခြင်း၊ လူနာကိုသယ်ဆောင်ရာတွင် နည်းစနစ်ကျကျ သယ်ဆောင်ခြင်းစသည်များကို စာတွေ့၊ လက်တွေ့ လုပ်ဆောင်ခဲ့ကြသည်။

နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်သင်တန်းကို အဖြူရောင်လက်များ ပရဟိတအသင်းမှ ဦးဆောင်ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းသို့ မြင်းခြံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပရဟိတအသင်းသား ၇၆ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ခုနစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၈ခုနှစ်၊ မတ် ၁ရက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ NAKHON PATHOM PROVINCE ရှိ PHUTTHAMONTHON AUDITORIUM ခန်းမဆောင်ကြီး၌ ကျင်းပပြုလုပ်သော ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးအပေါ် တိုးတက်ပြန့်ပွားစေရန် ထောက်ပံ့ဆောင်ရွက်သူများအား ရွေးချယ်ပေးအပ်သော နိုင်ငံတကာ ASHOKA PILLAR AWARD CEREMONY တွင် မြန်မာနိုင်ငံမှ ဦးလှငွေး (ဖွဲ့ကပင်ယူနိုက်တက် ဘောလုံးအသင်းပိုင်ရှင်၊ ငွေးမိသားစု ကုမ္ပဏီ၊ မန္တလေးတိုင်းဒေသကြီး မဟာဂန္ဓာရုံ ဘက(၁)ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း (တွဲဖက်အထက်တန်းကျောင်း)ကြီး၏အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ မဟာဂန္ဓာရုံတိုက်သစ် ပရိယတ္တိစာသင်တိုက် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်တပ်ဦး ဂန္ဓာရုံပရိယတ္တိစာသင်တိုက်များ၏အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဝေဘာလီမဟာဂန္ဓာရုံ ဇေယျခေမီထုံးဘုရင် ဓမ္မဝိဇ္ဇာမိုးကုတ်ရိပ် သာကြီး၏အကျိုးဆောင်အဖွဲ့၏ဥက္ကဋ္ဌသည် ASHOKA PILLAR AWARD ကို ထိုင်းနိုင်ငံတော်ဝင်မင်းသမီးထံမှ လက်ခံရရှိပြီး ချီးမြှင့်ခြင်းခံရကြောင်း သိရှိရပါသည်။


ယင်းဆုအား နိုင်ငံတကာမှရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ်စုစုပေါင်း(၇၉)ဦးအားချီးမြှင့်ခြင်းဖြစ်ပြီး ဦးလှငွေးသည် ပထမဆုံးအကြိမ် ချီးမြှင့်ခံရသော မြန်မာနိုင်ငံသားတစ်ဦးဖြစ်ကြောင်းလည်းသိရှိရပါသည်။ သာသနာပြုဒကာတော်ဦးလှငွေးမိသားစုသည် မန္တလေးမြို့ မဟာဂန္ဓာရုံပရိယတ္တိစာသင်တိုက် ဘက(၁) အလယ်တန်းကျောင်း(တွဲဖက်အထက်တန်းကျောင်း)ကျောင်းအုပ်ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်ခြင်းကြောင့် ဆရာတော်၏ ဘွဲ့တော်နှင့် သက်တော်(၇၀)ပြည့်ပူဇော်ပွဲနှင့် ယောနယ်ဒေသကြီး ဘုန်းကြီးကျောင်းများနှင့် ကန်ပက်လက်၊ မင်းတပ်စသော ချင်းတောင်တန်းဒေသ ဘုန်းကြီးကျောင်းများကို သိန်းပေါင်း(၉၀၀)ကိုးရာ အကုန်အကျခံကာ လှူဒါန်းပူဇော်ခြင်းဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီးနှင့် အမျိုးဘာသာ သာသနာကို နေလသဖွယ် တင့်တယ်ထင်ရှားအောင် အမြဲမပြတ်ပြုစု ထောက်ပံ့လှူဒါန်းလျက်ရှိသူ အမျိုးကောင်းသားမိသားစုဖြစ်သော ဦးလှငွေးအား ASHOKA PILLAR AWARD ဆုကို ထိုက်တန်စွာ ချီးမြှောက်ခြင်းခံရခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

**ဘဒ္ဒန္တမဟိန္ဒ(ဂိုဏ်းအုပ်ဂိုဏ်းချုပ်ဆရာတော်)**
**အဂ္ဂမဟာပဏ္ဍိတ**
**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**
**စစ်တက္ကသိုလ်တပ်ဦးမဟာဂန္ဓာရုံပရိယတ္တိစာသင်တိုက်**
**ပြည်ကြီးတံခွန်မဟာဂန္ဓာရုံ(ပရိယတ္တိစာသင်တိုက်)တိုက်သစ်**
**ဘက(၁)ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်း(တွဲဖက်အထက်တန်း)ကျောင်း**
**ဝေဘာလီမဟာဂန္ဓာရုံ ဇေယျခေမီထုံးဘုရင်ဓမ္မဝိဇ္ဇာမိုးကုတ်ရိပ်သာ**
**ပြည်ကြီးတံခွန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ**
**မန္တလေးတိုင်းဒေသကြီး**

## တမန်တော်မြတ် မိုဟမ္မဒ်သခင် ထေရုပ္ပတ္တိ

**ရေးသူ - ဟာဇရတ် မီရ်ဇာဘရှီးရွတ်ဒီးန်မာဟ်မူးဒ်အဟ်မဒ်**

ဤစာအုပ်တွင် တမန်တော်မြတ်မိုဟမ္မဒ်သခင်၏ စင်ကြယ်မြင့်မြတ်လှသော ဘဝဖြစ်စဉ်ဖြစ်ရပ်များနှင့် ကိုယ်ကျင့်သိက္ခာတော်၊ စိတ်နေသဘောထားများအကြောင်းကို သိမ်မွေ့လှပစွာ နှစ်သက်မြတ်နိုးဖွယ် စီခြယ်ရေးဖွဲ့ထားပါသည်။ ထို့သို့ဖြင့် ဤစာအုပ်သည် တမန်တော်မြတ်အတ္ထုပ္ပတ္တိကျမ်း များစွာတို့အနက် အနိုင်းမဲ့ကျမ်းတစ်စောင်ဟု ဆိုနိုင်ပေသည်။




ဖြန့်ချိရေး - အဟ်မဒီယာမွတ်စလင်အဖွဲ့ချုပ်
သတင်းကောင်းစာပေ
အမှတ် ၁၉၁၊ ၂၈ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၂၅၂၈၉၄၊ ၀၉ ၄၄၃၀ ၉၀၀ ၃၇၊ ၀၉ ၄၄၃၀ ၄၇၀ ၅၄

---

**ပြည်ပထုတ်လုပ်သူ CP Manufacturing SDN BHD ကုမ္ပဏီမှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင်မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလ ဖြန့်ဖြူးသည့် Myanma Awba Group Co.,Ltd မှ Crescent General Trading Co.,Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။**

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | Ecomax | Glyphosate IPA 41% w/w/ SL | Full | F2013-636 |

သို့ဖြစ်ပါ၍ အဆိုပါ ဖြန့်ဖြူးသူ ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Crescent General Trading Co.,Ltd
Contact No- ၀၉-၉၆၆၈၀၀၀၂၄

---

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်-အထက၊ တက္ကသိုလ်ဝင်တန်းမှ မမျိုးသီရိကို၊ ဆဋ္ဌမတန်းမှ မရည်မွန်ဇော်တို့၏ဖခင်အမည်မှန်မှာ ဦးဇော်မျိုးသန့် ၇/သဝတ(နိုင်) ၀၇၂၄၄၈ ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးသန့်**

---

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၆)ရပ်ကွက်၊ ပိတောက်ရွှေဝါ(၁)လမ်း၊ (၁၃/ဘီ) (ခြေရင်းခန်း)၊ ဒုတိယထပ် (လေးလွှာ)ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၁၁ ၁/၂×၄၀×၉)ရှိ တိုက်ခန်းတစ်ခန်းအား တရားဝင်ပိုင်ဆိုင်သူများဖြစ်သော ဒေါ်ကြည်ကြည်ငြိမ်း၊ ဦးမျိုးချစ်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သောင်းရှင်က ကာလတန်ဖိုးဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးတင်အောင်ကြည် (စဉ်-၁၂၁၃၁)တရားလွှတ်တော်ရှေ့နေ၊**
**ဖုန်း-၀၉-၄၂၀၀၁၈၇၃၄**
**အမှတ်-၂၆၃၊ သုံးလွှာ၊ ဗားဂရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

---

## NCX Myanmar Co.,Ltd ၏ DOUBLE WIN CELEBRATION 2018'
## "ကံထူးရှင်ရွေးချယ်ပွဲ" ကျင်းပမည့်ရက်အား ပြောင်းလဲကြောင်း အသိပေးခြင်း

NCX Myanmar Co.,Ltd သည် Honda မော်တော်ဆိုင်ကယ် ဝယ်ယူစီးနင်း သူတိုင်းအတွက် ကျေးဇူးတုံ့ပြန်ဂုဏ်ပြုသောအနေဖြင့် DOUBLE WIN CELEBRATION 2018'Promotion ကို ၂၀၁၈ခုနှစ်၊ ဇန်နဝါရီ ၁ရက်မှ ၂၀၁၈ ခုနှစ်၊ မတ် ၃၁ ရက်အထိ သတ်မှတ်ခဲ့ပြီး အဆိုပါကံထူးရှင် ရွေးချယ်ပွဲ ကို ၂၀၁၈ ခုနှစ် ဧပြီလတွင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

သို့သော် အနယ်နယ်အရပ်ရပ်ရှိ **NCX Myanmar Co.,Ltd** ၏ အရောင်းပြခန်းများနှင့် အချို့သော Honda မော်တော်ဆိုင်ကယ် အရောင်းကိုယ်စားလှယ်များထံမှ ကုမ္ပဏီသို့ ပြန်လည်ပေးပို့ရမည့် ကံစမ်းမဲကူပွန်များ အချိန်မီ ရောက်ရှိလာနိုင်ခြင်းမရှိသည့်အတွက်ကြောင့် "ကံထူးရှင်ရွေးချယ်ပွဲ" ကို **၂၀၁၈ ခုနှစ်၊ မေလ** အတွင်းတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း Honda သုံးစွဲသူ Customer များအား ကျွန်တော်များ NCX Myanmar Co.,Ltd မှ မေတ္တာရပ်ခံ အသိပေးအကြောင်းကြားအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက -NCX Myanmar Co.,Ltd** ဖုန်း-၀၁-၂၁၈၅၂၃၊ ၀၉-၄၄၄၃၃၇၇၆၇(ရုံးချိန်တွင်း)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## အသိပေးကြေညာခြင်း

မာလာမြိုင်ကုမ္ပဏီလီမိတက် (Marlarmyaing Co.,Ltd)မှ ဈေးကွက်ထဲတွင် တင်သွင်းဖြန့်ဖြူးနေသော စိုက်ပျိုးရေးဆေးများအနက် အာမခံသက်တမ်းကုန်ဆုံးနေပြီဖြစ်သည့် ၁။M-Proneb 70WP (အမ်ပရိုနက်ပ်၇၀ဒဗလျူပီ)၂။M-Dime 40 EC (အမ်ဒိုင်မီ ၄၀ အီးစီ) ၃။ M-Pro 25 EC (အမ်ပရို ၂၅ အီးစီ) ၄။ M- Thiocarb 37.5SC (အမ်သိုင်အိုကပ် ၃၇.၅ အက်စ်စီ) ၅။ Dasatox F (ဒက်စာတောက်စ်အက်ဖ်) ဆေးများကို ကုမ္ပဏီနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ပြန်လည်ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ကုမ္ပဏီအမည်** - မာလာမြိုင်ကုမ္ပဏီလီမိတက် (Malarmyaing Co.,Ltd)
**လိပ်စာ** - အမှတ်(၅၃၁-ဘီ)၊ မာလာမြိုင်ရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၅၄၇၃၉

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)ကျောက်ဆည်မြို့မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | လက်တွန်းထွန်စက်(PT-018)မှ ပစ္စည်းအစိတ်အပိုင်းများ | 2Lot |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၄-၂၀၁၈ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်** - ၂-၅-၂၀၁၈ရက်
၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့လယ်ယာသုံးစက်ကိရိယာ စက်ရုံ (အင်းကုန်း) ကျောက်ဆည်

အထက်ပါလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ဤစက်ရုံသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပြီး ဖုန်း-၀၆၆-၅၀၄၈၃၊ ၀၆၆-၅၀၄၈၄၊ ၀၉-၄၀၀၄၅၉၅၈၈တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ**

---

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/တံတားဦးစီးဌာနမှ ဆောင်ရွက်မည့် လမ်းလုပ်ငန်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/တံတားဦးစီးဌာနမှ (၂၀၁၈ခုနှစ် ဧပြီလ ၁ရက်မှ စက်တင်ဘာလကုန်အထိ)ဆောင်ရွက်ရမည့် လမ်းလုပ်ငန်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၉-၄-၂၀၁၈ရက်(တနင်္လာနေ့) (ပစ္စည်း+လုပ်ငန်းတင်ဒါ)
**တင်ဒါလျှောက်လွှာ(ပစ္စည်း+လုပ်ငန်းတင်ဒါ)** -၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့)
**နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၁၆း၃၀နာရီ
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့
**အိတ်ဖွင့်တင်ဒါ(ပစ္စည်း)ဖွင့်လှစ်မည့် ရက်/အချိန်** - ၂၅-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ၉နာရီ
**လုပ်ငန်းတင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့) ၉နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ (ပစ္စည်း+လုပ်ငန်း တင်ဒါ)** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ၉-၄-၂၀၁၈ရက်မှ ၂၃-၄-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနများတွင် လာရောက်စုံစမ်းနိုင်ပါသည်။ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ ပဲခူးမြို့။ ဖုန်း-၀၅၂-၂၂၂၄၅၇၂၊ ၂၂၂၁၅၂၃၊ ၂၂၂၁၂၂၀

**တင်ဒါကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ကြည် အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၆လမ်း၊ အမှတ် ၁၉၊ အခန်း(စီ-၁)နေ (ဦးဆိုင်-ဒေါ်ရှမ်း)တို့၏သမီး၊ (ဦးပျော့ကြီး-ဒေါ်ပုလေး)တို့၏ သမီးချွေးမ၊(ဦးကြည်)၏ဇနီး၊ ဦးဉာဏဓဇ(စိန်ရောင်ခြည်ဆရာတော်)၏ရဟန်းမယ်တော်၊ ဒေါက်တာတင်နွယ်ကြည်(ဆေးရုံအုပ်ကြီး၊ ငြိမ်း)၊ ဒေါ်တင်အုန်းကြည်(ကထိက-ငြိမ်း၊ ရူပဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါက်တာသန်းသန်းဇင်(ပညာရေးစီမံကိန်း၊ ငြိမ်း)၊ ဦးမင်းကြည်(လ/ထအထွေထွေမန်နေဂျာ၊ ရောင်း/မှူး၊ မြန်မာ့သစ်လုပ်ငန်း၊ မကွေးတိုင်းဒေသကြီး)-ဒေါ်သန်းသန်းအေး၊ ဦးမင်းအောင်(အထွေထွေမန်နေဂျာ၊ စက်မှုနှင့်လျှပ်စစ်၊ မြန်မာ့မီးရထား)-ဒေါ်နီလာအေး၊ ပါမောက္ခ ဒေါက်တာရွှေတိုး(ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)-ဒေါက်တာမြတ်လေးကို(ကထိက၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)၊ (ဦးဟန်စိုး၊ BE.EP)၊ ဒေါ်ချိုထွေးကြည်(လယ်/ပြ၊ အမက-၂၊ ပုဇွန်တောင်)၊ ဒေါက်တာသိန်းမြင့်စိုး(သန့်သုခ/ရွှေပုပ္ပား သွားဆေးခန်း)-ဒေါ်စန္ဒာကျော်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၀-၄-၂၀၁၈ရက် မွန်းလွဲ ၂း၃၈နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၈ ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

# အထူးကျေးဇူးတင်ရှိခြင်း

၂၀၁၈ခုနှစ် မတ် ၃၁ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားခဲ့သော သိက္ခာတော်ရဆရာကြီး ဒေါက်တာဦးဝင်းတင်၏ နောက်ဆုံးပြုခဲ့ကြရသော အမှုအရာအားလုံးတို့ကို လိုလေသေးမရှိ မေတ္တာစေတနာပြည့်ဝစွာဖြင့် ပြုစုဆောင်ရွက်ပေးကြသော အသင်းတော်များနှင့် သာသနာ့ အဖွဲ့အစည်းများ၊ သူငယ်ချင်းမိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များနှင့် ဆွေမျိုး မိတ်သင်္ဂဟများ၊ ရပ်ဝေးရပ်နီးရှိ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်ခဲ့သော မိသားစုများအားလုံးက ကျေးဇူးများစွာတင်ရှိအပ်ပါသည်။

စိတ်၏ချမ်းသာခြင်း၊ ကိုယ်ခန္ဓာကျန်းမာခြင်းနှင့် လိုအင်ဆန္ဒများ ပြည့်ဝကြပါစေ။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ကြည်
အသက်(၈၅)နှစ်

ပါမောက္ခ ဒေါက်တာရွှေတိုး၊ ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်နှင့် ဒေါက်တာမြတ်လေးကို၊ ကထိက၊ သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တို့၏မိခင်ကြီး ဒေါ်တင်ကြည်သည် ၁၀-၄-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သွားရောဂါကုဆေးပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး**

---

ဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ကြည် အသက်(၈၅)နှစ်

ပါမောက္ခဒေါက်တာရွှေတိုး၊ ပါမောက္ခချုပ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်နှင့် ဒေါက်တာမြတ်လေးကို၊ ကထိက၊ သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်တို့၏ မိခင်ကြီး ဒေါ်တင်ကြည်သည် ၁၀-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကလေးသွားကျန်းမာရေးပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ကြည်
အသက်(၈၅)နှစ်

ဦးမင်းကြည် (လ/ထ အထွေထွေမန်နေဂျာ၊ ရောင်း/စက်ဌာနမှူး၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း)ဒေါ်သန်းသန်းအေးတို့၏ မိခင်ကြီး ဒေါ်တင်ကြည်သည် ၁၀-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတိုင်းဒေသကြီး၊ ဒု-ထွေဂျာရုံးနှင့်**
**သစ်ထုတ်ရေးဒေသအားလုံးဝန်ထမ်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ကြည်
အသက်(၈၅)နှစ်

ဦးမင်းကြည် (လ/ထ အထွေထွေမန်နေဂျာ၊ ရောင်း/စက်ဌာနမှူး၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း)ဒေါ်သန်းသန်းအေးတို့၏ မိခင်ကြီး ဒေါ်တင်ကြည်သည် ၁၀-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရ ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတိုင်းဒေသကြီး၊ ပြည်တွင်း(ရောင်းစက်)**
**ဝန်ထမ်းများ**

---

ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးသိန်းမောင်(ငြိမ်း)
(ကသာ)
ကြည်း-၇၉၃၅၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၀)
အသက်(၈၄)နှစ်

ဒေါက်တာထွဋ်မောင်မောင်(တွဲဖက်ပါမောက္ခ၊ နား၊နှာခေါင်း၊လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုဌာန၊ အလုပ်သမားဆေးရုံကြီး၊ ရန်ကုန်မြို့)၏ ဖခင်ကြီး ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း**
**ခွဲစိတ်အထူးကုအဖွဲ့**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

ဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ကြည် အသက်(၈၅)နှစ်

ပါမောက္ခ ဒေါက်တာရွှေတိုး၊ ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်-ဒေါက်တာမြတ်လေးကိုတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်တင်ကြည် အသက်(၈၅)နှစ်သည် ၁၀-၄-၂၀၁၈ရက် မွန်းလွဲ ၂း၃၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများမိသားစု**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ကြည် (ရဟန်းဒါယိကာမကြီး)
အသက်(၈၅)နှစ်

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်၊ ပါမောက္ခချုပ်-ပါမောက္ခ ဒေါက်တာရွှေတိုးနှင့် ဒေါက်တာမြတ်လေးကို (ကထိက၊ သွား/ဆေးရန်ကုန်) တို့၏မိခင်ဖြစ်သူ ဒေါ်တင်ကြည်(ရဟန်းဒါယိကာမကြီး)သည် ၁၀-၄-၂၀၁၈ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်-ပါမောက္ခ ဒေါက်တာစန်းစန်းနွဲ့**
**ဌာနမှူးများ၊ ဆရာ/မများနှင့် ဝန်ထမ်းများ**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

---

ဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ကြည် အသက်(၈၅)နှစ်

ပါမောက္ခ ဒေါက်တာရွှေတိုး၊ ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်နှင့် ဒေါက်တာမြတ်လေးကို၊ ကထိက သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တို့၏ မိခင်ကြီး ဒေါ်တင်ကြည်သည် ၁၀-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမဝန်ထမ်းများ**
**သွားတုဆေးပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

---

ဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ကြည် အသက်(၈၅)နှစ်

ပါမောက္ခ ဒေါက်တာရွှေတိုး (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်)နှင့် ဒေါက်တာမြတ်လေးကို (ကထိက၊ သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)တို့၏မိခင်ကြီး ဒေါ်ခင်ကြည်သည် ၁၀-၄-၂၀၁၈ရက်တွင်ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမဝန်ထမ်းများ**
**သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး**

---

ဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ကြည်
အသက်(၈၅)နှစ်

ပါမောက္ခ ဒေါက်တာရွှေတိုး၊ ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်နှင့် ဒေါက်တာမြတ်လေးကို၊ ကထိက၊ သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တို့၏ မိခင်ကြီး ဒေါ်တင်ကြည်သည် ၁၀-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မော်ကွန်းထိန်းနှင့်ဝန်ထမ်းများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ကြည်
အသက်(၈၅)နှစ်

ပါမောက္ခ ဒေါက်တာရွှေတိုး၊ ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်နှင့် ဒေါက်တာမြတ်လေးကို၊ ကထိက၊ သွားတုဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တို့၏မိခင်ကြီး ဒေါ်တင်ကြည်သည် ၁၀-၄-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သွားရောဂါကုဆေးပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ကြည် အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၆လမ်း၊ အမှတ် ၁၉၊ အခန်း(စီ-၁)နေ ဒေါက်တာတင်နွယ်ကြည်(ဆေးရုံအုပ်ကြီး၊ငြိမ်း)၊ ဒေါ်တင်အုန်းကြည်(ကထိက-ငြိမ်း၊ ရူပဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါက်တာသန်းသန်းဇင်(ပညာရေး၊ စီမံကိန်း၊ ငြိမ်း)၊ ဦးမင်းကြည် (လ/ထ အထွေထွေမန်နေဂျာ၊ ရောင်း/မှူး၊ မြန်မာ့သစ်လုပ်ငန်း၊ မကွေးတိုင်းဒေသကြီး)-ဒေါ်သန်းသန်းအေး၊ ဦးမင်းအောင်(အထွေထွေမန်နေဂျာ၊ စက်မှုနှင့်လျှပ်စစ်၊ မြန်မာ့မီးရထား)-ဒေါ်နီလာအေး၊ ပါမောက္ခ ဒေါက်တာရွှေတိုး (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)-ဒေါက်တာမြတ်လေးကို(ကထိက၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)၊ (ဦးဟန်စိုး)(BE.EP)၊ ဒေါ်ချိုထွေးကြည်(လယ်/ပြ၊ အမက-၂၊ ပုဇွန်တောင်)၊ ဒေါက်တာသိန်းမြင့်စိုး(သန့်သုခ/ရွှေပုပ္ပားသွားဆေးခန်း)-ဒေါ်စန္ဒာကျော်တို့၏မိခင်သည် ၁၀-၄-၂၀၁၈ရက် မွန်းလွဲ ၂း၃၈နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Oriental Sonsultants Global Co.,Ltd**
**Yangon-Mandalay Railway Improvement Project Team**
**Yangon Circular Railway Line Upgrading Project Team**

---

## ဒေါ်စိန်မဖြူ (မင်းပြားမြို့)
အသက်(၆၂)နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ဈေးဟောင်းပိုင်းရပ်ကွက်၊ ကာတောကန်စုနေ (ဦးမြထွန်းအောင်-ဒေါ်လှစော၊ မောင်တော)တို့၏သမီး၊ ဦးမောင်စိန်သာ-ဒေါ်သာယာမေ၏ချွေးမ၊ ဦးအောင်သန်းမောင်၏ဇနီး၊ မဖြူဖြူသန်း၊ မဖြူဖြူအေး (ပညာရေးဌာန)တို့၏မိခင်သည် ၁၁-၄-၂၀၁၈ရက် နံနက် ၇နာရီတွင် မဟာမြိုင်အထူးကုဆေးရုံ ရန်ကုန်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကံယုံဘုန်းကြီးကျောင်းတိုက်၊ ဗဟန်းမြို့နယ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [၄င်းနေ့ နံနက် ၁၀နာရီမှ ၁၁နာရီအထိ ဆွမ်းကျွေးပါမည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝေပုလ္လ (ဓမ္မာစရိယ)
### သက်တော်(၅၂)နှစ်၊ သိက္ခာတော်(၃၃)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ကျုံဒတ်အုပ်စု၊ တော်ကနိ၊ ညောင်လိန်ကုန်းကျေးရွာ၊ သာသနာရာမကျောင်းတိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ အောင်သာကျေးရွာ၊ အောင်ဇေယျကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယကဆရာတော် အရှင်သူမြတ်သည် (၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၉ရက်) ၉-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက်) ၁၂-၄-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် အောင်သာကျေးရွာ အောင်ဇေယျကျောင်းတိုက်၌ အန္တိမစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
(တပည့်သံဃာတော်များနှင့် တော်ကနိ၊ ညောင်လိန်ကုန်းကျေးရွာ)

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုန္ဒဝံသ
### သက်တော်(၅၁)နှစ်၊ သိက္ခာတော်(၃၁)ဝါ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးစံပြကျေးရွာ၊ ဓမ္မပါလကျောင်းတိုက်ကြီး၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကုန္ဒဝံသသည် (၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက်) ၁၀-၄-၂၀၁၈ရက် (အင်္ဂါနေ့) ည ၈း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၂ရက်) ၁၆-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဓမ္မပါလကျောင်းတိုက်ကြီးအတွင်း၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆရာတော်များနှင့်တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

---

## ဒေါ်ညွှန့်ညွှန့်
အထက(၁)အင်းစိန်
အထက(၁)မရမ်းကုန်း
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ [သစ်တောဝန်ထောက်ကြီး ဦးရွှေဘော် (ATM)-ဒေါ်မြင့်]တို့၏သမီး၊(ဒေါ်အေးတင်)၊(ဦးမောင်ဦး-ဒေါ်ခင်ရီ)၊[ရဲမှူးကြီးထွန်းမြင့်(ငြိမ်း) (CID)] - ဒေါ်ကြည်ကြည် (အထက-၁၊ အင်းစိန်၊ ငြိမ်း) တို့၏ညီမ၊ တူ/တူမ ၁၃ယောက်တို့၏ အဒေါ်သည် ၁၀-၄-၂၀၁၈ရက် နံနက် ၆း၅၀နာရီတွင် အမှတ်၂၂/B၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဟိုရပ် (မြိတ်)
အသက်(၈၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်၊အမကကျောင်းလမ်း၊အမှတ် ၄၃နေ ဒေါ်ကျင်ယု၏ခင်ပွန်း၊ ဦးဇော်ဝိတ်-ဒေါ်ကင်းမတင်၊ ဦးမောင်လေး-ဒေါ်ခင်မြင့်ချို၊ ဦးဇော်ညွှန့်-ဒေါ်စန်းစန်းဝေ၊ ဦးဇော်လွင်-ဒေါ်ခင်မာချို၊ ဦးဇော်မင်း-ဒေါ်လီလီ၊ ဦးစိုးဝင်း-ဒေါ်စန်းစန်းမြင့်တို့၏ဖခင်၊ မြေး ၁၈ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၁-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းသန်း(ခ)တန်ကွေပို့ (ခ)တန်အိုက်လျန်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ တိုက် ၅၈/၆၄၊ အခန်း ၀၀၆ (B)၊ ထီးတန်းအိမ်ရာ၊ ကမ်းနားလမ်းနေ (ဦးသိန်းလွင်)၏ဇနီး၊ ဦးအောင်အောင်လွင်၊ ဦးကျော်ခိုင်-ဒေါ်လွင်လွင်သန်းတို့၏ချစ်လှစွာသောမိခင်၊ မောင်မင်းကျော်ကျော်လွင်၊ မဟေမာန်ကျော်လွင်တို့၏အဘွားသည် ၁၁-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသောင်းကျော်(ခ)ဦးဟန်ထွန်း(မုဒုံ) အသက်(၈၂)နှစ်
စာရင်းစစ်ရုံး(ငြိမ်း)

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ တိုက် ၁၀၆/၆ နေ (ဦးစံသိန်း-ဒေါ်စိန်လှ)တို့၏သား၊ (ဦးကွန်ပါ-ဒေါ်ကွန်စိန်)တို့၏သားသမက်၊ ဒေါ်လှထွေး၏ခင်ပွန်း၊ ဦးကြည်ဝင်း-ဒေါ်အေးအေးစိုး(ဦးစီးအရာရှိ၊ MRTV)၊ ဒေါ်အေးအေးမိုး(ဆေး/သု)၊ ဦးအောင်နိုင် (လ/ထညွှန်မှူး၊ ရေအရင်းအမြစ်၊ မြစ်/ချောင်း) - ဒေါ်ဝေဝေလွင်၊ ဦးမြတ်လှိုင်(အကောက်ခွန်) - ဒေါ်ဥမ္မာဦး (အကောက်ခွန်)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၈ ရက် ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၈ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီအေး အသက်(၆၉)နှစ်
နည်းပြ၊ မန္တလေးဒေသကောလိပ်
နည်းပြကူးသန်းရောင်းဝယ်ရေးကျောင်း မန္တလေး/ရန်ကုန်

မန္တလေးကူးသန်းရောင်းဝယ်ရေးကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးရွှေထွန်း(ငြိမ်း)၏ဇနီး နည်းပြ ဒေါ်ရီရီအေး အသက်(၆၉)နှစ်သည် ၄-၄-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူဟောင်းများ**
**ကူးသန်းရောင်းဝယ်ရေးပညာသင်ကျောင်း**

---

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
## ဆရာလေးဦးသန့်ဇင်(ခ) ဦးသန်းဆွေ
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂၅လမ်း၊အမှတ်(၇၆၉-က)နေ (ဦးသောင်းထွန်း-ဒေါ်ညွှန့်ရီ)တို့၏သား၊(ဦးလှိုင်အောင်)-ဒေါ်သောင်းသောင်းဝင်း၊(ဦးသိန်းထွန်း)-ဒေါ်ခင်ခင်ကြည်တို့၏ညီ/မောင်၊(ဦးသိန်းအောင်)-ဒေါ်အေးအေးသန်းတို့၏အစ်ကို၊ ဦးအောင်မျိုးဝင်း-ဒေါ်လှဲ့လှဲ့စန်း၊ ဦးစိုးဝင်းမော်-ဒေါ်နှင်းအိအိခိုင်၊ ဦးပြည့်စုံအောင်-ဒေါ်အေးသိမ့်သိမ့်၊ မောင်စည်သူထွန်းတို့၏ ဦးလေး၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၀-၄-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၈ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ မြေ ဒါယကာကြီး
## ဦးစောနိုင်
ဒုတိယအကောက်ခွန်မှူး(ငြိမ်း)
မောင်တော
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ သဒ္ဒါလမ်း၊ အမှတ် ၁၀၂၂နေ ဦးစောလှ(ဦးစီးအရာရှိ၊ လဝက၊ ငြိမ်း)၊ ဒေါ်ခင်စောဦး (အခွန်မှူး၊ ငြိမ်း)တို့၏သားကြီး၊ (ဦးကျော်စိန်မောင်)-ဒေါ်ဦးခင်တို့၏သားသမက်၊ ဒေါ်ခင်စောလှိုင် (အခွန်မှူး၊ ငြိမ်း)-ဦးနေစိုးတို့၏ညီ/မောင်၊ ဦးစောခိုင်(ငါးပုစွန်ရောင်းဝယ်ရေး) - ဒေါ်စန်းကြိုင်၊ ဦးစောလှိုင်(အင်/ယာ၊ မြောင်းမြ)-ဒေါ်လှစုကြည်၊ဒေါ်မူမူစော(လဝက)-ဦးခိုင်မြင့်(လဝက၊ နေပြည်တော်)၊ ဦးစောလွင်တို့၏အစ်ကို၊ ဒေါ်သန္တာခိုင်(ခ) လုံးလုံး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၄-၂၀၁၈ရက် နံနက် ၁၁း၄၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၁-၄-၂၀၁၈ရက်ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၄-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားမြို့ Ukhia စခန်းရှိ နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားမြို့ UKhia စခန်းရှိ နေရပ်စွန့်ခွာသူများအား တွေ့ဆုံစဉ်။

**နေပြည်တော် မေ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားခရိုင် UKhia ခရိုင်ခွဲရှိ ပြောင်းရွှေ့နေထိုင်သူများ၏ စခန်းသို့ရောက်ရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူးအပါအဝင် စခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် UKhia စခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက စခန်းအတွင်း နေရာချထားပေးမှု၊ စားနပ်ရိက္ခာ

စာမျက်နှာ ၁၀ ကော်လံ ၁ ❍

## ယနေ့ မာတိကာ


မြို့တိုင်းရင်းသား အိမ်ထောင်စုများအား နေအိမ်သစ်နှင့် အသုံးအဆောင်ပစ္စည်းများ လွှဲပြောင်းပေးအပ် စာမျက်နှာ - ၁၀

ဒုံးကျည်သုံးလုံးနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ စာမျက်နှာ - ၁၂

တက္ကသိုလ်ကျောင်းသား ထောင်ပေါင်းများစွာ ဘင်္ဂလားဒေ့ရှ်တစ်ဝန်း ချီတက်ဆန္ဒပြ စာမျက်နှာ - ၁၄


# ရန်ကုန်အသင်း AFC Cup ပြိုင်ပွဲ အာဆီယံဇုန်ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် မေ ၁၁**

၂၀၁၈ AFC Cup ပြိုင်ပွဲ အုပ်စု (G)ပွဲစဉ်အဖြစ် မြန်မာကလပ် ရန်ကုန်အသင်းနှင့် အင်ဒိုနီးရှားကလပ် ဘာလီယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

ရန်ကုန်အသင်းသည် အိမ်ကွင်း၌ နှစ်ဂိုးအရှုံးမှ သုံးဂိုးပြန်သွင်းပြီး လေးပွဲမြောက်နိုင်ပွဲရယူကာ လက်ကျန်တစ်ပွဲအလိုတွင် အာဆီယံဇုန်ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။ယခုပွဲအနိုင်ရမှနောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိမည့် ဘာလီယူနိုက်တက်အသင်း၏ ရုန်းကန်မှုကြောင့် ရန်ကုန်အသင်းသည် အိမ်ကွင်း၌ ရုန်းကန်ခဲ့ရသော်လည်း နှစ်ကျော့စလုံးအနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲ ပုံစံသစ်အဖြစ် ပြောင်းလဲပြီးနောက်ပိုင်း အာဆီယံဇုန်ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရသည့် ပထမဆုံးမြန်မာကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရန်ကုန်အသင်းသည် အမာခံကစားသမားအများစု ဒဏ်ရာရနေခြင်း၊ ကြွခိုင်မှုမပြည့်ဝခြင်းတို့ကြောင့်

စာမျက်နှာ ၁၂ ကော်လံ ၃ ❖





# မုံရွာမြို့တွင် ပထမအကြိမ် ကျင်းပသည့် ချင်းတွင်းမဟာသင်္ကြန်ပွဲတော် စတင်ဖွင့်

**မုံရွာ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ချင်းတွင်းမြစ်ကမ်းစပ်တစ်လျှောက်တွင် ကျင်းပသည့် ချင်းတွင်းမဟာသင်္ကြန်ပွဲတော်ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် "ချင်းတွင်းသင်္ကြန်မှ ဖိတ်ခေါ်သံတေးသီချင်း" နှင့် အတူ တိုင်းရင်းသားရိုးရာအက အလှများဖြင့် ဂုဏ်ပြုဖျော်ဖြေခဲ့ပြီးနောက် ပါရာမိုတာ ပြကွက်များဖြင့်လည်း ချင်းတွင်းသင်္ကြန်ပွဲတော်ကြီးကို ဂုဏ်ပြုခဲ့သည့်အပြင် မုံရွာမြို့မှ လူငယ်ဆိုင်ကယ်စတန့်အဖွဲ့ကလည်း ဆိုင်ကယ်စတန့်အလှများဖြင့် ဖျော်ဖြေခဲ့သည်။ ထို့နောက် တိုင်းရင်းသားအကများဖြစ်သည့် နာဂတိုင်းရင်းသားအကများ၊ ရှမ်းနီတိုင်းရင်းသားအကများ၊ မြန်မာ့ရိုးရာအိုးစည်ဒိုးပတ်အကများစသည့် တိုင်းရင်းသားရိုးရာအကအလှများဖြင့် ထပ်မံဂုဏ်ပြုဖျော်ဖြေခဲ့သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ချင်းတွင်းမဟာသင်္ကြန်ရေကစားပွဲတော်ကို မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းဘေး ဇက်ဆိပ်အနီးရှိ အကျယ်အဝန်း ပမာဏ ၆၀၀၀၀၀ စတုရန်းမီတာကျော် ကျယ်ဝန်းသည့် သဲသောင်ပြင်ကမ်းခြေ

စာမျက်နှာ ၇ ကော်လံ ၁ ❑


"ထူးချွန် ပြောင်မြောက်သူတို့၏အောင်မြေအမွန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ပညာရေးအဆင့်မြင့် စခန်းသွင်းဘော်ဒါနှင့် နေ့တက်ဘော်ဒါ
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မုချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
■ ဂုဏ်ထူးများရုံ၊ ရမှတ်များရုံသာမက နိုင်ငံသားကောင်းဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်းဘော်ဒါ၊ နေ့တက်ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။
မေ ၃၀ ရက် ဖွင့်မြီ
ကျောင်းလိပ်စာ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ဝေဇယန္တာလမ်းမကြီး၊ ဒ္ဂစိတ်အိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)
ဒီကျောင်းကိုမှ တကူးတကန့် ရွေးတက်ကြတာ ဒီဆရာတွေ အပြောင်းအလဲ မရှိ နှစ်စ နှစ်ဆုံး သင်နေကြလို့ပါပဲ။
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား၊
ဂုဏ်ထူးဦးသိန်းနိုင်
ဆရာနေအုပ်(စိန်ပေါလ်)
ဂုဏ်ထူးဦးအောင်ခိုင်
ဒေါက်တာညီညီ(Ph.D)
ပါမောက္ခဒေါက်တာထွန်းခင်
ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
ဆရာ ဇော်လင်းအောင်
ဒေါက်တာဇီဝ (Dr. ညီညီနိုင်)
စိုင်းစိန်မြင့်အောင်
အထူးသတင်း...
ဝေဇယန္တာ လမ်းမကြီးတလျှောက် Air-Con YBS(၉၃)ကားကြီးတွေ ပြေးဆွဲနေပြီ။ သတင်းထူးပါပဲ။ အစစ အလွန် အဆင်ပြေလှပါတယ်။
နေ့တက် ဘော်ဒါကျောင်းသား လူဦးရေ ကန့်သတ် ထားသည်၊ လူပြည့်တော့မည်။
အမြန် အလိုရှိသည်။
တစ်ဘာသာခြင်း ထူးချွန်သော ဖါရင့် GUIDEများနှင့် အမျိုးသား အဆောင်မှူး ဆရာများ အမြန် အလိုရှိသည်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ မေ ၃၁၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးများကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## တိုင်းရင်းသားများရပိုင်ခွင့်နှင့် အခွင့်အရေးများတန်းတူရရှိရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

● **အမေး၊ အရေး- မော်စီ၊ ဓာတ်ပုံ- ထိန်နန်နော်**

**တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် ကိုးကွယ်သည့် ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိရေးတို့အပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စရပ်များကို မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ယခုအစိုးရလက်ထက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဒုတိယ(၁)နှစ်တာကာလအတွင်း တိုင်းရင်းသားများ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာလာပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရန် ဆောင်ရွက်ခဲ့မှုများကို သိရှိနိုင်ရန် ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ရပါသည်။**

**နိုင်သက်လွင်၊ ပြည်ထောင်စုဝန်ကြီး**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**မေး ။ ။ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့တဲ့ ရည်ရွယ်ချက်ကို ပထမဦးဆုံး ရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ ။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားတွေ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတစ်ခု ဖြစ်ပါတယ်။ တိုင်းရင်းသားတွေဟာ အတိတ်သမိုင်းကြောင်း အခြေအနေအဖြစ်တွေကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမတွေအကြား သံသယတွေ ဖြစ်ပွားခဲ့ကြတယ်။ အခွင့်အရေးတွေ တန်းတူမရရှိဘူးလို့ ထင်မြင်ပြီး ပဋိပက္ခတွေ ဖြစ်ပွားခဲ့ကြရပါတယ်။ ဒါကြောင့် အခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးတွေ တန်းတူညီမျှရရှိဖို့အတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ၂၀၁၅ ဖေဖော်ဝါရီ ၂၄ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ဥပဒေအရ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို ယခုအစိုးရလက်ထက်မှာ စတင်ဖွဲ့စည်းခဲ့လို့ ဝန်ကြီးဌာနရဲ့ သက်တမ်းဟာလည်း အခုဆိုရင် နှစ်နှစ်ပြည့်မြောက်ပြီ ဖြစ်ပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနရဲ့မျှော်မှန်းချက်(Vision) နဲ့ ဆောင်ရွက်ခဲ့မှုများကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဝန်ကြီးဌာနရဲ့ မျှော်မှန်းချက်ကတော့ တိုင်းရင်းသားတွေရဲ့စာပေနှင့် ယဉ်ကျေးမှုတွေကို ထိန်းသိမ်းမြှင့်တင်မယ်။ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်မယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ တိုင်းရင်းသားတွေ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာလာပြီး တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ဖို့ ဖြစ်ပါတယ်။ အခွင့်အရေးဆိုတာကလည်း ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေနဲ့အညီ တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်ပဲဖြစ်ပါတယ်။ အခွင့်အရေးကို ရယူမယ်ဆိုရင် တာဝန်လည်းတွဲပါလာမယ်ဆိုတာကို သိရှိဖို့လည်း လိုမှာဖြစ်ပါတယ်။ အခွင့်အရေးနဲ့ တာဝန်ကို ဒွန်တွဲပြီး တူညီတဲ့တန်ဖိုးထားမှု မိမိတို့ရဲ့လူ့အသိုက်အဝန်းဟာ တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနရဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ပြဋ္ဌာန်းဥပဒေမှာ ပါရှိတဲ့ တိုင်းရင်းသားတွေရဲ့ နေ့ထူးနေ့မြတ် အထိမ်းအမှတ် အခမ်းအနားတွေကို ဥပဒေနဲ့အညီ ကျင်းပနိုင်ဖို့ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုင်းရင်းသားတွေရဲ့ အခမ်းအနားတွေအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတွေကလည်း ထောက်ပံ့မှုတွေ ပေးလျက်ရှိပါတယ်။

**မေး ။ ။ တိုင်းရင်းသားတွေရဲ့ ပညာရေးကဏ္ဍ တိုးတက်ရေး ဆောင်ရွက်မှုတွေကို သိပါရစေ။**

ဖြေ ။ ။ ယခင်က တိုင်းရင်းသားတွေဟာ ဝေးလံခေါင်းပါးတဲ့ဒေသတွေမှာ နေထိုင်ကြတာမို့ ပညာသင်ကြားဖို့ အခွင့်အလမ်းနည်းပါးခဲ့တဲ့အတွက် ပညာရေးမှာချို့တဲ့ခဲ့ပြီး လူတစ်စုတစ်ဖွဲ့ရဲ့ အသုံးချမှုတွေကိုခံခဲ့ရကြပါတယ်။ အခု အချိန်မှာ



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်

ပညာသင်ဖို့အခွင့်အလမ်းတွေ ပိုမိုရရှိလာပြီ ဖြစ်ပါတယ်။ မိမိတို့ တိုင်းရင်းသား ဘာသာစကားတွေကို ပညာရေးမူဝါဒနဲ့အညီ သင်ကြားနိုင်ပြီ ဖြစ်ပါတယ်။ တိုင်းရင်းသားတွေကလည်း မိမိဘာသာစကားအပြင် ပြည်ထောင်စုမှာ ဝင်ဆံ့နိုင်ဖို့ ပြည်ထောင်စုသုံး ဘာသာစကား၊ နိုင်ငံတကာမှာ ဝင်ဆံ့နိုင်ဖို့ နိုင်ငံတကာသုံး ဘာသာစကားတွေကိုလည်း တတ်မြောက်ထားဖို့ လိုအပ်ပါတယ်။ ဒီလို တတ်မြောက်ဖို့အတွက် အခြေခံပညာကျောင်းတွေမှာ တိုင်းရင်းသားကလေးငယ်တွေ သင်ကြားသင်ယူမှု အဆင်ပြေချောမွေ့စေဖို့နဲ့ သင်ယူတတ်မြောက်မှုအရည်အသွေး ပိုမိုမြင့်မားလာစေဖို့အတွက် သင်ကြားမှုဘာသာရပ်တွေကို တိုင်းရင်းသားဘာသာစကားနဲ့ လိုအပ်တာတွေ ကူညီရှင်းလင်းသင်ကြားပေးဖို့ နေ့စားလစာ (Teaching Assistant- TA) တွေ ခန့်ထားနိုင်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် တိုင်းရင်းသားလူငယ်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိခဲ့ပါတယ်။ နောင်မှာလည်း လိုအပ်တဲ့နေရာတွေမှာ ဆက်လက်ခန့်ထားနိုင်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ထပ်ပြီးညှိနှိုင်းဆောင်ရွက်သွားမှာပါ။

**မေး ။ ။ အခြားဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး တိုင်းရင်းသားတွေအတွက် ဆောင်ရွက်ခဲ့မှုတွေကို ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးတဲ့စီမံချက်တွေ၊ ကြက်ငှက်တုပ်ကွေး အသိပညာပေးမှုတွေ စတဲ့ပိုစတာတွေ၊ လက်ကမ်းစာစောင်တွေကို တိုင်းရင်းသားဘာသာစကားနဲ့ ဘာသာပြန်ဆိုပေးခဲ့ပြီး တိုင်းရင်းသားဒေသတွေမှာ ကျန်းမာရေးဆိုင်ရာအသိပညာပေးလုပ်ငန်း၊ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်စာအုပ်ကို တိုင်းရင်းသားဘာသာစကားတွေနဲ့ ဘာသာပြန်ရေးလုပ်ငန်းတွေမှာ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ပါတယ်။

*အချပ်ပို(ခ)သို့*




(၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများနှင့် မွန်တိုင်းရင်းသား လူငယ်မောင်မယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို(က)မှ*

ဒါ့အပြင် တိုင်းရင်းသားကျေးရွာတွေက လျှပ်စစ်မီးရရှိနိုင်ရေး တင်ပြလာမှုတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ညှိနှိုင်းခဲ့လို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အမျိုးသားလျှပ်စစ်စီမံကိန်းနဲ့ ၁၀ မိုင်ကျော်ကွာဝေးတဲ့ ရွာတွေကို ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရုံးအဆောက်အအုံအသစ်တွေ တည်ဆောက်နေတာနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေနဲ့ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ပေ(၈၀× ၆၀) အရွယ် သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံတွေ ဆောက်လုပ်ဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို လုပ်ငန်းအပ်နှံပြီး ဆောင်ရွက်ခဲ့ပါတယ်။ မွန်ပြည်နယ် မော်လမြိုင်မြို့မှာ ဆောက်လုပ်တဲ့ အဆောက်အအုံသစ်ကို (၄၄)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ၂၀၁၈ ခုနှစ် မတ်လ ၁၉ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပြီဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရုံးအဆောက်အအုံသစ်တွေကိုလည်း မကြာမီဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ တိုင်းရင်းသားတွေနဲ့ပတ်သက်လို့ အခြားဆောင်ရွက်ပေးခဲ့တာတွေ ရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ တိုင်းရင်းသားတွေရဲ့ လူမှုဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ ဖွံ့ဖြိုးရေးနဲ့ ငြိမ်းချမ်းရေးဟာ ဒွန်တွဲနေပါတယ်။ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုလည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတုန်းက နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဖိုရမ်မှာ တိုင်းရင်းသားလူမျိုးတွေရဲ့စီးပွားရေးဆိုင်ရာကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာကဏ္ဍနဲ့ တိုင်းရင်းသားသယံဇာတတွေမှ ရရှိတဲ့အကျိုးအမြတ်တွေ ခွဲဝေအသုံးချမှုကဏ္ဍတို့ကို ဆွေးနွေးနိုင်ခဲ့ပြီး ရလဒ် ၂၈ ချက်ကိုလည်း ထုတ်ဖော်နိုင်ခဲ့ပါတယ်။ အဲဒီရလဒ်များအရ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ၂၀၁၈ ခုနှစ် မတ်လ ၁၇ ရက်နေ့မှာ ရန်ကုန်မြို့၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး (UMFCCI) မှာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

**မေး ။ ။ တိုင်းရင်းသား အခွင့်အရေးတွေနဲ့ ပတ်သက်လို့ တိုင်းရင်းသားတွေအကြား အပြန်အလှန် ဘယ်လိုပြုမူဆောင်ရွက်သွားသင့်တယ်ဆိုတာကို သုံးသပ်ပြောကြားပေးပါ။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးတွေဟာ တောင်တန်း၊ မြေပြန့်၊ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းစတဲ့ သဘာဝပထဝီအနေအထားကွဲပြားတဲ့ ဒေသအသီးသီးမှာ နေထိုင်ကြပါတယ်။ ပထဝီအနေအထားကွဲပြားမှုကြောင့် တိုင်းရင်းသားလူမျိုးတွေရဲ့စကား၊ စာပေ၊ ယဉ်ကျေးမှုတွေ ကွဲပြားနေကြသော်လည်း တိုင်းရင်းသားတွေအားလုံးဟာ လူသားများဖြစ်ကြပါတယ်။ ဒါကြောင့် လူသားအချင်းချင်းဖြစ်ကြတဲ့ တိုင်းရင်းသားတွေဟာ မိမိလူမျိုးတွေကို တန်ဖိုးထားချစ်ခင်မြတ်နိုးကြသလို အခြားသော တိုင်းရင်းသား ညီအစ်ကိုတွေကိုလည်း မိမိတို့၏ ဆွေမျိုးရင်းချာအဖြစ် သဘောထားကာ အပြန်အလှန်လေးစားပြီး ညီညွတ်မျှတစွာ အတူယှဉ်တွဲ နေထိုင်သွားမယ်ဆိုရင် မိမိတို့ လိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ပေါ်ပေါက်လာမှာဖြစ်ပါတယ်။

ဒီနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူတွေနဲ့ လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုကြိုးပမ်းဆောင်ရွက်မှု အောင်မြင်စေဖို့အတွက် ပြည်ထောင်စုတိုင်းရင်းသားတွေ အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဦးမင်းအေးကို၊ ဒုတိယအမြဲတမ်းအတွင်းဝန်**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး ဆောက်လုပ်ရန် ပန္နက်တင်ပေးစဉ်။

**မေး ။ ။ တိုင်းရင်းသားအရေး ဆောင်ရွက်ချက်တွေနဲ့ပတ်သက်လို့ ထူးထူးခြားခြား ဆောင်ရွက်နိုင်ခဲ့မှုတွေရှိပါသလား။ ရှိတယ်ဆိုရင် သိပါရစေ။**

ဖြေ ။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ ညှိနှိုင်းမှုအရ တိုင်းရင်းသားလူမျိုးတွေရဲ့နိုင်ငံသားစိစစ်ရေးကတ်ပြားတွေမှာ အကြောင်းကြောင်းကြောင့် လူမျိုးအမည်မှားယွင်းမှုရှိပါက လူမျိုးအမည်အမှန်ပြင်ဆင်ပေးနိုင်ရေးအတွက် လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်နဲ့အညီ ကာယကံရှင်တွေကိုယ်တိုင်ခိုင်လုံတဲ့ အထောက်အထားတွေနဲ့ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးတွေမှာ လာရောက်လျှောက်ထားနိုင်ပါတယ်။ လျှောက်ထားချက်အပေါ် စိစစ်၍ မှန်ကန်ပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်နဲ့ ပြင်ဆင်ပေးနေတယ်လို့ သိရပါတယ်။

ဒါ့အပြင် အချို့ တိုင်းရင်းသားလူမျိုးတွေက ၎င်းတို့၏အမည်တွေကို သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရဲ့ ဘာသာစကားအရ အမည်မှာပါရှိတဲ့ ရှေ့ဆောင်စကားလုံးတွေ (ဥပမာ စော၊ စိုင်း၊ မင်း၊ နော်၊ နန်း၊ မိ )စတာတွေကို ရေးသွင်းလျှောက်ထားပါကလည်း ၎င်းတို့ဖော်ပြ လျှောက်ထားချက်အတိုင်း ကိုယ်ရေးမှတ်တမ်းတွေမှာ ရေးသွင်းဖော်ပြပေးလျက်ရှိပါတယ်။ နိုင်ငံသားကိုယ်ရေးမှတ်တမ်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေမှာ သက်ဆိုင်ရာမှတ်ပုံတင်သူ၏ လိင်ကွဲပြားမှုကို သိရှိနိုင်ရန် ကာယကံရှင်မှ တင်ပြလျှောက်ထားချက်အတိုင်း (ဥပမာ-စောလှမောင်၊ စိုင်းလှမောင်၊ ဆလိုင်းလှမောင်၊ မင်းလှမောင်၊ နော်လှလှရီ၊ နန်းလှလှရီ၊ မိလှလှရီ ) စသည်ဖြင့် ရေးသွင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။



ဦးမင်းအေးကို၊ ဒုတိယအမြဲတမ်းအတွင်းဝန်

**မေး ။ ။ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ဓာတ်အားရရှိဖို့ ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုစီစဉ်ဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ တိုင်းရင်းသားဒေသအချို့မှာ လျှပ်စစ်ဓာတ်အားမရရှိတဲ့အတွက် လူမှုစီးပွားရေးဘဝ နောက်ကျမှုတွေရှိနေကြောင်း သက်ဆိုင်ရာဒေသခံတိုင်းရင်းသားများ၏ တင်ပြလာမှုတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနဲ့ ညှိနှိုင်းပြီး အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်း (NEP) ဓာတ်အားလိုင်းနဲ့ ၁၀ မိုင်ကျော်ကွာဝေးတဲ့ ကျေးရွာတွေမှာ နေရောင်ခြည်သုံးဓာတ်အားစနစ် (Solar System) ရရှိနိုင်ရေးဆောင်ရွက်ခဲ့ပါတယ်။ အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာ ၄၃ ရွာမှာ နေရောင်ခြည်သုံးဓာတ်အား စနစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမယ်လို့ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်ကြားထားပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနရဲ့ဖွဲ့စည်းမှုနဲ့ လုပ်ငန်းတာဝန်တွေကို သိပါရစေ။**

ဖြေ ။ ။ ဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနဲ့ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန နှစ်ခုရှိပါတယ်။ ဝန်ထမ်း ခန့်ထားမှုအနေနဲ့ အရာထမ်း ၆၂ ဦး အမှုထမ်း ၂၅၂ ဦး စုစုပေါင်း ၃၁၄ ဦး ခန့်ထားပြီး ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရှိ ဦးစီးဌာန နှစ်ခု၏ ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးတွေကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေက စီစဉ်ဆောင်ရွက်ပေးတဲ့နေရာမှာ ရုံးတွေကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ ချင်းပြည်နယ် ဟားခါးမြို့နဲ့ မကွေးတိုင်းဒေသကြီး မကွေးမြို့တွေမှာ ရုံးတွေကို ဖွင့်လှစ်ခဲ့ပါတယ်။

ပြည်နယ်နဲ့ တိုင်းဒေသကြီး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွေအတွက် ပေ(၈၀ x ၆၀) အရွယ် နှစ်ထပ် သံကူကွန်ကရစ် ရုံးအဆောက်အအုံ ဆောက်လုပ်ဖို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကယား၊ ကရင်၊ မွန်ပြည်နယ်များ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတွေမှာ ရုံးအဆောက်အအုံအသစ်တွေ တည်ဆောက်ရေးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှာ ရုံးအဆောက်အအုံ အကြီးစားပြင်ဆင်ခြင်းကိုလည်းကောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပါတယ်။

*အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ






တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆွေးနွေးပွဲတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးများကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို(ခ)မှ*

**ဦးဝင်းနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်**
**တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန**



**မေး။ ။ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနရဲ့ မျှော်မှန်းချက်၊ ရည်ရွယ်ချက်နဲ့ နှစ်နှစ်တာကာလအတွင်း လုပ်ဆောင်ချက်တွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ တိုင်းရင်းသားတွေရဲ့ စာပေနဲ့ ယဉ်ကျေးမှုတွေကို ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားလူမျိုးတွေရဲ့ လူမှုဘဝမြင့်မားတိုးတက်စေဖို့ မျှော်မှန်းပါတယ်။ ရည်ရွယ်ချက်တွေကတော့ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရေး၊ တိုင်းရင်းသားလူမျိုးတွေရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနဲ့ သမိုင်းအမွေအနှစ်တွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားမှုနဲ့ ရိုင်းပင်းကူညီမှုတို့ တိုးတက်ဖြစ်ထွန်းစေရေး၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစတာတွေပါဝင်တဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပါတယ်။

အစိုးရသက်တမ်း နှစ်နှစ်အတွင်း တိုင်းရင်းသားမျိုးနွယ်စုတွေနဲ့ သက်ဆိုင်တဲ့စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအမွေအနှစ်၊ ဓလေ့ထုံးတမ်းများနဲ့စပ်လျဉ်းပြီး သမိုင်းကြောင်းဆိုင်ရာကဗျာ၊ ဆောင်းပါး၊ ဝတ္ထုအစရှိတဲ့ စာအုပ်စာတမ်းတွေ၊ ဗီဒီယိုမှတ်တမ်းတွေ၊ တေးသီချင်းတွေ၊ သတင်းမှတ်တမ်းနဲ့ ဆောင်းပါးတွေကိုစုစည်းပြီး ဌာနတွင်းစာကြည့်တိုက်အဖြစ် ထားရှိခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာဓလေ့ပုံပြင်စာအုပ် "မြန်မာစကားမှသည် တိုင်းရင်းသားဘာသာစကားသို့" ခေါင်းစဉ်ဖြင့် တိုင်းရင်းသားလူမျိုးရှစ်မျိုး စကားပြောစာအုပ်တွေကို ဌာနအတွင်း ထုတ်ဝေခဲ့ပါတယ်။

ဒ့ါအပြင် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနရုံးတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မွန်ပြည်နယ်၌လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့မှာဖွင့်လှစ်ပြီး ရုံးချုပ်မှ အရာထမ်း၊ အမှုထမ်းတွေကို ယာယီပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း ဆောင်ရွက်ခဲ့ပါတယ်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကို တိုင်းရင်းသားဘာသာစကားဖြင့် ဘာသာပြန်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားဘာသာစကား ၄၄ မျိုးဖြင့် ဘာသာပြန်ဆိုဖြန့်ဝေပြီးဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ဝေတဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာပေးစာစောင်တွေ၊ UNICEF ကထုတ်ဝေတဲ့ နှိုးဆော်ပညာပေးပိုစတာတွေကို တိုင်းရင်းသားဘာသာနဲ့ ပြန်ဆိုခဲ့ပါတယ်။ ဒ့ါအပြင် ကျန်းမာရေးဝန်ကြီးဌာနနဲ့ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့တွေပူးပေါင်းပြီး တိုင်းရင်းသားဘာသာစကား ၅၀ ခန့်ဖြင့် ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်တွေကို ဘာသာပြန်ဆိုပြီး ထုတ်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။

အဓိကလူမျိုးရှစ်မျိုး၊ အခြားမျိုးနွယ်စု ၃၂ စုနဲ့ပတ်သက်တဲ့ နောက်ခံသမိုင်း၊ တည်နေရာ၊ ထင်ရှားတဲ့နေရာတွေ၊ ရိုးရာပွဲတော်တွေ၊ အကတွေ၊ သဘာဝသယံဇာတတွင်းထွက်တွေ၊ ရိုးရာအစားအသောက်တွေအစရှိတဲ့ အချက်အလက်တွေပါဝင်တဲ့ လက်ကမ်းစာစောင်တွေကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေပြီးဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ လူမျိုးနွယ်စုတွေရဲ့အကြောင်းကိုထုတ်ဝေနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ အဓိကလူမျိုးရှစ်မျိုးရဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေ၊ အသုံးအဆောင်တွေနဲ့ ရိုးရာတူရိယာပစ္စည်းတွေကို လူရုပ်တုတွေနဲ့လည်းကောင်း၊ လူမျိုးစုတွေရဲ့ ဒေသဆိုင်ရာရှုခင်းနဲ့ နောက်ခံပန်းချီကားတွေကို လည်းကောင်း ဝန်ကြီးဌာန ပြခန်းမှာ ခင်းကျင်းပြသထားပြီး ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညှိနှိုင်းဆောင်ရွက်ရာ (ညှိ့ကြို့ဆောင်လှေကားနံရံနဲ့) — 



တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်နေမှုကို တွေ့ရစဉ်။



*အချပ်ပို(ဃ)သို့*



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ချင်းပြည်နယ်ရုံးဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**တိုင်းရင်းသားတွေရဲ့လူမှုဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ ဖွံ့ဖြိုးရေးနဲ့ ငြိမ်းချမ်းရေးဟာ ဒွန်တွဲနေပါတယ်။ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှလည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မှာဖြစ်**

*အချပ်ပို(ဂ)မှ*

အဓိကကတော့ တိုင်းရင်းသားတွေရဲ့စကား၊ စာပေ၊ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ဖို့ဆိုတဲ့အပိုင်း၊ နိုင်ငံတော်ပညာရေးမူဝါဒတွေကို မထိခိုက်ဘဲ သူတို့ရဲ့စာပေတွေကို သင်ကြားသင်ယူနိုင်ဖို့ဆိုတဲ့အပိုင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ တိုင်းရင်းသားကိုယ်စားလှယ်တွေ ပါဝင်ခွင့်ပြုဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေ၊ တိုင်းရင်းသားတွေရဲ့ သမိုင်းဖြစ်စဉ်တွေကို ထုတ်ဖော်ခွင့်နဲ့ အမွေအနှစ်တွေကို ထိန်းသိမ်းခွင့်ဆိုတာတွေ ပါဝင်ပါတယ်။ အားလုံးပေါင်း ၁၀ ချက်ပါပါတယ်။ ဒါ့အပြင် သယံဇာတတူးဖော်တဲ့ကိစ္စမျိုးတွေ၊ စီမံကိန်းကြီးတွေ ပြုလုပ်တဲ့အခါ တိုင်းရင်းသားတွေရဲ့ သဘောတူညီမှုရယူပြီး ဆောင်ရွက်ရမယ်ဆိုတဲ့ အပိုင်းတွေလည်း ပါပါတယ်။

ဒါတွေက တိုင်းရင်းသားအားလုံးရဲ့အခွင့်အရေးပါ။ ဒီလို အခွင့်အရေး ဆောင်ရွက်တဲ့အခါမှာ လက်ရှိတည်ဆဲဥပဒေတွေနဲ့ နိုင်ငံတော် လုံခြုံရေးကို မထိခိုက်ဖို့၊ ရပ်ရွာအေးချမ်းသာယာရေးကို မထိခိုက်ဖို့ အပိုင်းတွေလည်းရှိပါတယ်။ ဒီအခွင့်အရေးတွေကို စနစ်တကျနဲ့ရရှိဖို့၊ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ချိုးဖောက်ခံရပြီဆိုရင် စနစ်တကျနဲ့တင်ပြပြီး ဖြေရှင်းဆောင်ရွက်နိုင်ဖို့ကို မိမိတို့ဦးစီးဌာနက ပါဝင်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

**ဆလိုင်းဟာကီး**
**ချင်းတိုင်းရင်းသား**



တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပေါ်လာတာ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးအတွက် ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက တိုင်းရင်းသားအများကြီးရှိထားတဲ့နိုင်ငံ ဖြစ်တယ်။ တိုင်းရင်းသားအားလုံးအတွက် အလုပ်လုပ်မယ့် ဝန်ကြီးဌာနတစ်ခုကတော့ ကျွန်တော်တို့နိုင်ငံမှာ ရှိသင့်တယ်လို့ ကျွန်တော်မြင်တယ်။

တိုင်းရင်းသားများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေကတော့ ရှိသင့်ပါတယ်။ ဒီဥပဒေထွက်ပေါ်လာခြင်းအားဖြင့် ကျွန်တော်တို့ တိုင်းရင်းသားဒေသအသီးသီးမှာ ခံစားခွင့်၊ ရပိုင်ခွင့်တွေကို လွတ်လွတ်လပ်လပ် အားလုံးရရှိခံစားနိုင်ကြမယ်လို့ ကျွန်တော်ထင်တယ်။

စာပေကတော့ လူမျိုးအားလုံးရဲ့ အသက်ဖြစ်တယ်။ စာပေက လူမျိုးတိုင်းအတွက် လိုအပ်တယ်။ စာပေမရှိရင် ကြာရှည်တည်တံ့မှုကို ကျွန်တော်တို့ ထိန်းသိမ်းနိုင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားအများကြီးရှိတယ်။ တိုင်းရင်းသားမျိုးနွယ်စုအကြီးတွေကနေ တိုင်းရင်းသားမျိုးနွယ်စု အသေးတွေရှိတယ်။ ဒါတွေအားလုံးကို စုံစုံလင်လင်ထိန်းသိမ်းချင်တယ်ဆိုရင် စာပေကို ဘာပဲဖြစ်ဖြစ် ထိန်းသိမ်းပေးရမှာဖြစ်တယ်။ အဲဒီအတွက် စာပေသင်ကြားပေးခြင်းက အဓိကကျတယ်။ ဒါကြောင့် တိုင်းရင်းသားတွေရဲ့ စာပေကို မြှင့်တင်ပေးဖို့အတွက် ဒီဝန်ကြီးဌာနက လုပ်ပေးမယ်ဆိုရင် ကျွန်တော်တို့အားလုံးအနေနဲ့ ကြိုဆိုရမယ့်ကဏ္ဍပဲဖြစ်တယ်။

လက်ကမ်းစာစောင်တွေကို အများကြီး တိုင်းရင်းသားစာပေတွေနဲ့ ထုတ်စေချင်တယ်။ ဒီခေတ်မှာ ကိုယ့်တိုင်းရင်းသားစာပေကို မတတ်တဲ့ တိုင်းရင်းသားလူငယ်တွေ အများကြီးရှိနေပြီ။ ဒီလူငယ်တွေက ကိုယ့်တိုင်းရင်းသား ဘာသာစကားကို ပြန်လည်ရင်းနှီးဖို့က ဒီလက်ကမ်းစာစောင်တွေက အများကြီးအထောက်အကူဖြစ်စေမှာဖြစ်တယ်။ ဗမာစကား၊ ဗမာစာမတတ်တဲ့ ကျွန်တော်တို့ရဲ့ သက်ကြီးရွယ်အို၊ ဘိုးဘွားတွေကလည်း တိုင်းရင်းသားဘာသာစကားနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပိုစတာတွေ၊ အသိပညာပေးပိုစတာတွေကို ကြည့်ခြင်းအားဖြင့် သူတို့ ဘယ်လိုနေထိုင်ရမယ်ဆိုတာ သူတို့ဆင်ခြင်လို့ရနိုင်မယ်။

ကိုယ့်တိုင်းရင်းသားဘာသာစကားနဲ့ ပိုစတာတွေ၊ ပညာရေးကဏ္ဍဖြစ်ဖြစ်၊ ကျန်းမာရေးကဏ္ဍဖြစ်ဖြစ် ထုတ်ပေးနိုင်မယ်ဆိုရင် ပိုပြီးတော့အဆင်ပြေလာမယ်။ ကိုယ့်တိုင်းရင်းသား ဘာသာစကားကို မဖတ်တတ်တဲ့ကလေးတွေကလည်း အဲဒါတွေကို ကြည့်ခြင်းအားဖြင့် အလွယ်တကူဖတ်တတ်လာမယ်။ ဗမာစကားနားမလည်တဲ့ သက်ကြီးရွယ်အိုတွေကလည်း အဲဒါတွေကြည့်ခြင်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြောင်းလဲလာနိုင်မယ်လို့ ထင်တယ်။ အဲဒါကြောင့် ဒီဗီနိုင်းတို့၊ ပိုစတာတို့ဆိုတာ ကိုယ့်တိုင်းရင်းသားဘာသာစကားနဲ့ ထုတ်ပြန်ပေးဖို့က ကျွန်တော့်အနေနဲ့ အားရဝမ်းသာကြိုဆိုရမှာပါ။

တိုင်းရင်းသားလူမျိုးအားလုံးမှာ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ အမျိုးသားနေ့တို့၊ ပြည်နယ်နေ့တို့ရှိပါတယ်။ ဒီလို အမျိုးသားနေ့ဆိုတာ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေအသီးသီးနဲ့



လီဆူရိုးရာ နှစ်သစ်ကူးပွဲတော်နှင့် ပူတာအိုမြို့နယ် လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ နှစ် (၆၀) ပြည့်ပွဲတော် မုခ်ဦးဖွင့်ပွဲကို ၁၆-၁-၂၀၁၈ ရက်က ကျင်းပစဉ်။

သက်ဆိုင်တဲ့နေ့တွေ ဖြစ်တယ်။ အဲဒီတိုင်းရင်းသားတွေနဲ့ သက်ဆိုင်တဲ့နေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့က ကျွန်တော်တို့အားလုံးက မျှော်လင့်ထားတာဖြစ်တယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်ရဲ့အမျိုးသားနေ့တွေကို စည်စည်ကားကား မကျင်းပနိုင်ခဲ့တဲ့ ခုနှစ်တွေလည်းရှိခဲ့တယ်။ ဒီနောက်ပိုင်းမှာတော့ ကိုယ့်အမျိုးသားနေ့တွေကို အားလုံးက ပြန်လည်ကျင်းပလာနိုင်တယ်။ နိုင်ငံတော်အကြီးအကဲတွေလည်း တက်ရောက်နိုင်ကြတဲ့အခါကျတော့ ဂုဏ်ယူပါတယ်။ ကျွန်တော်က ချင်းတိုင်းရင်းသားတစ်ယောက်အနေနဲ့ဆိုရင် ချင်းအမျိုးသားနေ့မှာ နိုင်ငံတော်အကြီးအကဲတွေ တက်ရောက်တယ်ဆိုရင် ဝမ်းသာတယ်၊ ဂုဏ်ယူတယ်။

**စိုင်းထွန်းမင်းလတ်**
**ရှမ်းတိုင်းရင်းသား**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပေါ်လာတာကို တိုင်းရင်းသားတစ်ယောက်အနေနဲ့ ကြိုဆိုတယ်။ အရင်တုန်းက တိုင်းရင်းသားအခွင့်အရေးတွေ၊ လုပ်ပိုင်ခွင့်တွေ မရှိခဲ့တာတွေလည်း ရှိတယ်။ အခုဒီဝန်ကြီးဌာနအသစ် ပေါ်လာပြီဆိုတော့ တိုင်းရင်းသားတွေအနေနဲ့ လုပ်ပိုင်ခွင့်တွေရနိုင်မယ်လို့ ကျွန်တော်ထင်တယ်။

တိုင်းရင်းသား ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ၂၀၁၅ တုန်းက ပြဋ္ဌာန်းတယ်။ နည်းဥပဒေက အခုပြဋ္ဌာန်းဖို့ရေးဆွဲနေတယ်။ တကယ်လို့ ဒီနည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီဆိုရင် နိုင်ငံတော်ရဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို မဆန့်ကျင်တဲ့ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ ဘာသာတွေကို ပိုပြီးတော့ လွတ်လပ်စွာ လုပ်ဆောင်နိုင်မယ်လို့ ထင်ပါတယ်။

လက်ကမ်းစာစောင်တွေနဲ့ ပတ်သက်ပြီးတော့ တချို့နယ်ဝေးဘက်မှာတော့ မရောက်ဘူးပေါ့၊ နီးစပ်ရာတွေလောက်ပဲ၊ ဒါပေမယ့် ကိုယ့်ရဲ့ ဘာသာစကားနဲ့ ဖော်ပြတယ်ဆိုတာ တကယ်ကောင်းတဲ့အချက်ပါပဲ။ ဘာလို့လဲဆိုတော့ ကိုယ်က တိုင်းရင်းသားတစ်ယောက်၊ ကိုယ့်ရဲ့စကားနဲ့ ဖော်ပြတယ်ဆိုရင် ပိုပြီးတော့ ထိရောက်တာပေါ့။

ရှမ်းပြည်နယ်က ကျယ်တယ်။ တိုင်းရင်းသားပေါင်းစုံနေတယ်။ ဆရာ၊ ဆရာမတွေခန့်ထားတဲ့နေရာမှာ နည်းနည်းတော့ အားနည်းတယ်လို့ ပြောချင်တယ်။ တချို့ခန့်ထားတယ်ဆိုတာက စိစစ်ပြီးတော့ ခန့်ထားတာမဟုတ်ဘူး။ တချို့စာပေသင်တဲ့ ဆရာမက ကိုယ်ကိုယ်တိုင်လည်း တိတိ



ကျကျ ထဲထဲဝင်ဝင်မသိဘူး။ ဖြစ်စေချင်တာက အခြေခံပညာကျောင်းမှာခန့်မယ့် တိုင်းရင်းသားဆရာ၊ ဆရာမတွေကို ယဉ်ကျေးမှုကလာတဲ့ ဆရာ၊ ဆရာမတွေကို ခန့်ပေးစေချင်တာပေါ့။ ထဲထဲဝင်ဝင်သိမှ ကလေးတွေကိုသင်တဲ့အခါ ပိုပြီးတော့ ထိရောက်တယ်လို့ပြောချင်ပါတယ်။ စာပေဆိုတာ လူမျိုးတစ်မျိုးရဲ့အသက်သွေးကြောလို့ ပြောရမှာပေါ့။ စာပေပျောက်ရင် လူမျိုးပါပျောက်တယ်လို့ ဆိုရိုးလည်းရှိပါတယ်။ ဒါကြောင့် စာပေက အရေးကြီးတယ်ပေါ့။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပေါ်လာတဲ့အတွက် ကောင်းပါတယ်။ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုတွေနဲ့ ပတ်သက်ပြီး ပိုပြီးတော့တိုးတက်လာမယ်။ ပိုပြီးတော့ ထွန်းကားလာမယ်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုနဲ့ စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး အတူတကွလက်တွဲရင် ငြိမ်းချမ်းရေးကိုရရှိမှာဖြစ်တယ်။

တိုင်းရင်းသားများ၏ အခွင့်အရေးဆိုသည်မှာ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့်အညီ တိုင်းရင်းသားများ၏ ရပိုင်ခွင့်ပင် ဖြစ်သည်။ အခွင့်အရေးကို ရယူမည်ဆိုပါက တာဝန်လည်း တွဲပါလာမည်ဖြစ်သည့်အတွက် အခွင့်အရေးနှင့် တာဝန်ကို ဒွန်တွဲပြီး တူညီသောတန်ဖိုးထားမှ မိမိတို့၏ လူ့အသိုက်အဝန်းသည် တိုးတက်နိုင်မည်ဖြစ်သည့်အတွက် မိမိတို့အားလုံး အခွင့်အရေးနှင့် တာဝန်ကိုသိရှိပြီး မိမိတို့အသိုက်အဝန်း ပြည်ထောင်စုကြီး ငြိမ်းချမ်းတိုးတက်ရန် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အရေးကြီးလှပါသည်။ ။